# ဝေယျာသာဏ္ဍဟ်ဂြိုဟ်နေခင်ဂြိုဟ်

၄၉၈၇

မင်းပူးဦးကြဘာသဆရာတော်
ဝိသုဒ္ဓါရုံဆရာတော်
၄၉၈၇
အုဋ္ဌဖိုရ်ဆရာတော်
လယ်တီဆရာတော်
ရွှေဟင်္သာတောရဆရာတော်
ညောင်လေးပင်တောရဆရာတော်

အရှင်မြတ်တို့ရေးသားစီရင်တော်မူအပ်သော

ရတနာ ၃-ပါး

# ဂုဏ်တော်ဘွင့်ပေါင်းချုပ်

☆

ရ န် ကု န် မြို့
ဟံ သာ ဝ တီ ပိ ဋ ကတ် ပုံ နှိ ပ် တိုက်

H 415—A [ယံနှာ၁၀၀တိ

# နိဒါန်း

တိံသကပ္ပသဟဿမှိ၊ ယံ ဗုဒ္ဓ မဘိပူဇယိံ။
ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ဗုဒ္ဓပူဇာယိဒံ ဖလံ။ ။

ကမ္ဘာသုံးသောင်းထက်၌ ပွင့်တော်မူသော သုမေဓာဘုရားသခင်ကို ဂုဏ်တော်တို့ဖြင့်တင်၍ ရှိခိုးပူဇော်ခဲ့လေပြီ၊ ထိုသို့ပူဇော်ခဲ့သော ဘဝမှစ၍ ကမ္ဘာသုံးသောင်းတိုင်တိုင် အပါယ်ဒုဂ္ဂတိဘဝသို့မလားခဲ့ရပေ၊ ဤသို့ ဘဝသုံးသောင်းတိုင်တိုင် ဒုဂ္ဂတိဘဝသို့ မလားမရောက်ရခြင်းသည် ဘုရားသခင်ကို ဂုဏ်တော်တို့ဖြင့်တင်၍ ရှိခိုးပူဇော်ခဲ့ခြင်း၏ အကျိုးဖလပင်ဖြစ်ပေတော့သည်။

အထက်ပါ စန္ဒမာလိယထေရာပဒါန်ဂါထာကိုထောက်၍ ဘုရား, တရား, သံဃာဟူသော ရတနာ ၃-ပါးတို့၏ ဂုဏ်တော်တို့သည် ရှိခိုးပူဇော်ဖူးမျှော်ရာ၌ မည်မျှအရေးပါသည်၊ မည်မျှတာသွားသည်၊ မည်မျှ အကျိုးပေးဖွံ့ဖြိုးသည်ကိုသိသင့်လှပေသည်၊ ထို့ကြောင့် ဇာတိပိသော-စသော ဘုရာ့ဂုဏ်တော်ပြ ပါဠိ, သွာက္ခာတော-စသော တရာ့ဂုဏ်တော်ပြပါဠိ, သုပ္ပဋိပန္နော-စသော သံဃာ့ဂုဏ်တော်ပြ ပါဠိများသည် ဘုရားဟောပိဋကတ်ပါဠိတော်တိုင်းလိုလိုပင် လာရှိ၍ အဋ္ဌကထာကြီး, ဋီကာကြီးတို့၌လည်း အလေးဂရုပြုကာ အနက်, အဓိပ္ပါယ်ကို အကျယ်တဝင့် ဘွင့်ပြတော်မူခဲ့ကြပေသည်။

မြန်မာပြည်တွင် နေ့, လ အသွင် ပေါ်လွင်ထင်ရှားကျော်ကြားတော်မူသည့်—

# နိဒါန်း

၁။ မင်းပူးဦးသြဘာသဆရာတော်,
၂။ ဝိသုဒ္ဓါရုံဆရာတော်,
၃။ အုဠှမိုရ်ဆရာတော်,
၄။ လယ်တီဆရာတော်,
၅။ ရွှေဟသ်ာတောရဆရာတော်,
၆။ ညောင်လေးပင်တောရဆရာတော်၊

ဤဆရာတော် မထေရ်မြတ်ကြီးများသည် ပါဠိမတတ်သည့် မြန်မာပြည်သူ ပြည်သားတို့အား ရတနာ ၃-ပါးဂုဏ်ကို အပြည့်အစုံသိပြီးမှ ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်ကြစေရန် မြန်မာဘာသာဖြင့် အနက်အဓိပ္ပါယ် စုံအောင် ဘွင့်ပြတော်မူခဲ့ကြလေပြီ။

ဤဆရာတော်တို့ အသီးသီး ဘွင့်ပြတော်မူခဲ့ကြသော ဂုဏ်တော်ဘွင့်များသည် သိတံမရှိသောပန်းပမာ တကွဲတပြားစီဖြစ်နေသဖြင့် အကျဉ်းအလိုရှိသူ, အကျယ်အလိုရှိသူ, စကားပြေ အလိုရှိသူ,ကာရန် စကားစပ်အလိုရှိသူ, ကဗျာလင်္ကာအလိုရှိသူတို့ လိုရာလိုရာ အလွယ်တကူ ကျက်မှတ်ယူနိုင်ကြစေရန် ''ဂုဏ်တော်ဘွင့်ပေါင်းချုပ်''ဟူသော အမည်ဖြင့် စာတအုပ်တည်းပြုလုပ်၍ ရှင်းလင်း သေသပ်သော အထားအသို, အပိုအလိုမရှိသောပုဒ်ပါဠ်, အဖြတ်အရပ် ကျနသေချာ၍ အက္ခရာပုဒ်ဗျည်း မလိပ်လည်း စေရအောင် ပါဠိဆရာကြီး ဦးခင်စိုး [သာသနဓဇသိရိပဝရ ဓမ္မာစရိယ]အမှူးရှိသော ဟံသာဝတီ ပါဠိဆရာအဖွဲ့အား ကောင်းစွာသုတ်သင် ပြင်ဆင်စေကာ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိအပ်သည်ဖြစ်ပါကြောင်း။

**''ဟံသာဝတီ''**

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| **ဦးဩဘာသဂုဏ်တော်ဘွင့်** | | |
| ဘုရားဂုဏ်တော် ၉-ပါး | .... | ၁ |
| ဘုရားဂုဏ်တော်ဘွင့်အကျဉ်း | ... | ၂ |
| ဘုရားဂုဏ်တော်ဘွင့်အကျယ် | ... | ၁၀ |
| အရဟံဂုဏ်တော်အနက် ၅-ပါး | .... | ၁၀ |
| သမ္မာသမ္ဗုဒ္ဓဂုဏ်တော် | ... | ၂၀ |
| ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် | .... | ၂၃ |
| သုဂတဂုဏ်တော်အနက် ၅-ပါး | ... | ၃၉ |
| လောကဝိဒူဂုဏ်တော် | ... | ၄၂ |
| *အနုတ္တရဂုဏ်တော် | .... | ၆၂ |
| *ပုရိသဒမ္မသာရထိဂုဏ်တော် | ... | ၆၄ |
| အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် | ... | ၆၈ |
| သတ္ထာဒေဝမနုဿာနဂုဏ်တော်အနက် ၂-ပါး | ... | ၆၉ |
| ဗုဒ္ဓဂုဏ်တော်အနက် ၂-ပါး | .... | ၇၁ |
| ဘဂဝါဂုဏ်တော်အနက် ၈-ပါး | ... | ၇၄ |
| ရှိခိုးခြင်း-ဝန္ဒနာ | .... | ၈၆ |
| ဆုတောင်းပတ္ထနာ ၁၁-ပါး | .... | ၈၈ |
| အမျှပေးဝေခြင်း | ... | ၉၆ |
| အာသီသ | ... | ၉၆ |
| တရားဂုဏ်တော် ၆-ပါး | .... | ၉၇ |
| တရားဂုဏ်တော်ဘွင့်အကျဉ်း | ... | ၉၈ |
| တရားဂုဏ်တော်ဘွင့်အကျယ် | .... | ၁၀၂ |
| သွာက္ခာတဂုဏ်တော်အနက် ၄-ပါး | ... | ၁၀၂ |
| သန္ဒိဋ္ဌိကဂုဏ်တော်အနက် ၃-ပါး | .... | ၁၀၈ |

မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|
| အကာလိကဂုဏ်တော် | ... | ၁၀၉ |
| ဧဟိပဿိကဂုဏ်တော် | ... | ၁၁၀ |
| ဩပနေယျိကဂုဏ်တော် | ... | ၁၁၁ |
| ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် | .... | ၁၁၁ |
| သံဃာ့ဂုဏ်တော် ၉-ပါး | ... | ၁၁၂ |
| ရှိခိုးခြင်း-ဝန္ဒနာ | ... | ၁၁၇ |
| **ဝိသုဒ္ဓါရုံဂုဏ်တော်ဘွင့်** | | |
| ဘုရားဂုဏ်တော် ၉-ပါး | ... | ၁၁၉ |
| ဘုရားဂုဏ်တော် ၉-ပါး အကျဉ်းချုပ် | ... | ၁၃၅ |
| တရားဂုဏ်တော် ၆-ပါး | ... | ၁၃၆ |
| သံဃာ့ဂုဏ်တော် ၉-ပါး | ... | ၁၃၉ |
| **အုန်းဖိုရဲဂုဏ်တော်ဘွင့်** | | |
| ဘုရားဂုဏ်တော် ၉-ပါး | ... | ၁၄၃ |
| တရားဂုဏ်တော် ၆-ပါး | ... | ၁၅၀ |
| သံဃာ့ဂုဏ်တော် ၉-ပါး | ... | ၁၅၄ |
| **လယ်တီဂုဏ်တော်ဘွင့်** | | |
| နမောတဿပါဠိအနက် | ... | ၁၅၉ |
| သရဏဂုံပါဠိအနက် | ... | ၁၅၉ |
| ငါးပါးသီလပါဠိအနက် | .... | ၁၆၀ |
| ဘုရားဂုဏ်တော် ၉-ပါး | .... | ၁၆၁ |
| တရားဂုဏ်တော် ၆ ပါး | ... | ၁၆၄ |
| သံဃာ့ဂုဏ်တော် ၉-ပါး | ... | ၁၆၆ |
| အာဝေဏိကဂုဏ်တော်ဘွင့် | .... | ၁၆၉ |
| အာဝေဏိကဂုဏ်တော်ဘွင့်အနက် | .... | ၁၇၁ |
| ယောကျ်ားကလေးများဆုတောင်း | .... | ၁၈၁ |
| မိန်းကလေးများဆုတောင်း | ... | ၁၈၂ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|

## ရွှေဟင်္သာတောရဂုဏ်တော်ဘွဲ့

| | | |
|---|---|---|
| ဘုရားဂုဏ်တော် ၉-ပါး လင်္ကာ | ... | ၁၀၅ |
| တရားဂုဏ်တော် ၆-ပါး လင်္ကာ | ... | ၁၀၆ |
| သံဃာ့ဂုဏ်တော် ၉-ပါးသင်္ကာ | .... | ၁၀၇ |

## ညောင်လေးပင်ဂုဏ်တော်ဘွဲ့

| | | |
|---|---|---|
| ဘုရားဂုဏ်တော် ၉-ပါး | ... | ၁၀၉ |
| တရားဂုဏ်တော် ၆-ပါး | ... | ၁၉၀ |
| သံဃာ့ဂုဏ်တော် ၉-ပါး | .... | ၁၉၁ |

# ဂုဏ်တော်ဘွင့်ပေါင်းချုပ်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## ဦးဩဘာသဂုဏ်တော်ဘွင့်

### ဘုရားဂုဏ်တော်၉-ပါး

ယော သော ဘဂဝါ သမတိံသပါရမိယော ပူရေတွာ သဗ္ဗကိလေသေ ဘိန္ဒိတွာ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါ၊ ရာဇာနံ အတိရာဇာ ဒေဝါနံ အတိဒေဝေါ သက္ကာနံ အတိသက္ကော ဗြဟ္မာနံ အတိဗြဟ္မာ လောကနာထော။ ဘဂျဝန္တာဒီဟိ ကာရဏေဟိ ဘဂဝါတိ လဒ္ဓနာမော သော ဘဂဝါ—

၁။ ဣတိပိ အရဟံ၊
၂။ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
၃။ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

၄။ ဣတိပိ သုဂတော၊
၅။ ဣတိပိ လောကဝိဒူ၊
* ဣတိပိ အနုတ္တရော၊
* ဣတိပိ ပုရိသဒမ္မသာရထိ၊
၆။ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊
၇။ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
၈။ ဣတိပိ ဗုဒ္ဓေါ၊
၉။ ဣတိပိ ဘဂဝါတိ–
ဥတ္တမင်္ဂေ ထပေတွာန ယာဝဇီဝံ နမာမိ သိရသာမဟံ။

---

## ဘုရားဂုဏ်တော်ဘွင့် အကျဉ်း

### အမည်နာမတော်

ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ သမတိံသ ပါရမိယော၊ အမျှသုံးဆယ်သော ပါရမီတော်တို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ သဗ္ဗကိလေသေ၊ ညစ်ညူးကြောင်း, ပူပန်ကြောင်းဖြစ်သော တထောင့်ငါးရာ ကိလေသာတို့ကို။ ဘိန္ဒိတွာ၊ ချိုးဖွဲ့ ဖျက်ဆီးတော်မူပြီး၍။ သမ္မာသမ္ဗောဓိံ၊ သဗ္ဗညုတဉာဏ်၏ အာရုံဖြစ်သောတရားအပေါင်းကို။ အဘိသမ္ဗုဒ္ဓေါ၊ သိတော်မူပြီ။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ရာဇာနံ၊ မင်းတကာတို့တွင်။ အတိရာဇာ၊ အလွန်မြတ်သောမင်းလည်းဖြစ်တော်မူ၏။ ဒေဝါနံ၊ နတ်တကာတို့တွင်။ အတိဒေဝေါ၊ အလွန်မြတ်သောနတ်လည်းဖြစ်တော်မူ၏။ သက္ကာနံ၊သိကြားတကာတို့တွင်။ အတိသက္ကော၊ အလွန်မြတ်သောသိကြား

မင်းလည်းဖြစ်တော်မူ၏။ ဗြဟ္မာနံ၊ ဗြဟ္မာတကာတို့တွင်။ အတိဗြဟ္မာ၊ အလွန်မြတ်သော ဗြဟ္မာမင်းလည်းဖြစ်တော်မူ၏။ လောကနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာလည်းဖြစ်တော်မူ၏။

ဘဂျဝန္တာဒီဟိ၊ ဘုန်းကြက်သရေ အစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ဘဂဝါတိ လဒ္ဓနာမော၊ ဘဂဝါဟုရအပ်သော အမည်တော်လည်း ရှိထသော။ ယော ဘဂဝါ၊ အကြင်မြတ်စွာ ဘုရားသည်။အတ္ထိ၊ ရှိ၏။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်-

### ၁။ အရဟံအနက် ၅-ပါး

(၁) ဋ္ဌတိပိ ဋ္ဌမိနာ စ ကာရဏေန၊ ဤသို့ကိလေသာတို့မှ ဝေးတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

(၂) ကိလေသာတည်းဟူသော ရန်သူတို့ကို ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၃) သံသရာစက်၏အကန့်တို့ကို ချိုးဖွဲ့ဖျက်ဆီးတော် မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၄) ပစ္စည်းလေးပါးစသည်တို့ကို ခံခြင်းငှါ ထိုက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၅) ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုတို့ကို ပြုခြင်းငှါ မထိုက်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။အရဟံ၊ အရဟမည်တော်မူ၏။

### ၂။ သမ္မာသမ္ဗုဒ္ဓအနက် ၃-ပါး

(၁) ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့ သင်္ခတ,အသင်္ခတ အားဖြင့်ပြားသော တရားအပေါင်းတို့ကို အလိုလိုသာလျှင် ပါရမီတော်ကြောင့် ဖြစ်သော သယမ္ဘူဉာဏ်ဖြင့် မဘောက်မပြန် သိမြင်တော်မူပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၂) ဝါသနာနှင့်တကွသော မောဟသာလျှင်ဖြစ်သော အိပ်ပျော်ခြင်းမှ စင်စစ်ကောင်းစွာ နိုးတော်မူပြီးသည်၏အဖြစ်ကြောင့်လည်းကောင်း။

(၃) နေရောင်ခြည်နှင့်ပေါင်းဘော်ရသော ပဒုမာကြာကဲ့သို့ အရဟတ္တမဂ်ဉာဏ်နှင့်ပေါင်းဘော်ရသဖြင့် ကောင်းစွာပွင့်ခြင်းသို့ရောက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

### ၃။ ဝိဇ္ဇာစရဏအနက်

ဣတိပိ ဣမိနာစ ကာရဏေန၊ဤသို့ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး,စရဏတဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်လည်း။

သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

### ၄။ သုဂတအနက် ၅-ပါး

(၁) ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ တင့်တယ်စွာ သွားတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

(၂) ကောင်းသောအရပ်သို့ သွားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၃) မဘောက်မပြန် သွားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၄) ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် မဘောက်မပြန် လာတော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။

(၅) ခြောက်ခွန်းသောစကားတို့တွင် စကား ကောင်းနှစ်ခွန်းကိုသာ ဆိုတော် မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ သုဂတော၊ သုဂတမည်တော်မူ၏။

## ၅။ လောကဝိဒူအနက်

ဋ္ဌတိပိ ဋ္ဌမိနာစ ကာရဏေန၊ ဤသို့ သင်္ခါရလောက, သတ္တလောက,ဩကာသလောကဟု ဆိုအပ်သော လောကသုံးပါးတို့ကို ကိစ္စသဘောအားဖြင့်လည်းကောင်း,ကိစ္စသဘော၏အကြောင်းအားဖြင့် လည်းကောင်း, ချုပ်ရာအားဖြင့် လည်းကောင်း, ချုပ်ခြင်း၏ အကြောင်းအားဖြင့် လည်းကောင်း အကြွင်းမဲ့ သိတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။

သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်၊ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။

### ၆။ အနုတ္တရောပုရိသဒမ္မသာရထိအနက် ၃-ပါး

(၁) ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သီလ,သမာဓိအစရှိသောဂုဏ်တို့ဖြင့် ကိုယ်တော်ထက် ထူးမြတ်သောသူ,ကိုယ်တော်နှင့်တူသောသူရှိတော်မမူသည်၏ အဖြစ်ကြောင့်လည်း။ သော ဘဂဝါ၊-သည်။ အနုတ္တရော၊ အနုတ္တရမည်တော်မူ၏။

(၂) ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ပမာနအားဖြင့် လူယောက်ျား, နတ်ယောက်ျား, တိရစ္ဆာန်ယောက်ျားတို့ကို ဆုံးမတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ သော ဘဂဝါ၊-သည်။ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိမည်တော်မူ၏။

(၃) တနည်းကား- မယဉ်ကျေးသောသူ, ယဉ်ကျေးပြီးသောသူတို့ကို အတုမရှိ ဆုံးမတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။

သော ဘဂဝါ၊-သည်။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏။

### ၇။ သတ္ထာဒေဝမနုဿာနအနက် ၂-ပါး

(၁) ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ နတ်လူတို့၏ ဆရာ ဖြစ်တော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

(၂) လှည်းကုန်သည်တို့ကို ခရီးခဲမှဘေးလွတ်ရာသို့ ထုတ်ဆောင်တတ်သောလှည်းမှူးကဲ့သို့ သတ္တဝါတို့ကို ဇာတိကန္တာရ အစရှိသည်မှ ဘေးလွတ်ရာ နိဗ္ဗာန်သို့

ထုတ်ဆောင်တော် မူတတ်သည်၏ အဖြစ်ကြောင့်
လည်းကောင်း။

သော ဘဂဝါ၊-သည်။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝ မနုဿာနမည်တော်မူ၏။

ဂ။ ဗုဒ္ဓအနက် ၂-ပါး

(၁) ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့သဗ္ဗညုတဉာဏ်ဖြင့် ခြေ ယျဓံတရားငါးပါးတို့ကို သိတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၂) အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရားတို့ကို သိတတ်, သိစေတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

သော ဘဂဝါ၊-သည်။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူ၏။

ဃ။ ဘဂဝါအနက် ၈-ပါး

(၁) ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော တန်ခိုးတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၂) သုံးပါးသောဝိဟာရ, သုံးပါးသောဝိဝေက, သုံးပါးသောမဂ်၊ ဤမှတပါးသောလောကီ,လောကုတ္တရာအားဖြင့်ပြားသော အဘိညာဏ်, သမာပတ်တို့ကို ဆည်းကပ်တော် မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

(၃) ပစ္စည်းလေးပါးတို့ကို ခံခြင်းငှါထိုက်သော အဘို ရှိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

(၄) အလုံးစုံသောတရားတို့ကို ဝေဘန်ခွဲခြမ်း၍ ဟောတော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။
(၅) မာရ်ငါးပါးတို့ကို ချိုးဖဲ့ ဖျက်ဆီးတော် မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။
(၆) ဒါန,သီလအစရှိသောပါရမီတော်၏ အထွတ်သို့ရောက်သောဘုန်းတော်နှင့်ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။
(၇) ဘဝ၏အဆုံးဖြစ်သော နိဗ္ဗာန်သို့ သွားတော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။
(၈) ရှိသေလေးမြတ်အပ်သော ကျေးဇူးနှင့်ယှဉ်သည်ဖြစ်၍ လူနတ်တို့၏အလေးအမြတ်ပြုရာ ဆရာဖြစ်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

သော ဘဂဝါ၊-သည်။ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

## ရှိခိုးခြင်း-ဝန္ဒနာ

ဇုတိ-ဇုမေဟိ ဇုဏောဟိ၊ ဤအရဟံအစရှိသော ဂုဏ်တော်တို့ဖြင့်။ သဒေဝကံ၊ နတ်ပြည်ငါးရပ်နှင့်တကွ။သမာရကံ၊ ဝသဝတ္တီနတ်ပြည်နှင့်တကွ။ သဗြဟ္မကံ၊ ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွ။ လောကံ၊ လောကသုံးပါးကို။ အာဗျာပေတွာ၊ နှံ့စေ၍။ အဘိဘဝိတွာ၊ နှိပ်နင်း၍။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း,ပုဏ္ဏားနှင့်တကွဖြစ်သော။ သဒေဝမနုဿာယ၊ မင်းတည်းဟူသော သမုတိနတ်ရှိသော လူနှင့်တကွသော။ ပဇာယ၊ သတ္တလောက၌။ ဥဂ္ဂတံ၊ ကျော်စောတော်မူထသော။တထာဂတံ၊ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းသော မြတ်စွာဘုရားကို။ အဟံ၊

အကျွန်ုပ်သည်။ ဥတ္တမင်္ဂေ၊ မြတ်သောအင်္ဂါဟု သမုတ်အပ်သောဦးခေါင်းထက်၌။ ထပေတွာန၊ကိုးကွယ်သောအားဖြင့် အခါခပ်သိမ်းထား၍။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။သိရသာ။ ဦးဖြင့်။ နမာမိ၊ ရှိသေစွာရှိခိုးပါ၏။

ဆုတောင်း–ပတ္ထနာ

ဣမိနာ ပုညကမ္မေန၊ဤသို့ မြတ်စွာဘုရားဂုဏ်တော်ကို ချီးမွမ်း၍ ရှိခိုးကိုးကွယ်ရသော ကောင်းမှုအစွမ်းဖြင့်။ယာဝ နိဗ္ဗာနပါပကံ၊ နိဗ္ဗာန်သို့ရောက်သည်တိုင်အောင်။ ပသတ္ထ-သမုဒါယေန၊ ချီးမွမ်းအပ်သောဘုန်း,ချီးမွမ်းအပ်သောပဋိသန္ဓေ, ချီးမွမ်းအပ်သော အမျိုး, ချီးမွမ်းအပ်သော အသက်အရွယ်,အဆင်းသဏ္ဍာန်, စည်းစိမ်ချမ်းသာ, ပညာခွန်အား, ချီးမွမ်းအပ်သောဆရာအမှီ, ချီးမွမ်းအပ်သော အပေါင်းအဘော်, ချီးမွမ်းအပ်သောသားမြေး ကျေးကျွန် အခြွေအရံ, ချီးမွမ်းအပ်သောအယူ, ချီးမွမ်းအပ်သော အတတ်,ချီးမွမ်းအပ်သော အလှူသီတင်းအစရှိသည်ဖြင့် များသောတရားအပေါင်း ကောင်းမြတ်သော အကျိုးတို့နှင့်။ သမန္နာဂတော။ပြည့်စုံလျက်။ မေတ္တေယျ၊ အရိမတေည်း မြတ်စွာဘုရားသည်။ သမ္ဗုဒ္ဓေ၊ ပွင့်တော်မူသည် ရှိသော်။ တဿဒသဗလဿ၊ထိုအရိမတေည်းမြတ်စွာဘုရား၏။ ပါဒမူလေ၊ အလုံးစုံသောခြေတော်ရင်း၌။ သာသနံ၊အဆုံးအမတော်ကို။ ပဋိဇာနိတွာ၊ ဝန်ခံ၍။ ဗောဓိပါကံ၊ အရဟတ္တမဂ်ဉာဏ်၏ရင့်ခြင်းကို။ လဘာမိ၊ ရပါလို၏။

[ဤအနက်သည်ကား မကျဉ်းမကျယ် ဉာဏ်လယ်ဉာဏ်လတ်ဖြစ်သူတို့ နှုတ်တက်အာဂုံဆောင်ရွက်နိုင်အောင် ရေးလိုက်သည်။]

## ဘုရားဂုဏ်တော်ဘွင့် အကျယ်

ဥယျောဇင်

ဉာဏ်ကျယ်ဉာဏ်မြတ်ဖြစ်သူတို့ ဆောင်ရွက်ဘို့အကျယ်ဘွင့်၍ ဂုဏ်တော်အနက်ကို ရေးလိုက်ဦးအံ့၊ သတိ,ဝီရိယ,ပညာစွဲမြဲခြင်း ရှိကုန်သော သူတော်ကောင်းတို့သည် သဒ္ဒါပြဋ္ဌာန်းသောမဟာကုသိုလ်ဇောစိတ္တုပ္ပါဒ်ဖြင့် နှုတ်တက်အာဂုံပါအောင်ကျက်မှတ်ဆောင်ရွက်ကြပါစေသတည်း။

### အရဟံဂုဏ်တော် အနက် ၅-ပါး

၁။ ကိလေသာတို့မှကင်းဝေးတော်မူခြင်း

ဇာတိပိ ဇာမိနာစ ကာရဏေန၊ဤသို့ အရဟတ္တမဂ်ဉာဏ်ဖြင့်တကြိမ်မလှန် တဘန်မဖြစ်စေရမှု၍ အကြွင်းမဲ့ဖျက်ဆီးအပ်ပြီးသည်၏အဖြစ်ကြောင့်မဟာကုသိုလ်ဉာဏ်,မဟာဂ္ဂုတ်ကုသိုလ်ဉာဏ်တို့သည် ပယ်အပ်သော ကိလေသာတို့ကဲ့သို့ အခိုက်အတန့်မျှသာ ဝေးသည်မဟုတ်ဘဲ အချင်းခပ်သိမ်းကိလေသာအပေါင်းတို့မှ အလွန်ကောင်းစွာ ဝေးရာ အရပ်၌ တည်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

၂။ ကိလေသာရန်ကို ဖျက်ဆီးခြင်း

ထိုကိလေသာတည်းဟူသောရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ပယ်ဖြတ် နှိပ်စက် ဖျက်ဆီးတော် မူပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။

၃။ သံသရာစက်အကန့်ကို ဖျက်ဆီးခြင်း

ရှစ်ပါးသောအရာတို့၌ မသိတတ်သော မောဟဟု ဆိုအပ်သော အဝိဇ္ဇာ, ဘဝ၌တပ်တတ်သော လောဘဟု ဆို

အပ်သော တဏှာ၊ ဤအဝိဇ္ဇာ,တဏှာ တရားနှစ်ပါးဖြင့် ပြီးသော ပုံတောင်းလည်းရှိထသော။

ကာမာဝစရကုသိုလ်,ရူပါဝစရကုသိုလ်ဟုဆိုအပ်သော ခန္ဓာငါးပါးကိုစီရင်တတ်သော ပုညာဘိသင်္ခါရ၊အကုသိုလ် တဆယ့် နှစ်ခုဟု ဆိုအပ်သော ခန္ဓာငါးပါးကို စီရင်တတ်သော အပုညာဘိသင်္ခါရ၊ အရူပကုသိုလ် လေးခုဟု ဆိုအပ်သော နာမက္ခန္ဓာလေးပါးကို စီရင်တတ်သော အာနေဉ္ဇာဘိသင်္ခါရဟု ဆိုအပ်သော လောကီကုသိုလ်, အကုသိုလ်စေတနာလျှင် ထိုပုံတောင်း၌ အကြောင်းအကျိုး,အာရုံ အာရမ္မဏိကအဖြစ်ဖြင့် ယှက်ငြိခြင်းသတ္တိကြောင့် အကန့်လည်း ရှိထသော။

အိုခြင်းပျက်ခြင်းရွေ့လျောခြင်းလျှင် ထိုသင်္ခါရ တည်းဟူသော အကန့်တို့၏ အဆုံးဖြစ်သောကြောင့် ဇရာမရဏ တည်းဟူသော အကွပ်လည်းရှိထသော။

အဝိဇ္ဇာ အစရှိသည်၏ အကြောင်းဖြစ်၍ မဂ်ရွှေဂေါ တြဘူ တိုင်အောင် ယိုစီးတတ်သော အာသဝေါ တရား လေးပါးတည်းဟူသော ဝင်ရိုးဖြင့်လျှို၍ ဘဝသုံးပါးတည်း ဟူသော ရထား၌ ယှဉ်တွဲဖွဲ့နှောင်အပ်သဖြင့် အစမထင် ကာလပတ်လုံး လည်တတ်သော သံသရာစက်၏ အလုံးစုံ သောအကန့်တို့ကို သဗ္ဗညုတဉာဏ်၏ ကြည်ရာဖြစ်သော ဗောဓိ မဏ္ဍိုင်ဝယ်—

(၁) ဝီရိယတည်းဟူသော ခြေတော်အစုံဖြင့်
(၂) သီလတော်တည်းဟူသော မြေ၌မြဲစွာ ရပ်လျက်
(၃) သဒ္ဓါတည်းဟူသော လက်တော်ဖြင့်

(၄) ကံကုန်ခြင်းကို ပြုတတ်သော အရဟတ္တ မဂ်ဉာဏ် တည်းဟူသော ဉာဏ်သန်လျက်ကို ကိုင်စွဲတော်မူ၍—

အကြွင်းမဲ့ ခုတ်ထွင် ပယ်ဖြတ်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

### ပဋိစ္စသမုပ္ပါဒ်သံသရာစက်

တနည်းကား—အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ, ဥပါဒါန်,ဘဝ,ဇာတိ, ဇရာမရဏ၊ ဤပဋိစ္စသမုပ္ပါဒ်တရားအပေါင်းတို့သည်အကြောင်းအကျိုး အဆက်ဆက် အားဖြင့် မပြတ် လည်တတ်သောကြောင့် သံသရာစက်မည်၏၊ ထိုတရားအပေါင်းတို့တွင်—

### အဝိဇ္ဇာ

အဝိဇ္ဇာသည် အကြောင်းရင်း ဖြစ်သောကြောင့် ပုံတောင်းနှင့်တူ၏၊ ဇရာမရဏသည် အဆုံးဖြစ်သောကြောင့် အကွပ်နှင့်တူ၏၊သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်,ဘဝ,ဇာတိ၊ ဤဆယ်ပါးသော တရားတို့သည် အဝိဇ္ဇာလျှင် အရင်းရှိသောကြောင့်လည်းကောင်း၊ ဇရာမရဏလျှင် အဆုံးရှိသောကြောင့်လည်းကောင်း အလယ်၌ဖြစ်၍ အကန့်နှင့်တူကုန်၏၊ ထိုပုံတောင်းအကွပ်အကန့်တို့တွင်—

(၁) ပုဗ္ဗန္တဟု ဆိုအပ်သော ရှေးအစွန်း,
(၂) အပရန္တဟုဆိုအပ်သော နောက်အစွန်း,
(၃) ပုဗ္ဗန္တာပရန္တဟု ဆိုအပ်သော ရှေးနောက်အစွန်း,

(၄) ပဋိစ္စသမုပ္ပါဒ်,
(၅-၈) သစ္စာလေးပါး၊
ဤရှစ်ပါးသော အရာတို့၌ မသိတတ်သောမောဟ သည် အဝိဇ္ဇာမည်၏။

### အဝိဇ္ဇာ-သင်္ခါရ

ကာမဘုံ၌ ဖြစ်သော အဝိဇ္ဇာသည် ကာမာဝစရ ကုသိုလ်,အကုသိုလ်အားဖြင့် နှစ်ဆယ်ကုန်သော သင်္ခါရတို့ ၏ အကြောင်း၊ ရူပဘုံ၌ဖြစ်သော အဝိဇ္ဇာသည် ရူပါဝစရ ကုသိုလ်ငါးခုဟု ဆိုအပ်သောသင်္ခါရတို့၏အကြောင်း၊အရူပ လေးဘုံ၌ဖြစ်သော အဝိဇ္ဇာသည် အရူပါဝစရကုသိုလ် လေးခုဟု ဆိုအပ်သော သင်္ခါရတို့၏ အကြောင်း။

### သင်္ခါရ-ဝိညာဏ်

ကာမာဝစရ ကုသိုလ်,အကုသိုလ် သင်္ခါရသည် ကာမာ ဝစရပဋိသန္ဓေဝိညာဏ်တဆယ်တို့၏အကြောင်း၊ ရူပါဝစရ ကုသိုလ်သင်္ခါရသည် ရူပါဝစရပဋိသန္ဓေ ဝိညာဏ်ငါးခုတို့၏ အကြောင်း၊ အရူပါဝစရ ကုသိုလ်သင်္ခါရသည် အရူပပဋိ သန္ဓေဝိညာဏ်လေးခုတို့၏အကြောင်း။

### ဝိညာဏ်-နာမ်ရုပ်

ကာမာဝစရပဋိသန္ဓေ ဝိညာဏ်တဆယ်သည် ကာမာ ဝစရစေတသိက် ငါးဆယ့်နှစ်ခု, ရုပ်နှစ်ဆယ့်ရှစ်ခုတို့၏ အ ကြောင်း၊ရူပါဝစရ ပဋိသန္ဓေဝိညာဏ်ငါးခုသည် ရူပါဝစရ စေတသိက်သုံးဆယ့်ငါးခု, ကမ္ဘဇကလာပ်ရုပ် လေးစည်းတို့ ၏အကြောင်း၊ အရူပါဝစရ ပဋိသန္ဓေဝိညာဏ်လေးခုသည် အရူပါ ဝစရ စေတသိက် သုံးဆယ့်သုံးခုတို့၏ အကြောင်း။

### နာမ်ရုပ်-သဠာယတန

ကာမာဝစရနာမ်ရုပ်သည် စက္ခု,သောတ,ဃာန,ဇိဝှါ ကာယ,မန-ဟုဆိုအပ်သော ကာမာဝစရဖြစ်သောအဇ္ဈတ္တိ ကာယတန ခြောက်ပါးတို့၏ အကြောင်း၊ ရူပါဝစရနာမ် ရုပ်သည် ရူပါဝစရဘုံ၌ ဖြစ်သော စက္ခု, သောတ, မန၊ ဤသုံးပါးသော အဇ္ဈတ္တိကာယတနတို့၏ အကြောင်း၊ အရူပါဝစရနာမ်တရားသည် အရူပဘုံ၌ဖြစ်သော မနာယ တနတပါး၏အကြောင်း။

### သဠာယတန-ဖဿ

ကာမဘုံ၌ဖြစ်သောအာယတနခြောက်ပါးသည် ကာမ ဘုံ၌ဖြစ်သော ခြောက်ပါးသော ဖဿ၏အကြောင်း၊ ရူပ ဘုံ၌ဖြစ်သော အာယတနသုံးပါးသည် ရူပဘုံ၌ဖြစ်သော ဖဿသုံးပါး၏ အကြောင်း၊ အရူပဘုံ၌ဖြစ်သော အာယ တနတပါးသည် အရူပဘုံ၌ ဖြစ်သော မနောသမ္ဖဿ၏ အကြောင်း။

### ဖဿ-ဝေဒနာစသည်

ထို့အတူ ဖဿသည် ဘုံအားလျော်စွာ ဝေဒနာခြောက် ပါး၏ အကြောင်း၊ဝေဒနာခြောက်ပါးသည် ဘုံအားလျော် စွာတဏှာ ခြောက်ပါး၏အကြောင်း၊ ဘုံသုံးပါး၌ဖြစ်သော တဏှာခြောက်ပါးသည် ဘုံအားလျော်စွာ ဥပါဒါန်တရား လေးပါး၏ အကြောင်း။

### ဥပါဒါန်-ဘဝစသည်

ဥပါဒါန်သည် ကမ္မဘဝ, ဥပပတ္တိဘဝ ကိုးပါး၏ အကြောင်း၊ ဘဝသည် ဇာတိ၏ အကြောင်း၊ ဇာတိသည် ဇရာမရဏ၏ အကြောင်းဖြစ်၏။

အဘယ်သို့ ဖြစ်သနည်းဟူမူကား- အချို့သော သူသည် ကာမဂုဏ်တို့၌မြဲစွာစွဲလမ်းခြင်းတည်းဟူသောကာမုပါဒါန် ကြောင့် ကိုယ်,နှုတ်,နှလုံးသုံးပါးဖြင့် ဒုစရိုက်တို့ကိုကျင့်၏၊ ထိုသို့ဒုစရိုက်၏ ပြည့်စုံခြင်းကြောင့် အပါယ်လေးဘုံတို့၌ ပဋိသန္ဓေနေလေ၏၊ ထိုအပါယ် ပဋိသန္ဓေကို ဖြစ်စေတတ် သောအကုသိုလ်ကံသည် ကမ္မဘဝမည်၏။

အချို့သော သူသည် သုဂတိဘုံကို တောင့်တသော ကာမုပါဒါန်လျှင် အရင်းရှိသဖြင့် ဒါန,သီလအစရှိသော ကုသိုလ် သုစရိုက်ကိုကျင့်၏၊ ထိုသုစရိုက်၏ ပြည့်စုံခြင်း ကြောင့် ကာမသုဂတိဘုံတို့၌ ပဋိသန္ဓေနေလေ၏၊ ထို သုဂတိ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံသည် ကမ္မဘဝမည်၏။

အချို့သောသူသည် ရူပတဆဲ့ခြောက်ဘုံ၌ ဖြစ်သော ဈာန်,အဘိညာဏ် စည်းစိမ်ကို ခံစားအံ့ဟု မြဲစွာမက်မော စွဲလမ်းခြင်းကာမုပါဒါန်ကြောင့်မေတ္တာ,ကရုဏာ,မုဒိတာ, ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရား လေးပါးတို့ကို လည်းကောင်း၊ ကသိုဏ်းပညတ်, အသုဘသညာ စသည် ကိုလည်းကောင်း ပွားစေ၏၊ ထိုသို့ပွားစေခြင်း ဘာဝနာ ၏ပြည့်စုံခြင်းကြောင့် ရူပါဝစရဗြဟ္မာ့ပြည်တို့၌ ပဋိသန္ဓေ နေလေ၏၊ ထိုရူပပဋိသန္ဓေကို ဖြစ်စေတတ်သော ဘာဝနာ ဖြင့်ပြီးသော မနောကံဟုဆိုအပ်သော ရူပါဝစရကုသိုလ် ကံသည် ကမ္မဘဝမည်၏။

အချို့သောသူသည် အရူပလေးဘုံ၌ဖြစ်သောသမာပတ် စည်းစိမ်ကို ခံစားအံ့ဟု မြဲစွာ မက်မော စွဲလမ်းခြင်း ကာမုပါဒါန်ကြောင့် အာကာသာနဉ္စာယတန အစရှိသော

သမာပတ်ကိုပွားစေ၏၊ ထိုသို့ပွားစေခြင်းဘာဝနာ၏ ပြည့်စုံခြင်းကြောင့် အရူပလေးဘုံတို့၌ ပဋိသန္ဓေ နေလေ၏၊ ထို အရူပပဋိသန္ဓေကို ဖြစ်စေတတ်သော ဘာဝနာဖြင့် ပြီးသော မနောကံဟု ဆိုအပ်သော အရူပါဝစရကုသိုလ်ကံသည် ကမ္မဘဝမည်၏။

### ဘဝနှင့်ဇာတိဇရာမရဏ

ထိုထိုသို့သော ကမ္မဘဝတို့ကြောင့်ဖြစ်သော ခန္ဓာတို့သည် ဥပပတ္တိဘဝမည်ကုန်၏၊ ထိုဥပပတ္တိဘဝ၏ ဖြစ်ဆဲခဏသည် ဇာတိမည်၏၊ရင့်ခြင်းသည် ဇရာမည်၏၊ပျက်ခြင်းသည်မရဏမည်၏၊ ကာမုပါဒါန်မှတပါးသော ဥပါဒါန်သုံးပါးတို့သည်လည်း ထို့အတူ ကမ္မဘဝ၏အကြောင်းဖြစ်ကုန်၏။ အတိတ်ဖြစ်သော သင်္ခါရ၏ အကြောင်းကား အပြစ်ကိုဖုံးလွှမ်းတတ်သောအဝိဇ္ဇာဟုဆိုအပ်သောမောဟတည်း၊အဝိဇ္ဇာ၏ အကြောင်းကား အာသဝေါတရားတည်း၊

### အလွှာ ၄-ပါး

ဤသို့ခပ်သိမ်းကုန်သောပဋိစ္စသမုပ္ပါဒ်တရားတို့၏ကာလသုံးပါးတို့၌ အကြောင်းနှင့်မကင်းသော ဖြစ်ခြင်းရှိသည်ကိုလည်းကောင်း၊ ထိုတရားအပေါင်းတို့တွင်—

၁။ အဝိဇ္ဇာ,သင်္ခါရ၊ ဤနှစ်ပါးသည်တလွှာ။

၂။ ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ၊ ဤငါးပါးသည် တလွှာ။

၃။ တဏှာ, ဥပါဒါန်, ဘဝ၊ ဤသုံးပါးသည် တလွှာ။

၄။ ဇာတိ, ဇရာ, မရဏ၊ ဤသုံးပါးသည် တလွှာ။

ဤသို့လေးပါးသောအလွှာရှိသည်ကိုလည်းကောင်း။

အစွန့်ကာလ ၃-ပါး

(၁) ပဌမအလွှာသည် အတိတ်၌ ဖြစ်သော အစွန်မည်၏။

(၂) ဒုတိယအလွှာ, တတိယအလွှာတို့သည် ပစ္စုပ္ပန်၌ ဖြစ်သောအစွန့်မည်၏။

(၃) စတုတ္ထအလွှာသည် အနာဂတ်၌ ဖြစ်သော အစွန့်မည်၏။

ဤသို့အစွန့်သုံးပါးရှိသည်ကိုလည်းကောင်း။

အခြင်းအရာ-၂၀

(၁) အဝိဇ္ဇာ, သင်္ခါရ,တဏှာ, ဥပါဒါန်,ဘဝ၊ ဤငါးပါးသည် အတိတ်ဖြစ်သော ကိလေသဝဋ်,ကမ္မဝဋ်မည်၏။

(၂) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ၊ ဤငါးပါးသည် ပစ္စုပ္ပန်ဖြစ်သောဝိပါကဝဋ်မည်၏။

(၃) တဏှာ,ဥပါဒါန်,ဘဝ, အဝိဇ္ဇာ,သင်္ခါရ၊ ဤငါးပါးသည် ပစ္စုပ္ပန်ဖြစ်သော ကိလေသဝဋ်, ကမ္မဝဋ်မည်၏။

(၄) ဇာတိ, ဇရာ,မရဏတို့ဖြင့် ဖုံးလွှမ်းအပ်သော ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ဤငါးပါးသည် အနာဂတ်ဖြစ်သော ဝိပါကဝဋ်မည်၏။

ဤသို့ အခြင်းအရာအားဖြင့် နှစ်ဆယ်ရှိသည်ကို လည်းကောင်း။

အစပ် ၃-ပါး

(၁) သင်္ခါရနှင့် ဝိညာဏ်၏အကြားလည်းတစပ်။
(၂) ဝေဒနာနှင့်တဏှာ၏အကြားလည်းတစပ်။
(၃) ဘဝနှင့်ဇာတိ၏အကြားလည်းတစပ်။
ဤသို့ အစပ်သုံးပါးရှိသည်ကိုလည်းကောင်း။

မူလ ၂-ပါး

(၁) ဘဝ၏အကြောင်းရင်းကား တဏှာ။
(၂) သင်္ခါရ၏အကြောင်းရင်းကား အဝိဇ္ဇာ။
ဤသို့ မူလနှစ်ပါးရှိသည်ကိုလည်းကောင်း။

ပဋိစ္စသမုပ္ပါဒ်စက်ဖျက်ဆီးပုံ

အလုံးစုံသောအခြင်းအရာအားဖြင့် မူလနှစ်ပါး, အစပ်သုံးပါး, ဝဋ်သုံးပါး, ကာလသုံးပါး, အလွှာလေးလွှာ, အင်္ဂါတဆယ့်နှစ်ပါး, အခြင်းအရာနှစ်ဆယ်ရှိကုန်သော ပဋိစ္စသမုပ္ပါဒ် တရားတို့ကိုလည်းကောင်း၊ ထိုထို ပဋိစ္စသမုပ္ပါဒ်တရားတို့၏အကြောင်းရင်းကို သိမ်းဆည်းခြင်း၌ အပြားအားဖြင့်သိတတ်သော ဓမ္မဋ္ဌိတိဉာဏ်ဖြင့် မြတ်စွာဘုရားသည် မဘောက်မပြန် ဟုတ်မှန်တိုင်း သိတော်မူပြီးသည်ဖြစ်၍ ထိုပဋိစ္စသမုပ္ပါဒ်စက်တရားတို့၌ ငြီးငွေ့တော်မူသဖြင့် တပ်ခြင်းကင်းလွတ်တော်မူသည်ဖြစ်၍ သင်္ခါရ,ဝိညာဏ်အစရှိသော ဆယ်ပါးသောအကန့်တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် ချိုးဖဲ့ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

၄။ ပူဇော်အထူးခံထိုက်ခြင်း

လောက၌ဘုန်းတန်ခိုးကြီးသည်ဟုသမုတ်အပ်ကုန်သော လူမင်း,နတ်မင်း,ဗြဟ္မာမင်း အစရှိကုန်သောသူတို့ ရှိကုန်၏၊

ထိုသူတို့သည် မြတ်စွာဘုရား ပွင့်တော်မူသည်ရှိသော် မြတ်စွာဘုရားမှ တပါးသောရဟန်း, ပုဏ္ဏားတို့၌ ပူဇော်ခြင်းကို မပြုမူ၍ မြတ်စွာဘုရားအားသာလျှင် အထူးထူးသော ပူဇော်သက္ကာတို့ဖြင့် ပူဇော်ကုန်၏၊ သဟံပတိဗြဟ္မာမင်းသည်လည်း မြင်းမိုရ်တောင်ပမာဏရှိသော ရတနာပန်းကုံးဖြင့် ပူဇော်၏၊ ဤမှတပါး ဃဋိကာရဗြဟ္မာမင်း, သိကြား, သုယာမအစရှိသောနတ်မင်း, ဗိမ္ဗိသာရ, ကောသလ အစရှိသောလူမင်းတို့သည်လည်းမိမိတို့အားနှင့်လျော်စွာ ကောင်းမြတ်သောပူဇော်သက္ကာတို့ဖြင့် အထူးထူးအပြားပြား ပူဇော်ကုန်၏၊ အနာထပိဏ်, ဝိသာခါအစရှိသော သူဌေး, သူကြွယ်, နဂါး, ဂဠုန်, မထင်ရှားသောအမျိုး, မထင်ရှားသောသူတို့၏ ပူဇော်သက္ကာ အထူးကိုကားအဘယ်ဆိုဘွယ်ရှိအံ့နည်း။

ပရိနိဗ္ဗာန်လွန်တော်မူပြီးသည်၏နောက် အနှစ် နှစ်ရာ့တဆယ့် ရှစ်နှစ်မြောက်၌လည်း ဓရာဇ်ဖြစ်သော ဓမ္မာသောကမင်းသည် တနေ့ချင်းဖြင့် ကိုးဆယ့်ခြောက်ကုဋေမျှလောက်သောဥစ္စာတို့ကိုထုတ်၍ မြတ်စွာဘုရားကို ရည်မှတ်သဖြင့် ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ရှစ်သောင်း လေးထောင်သောကျောင်း,စေတီတို့ကို တည်ထားစေ၏၊ ဤသို့စသောအားဖြင့် သံသရာကိုရည်မှတ်၍ လျှူအပ်သော လူ,နတ်တို့၏ မြတ်သော ပူဇော်သက္ကာ အထူးကိုလည်းကောင်း၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်းလေးပါး စသည်တို့ကိုလည်းကောင်း ခံခြင်းငှါထိုက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

### ၅။ မကောင်းမှုဆိတ်ကွယ်ရာမရှိ

လောက၌ ပညာရှိဇယောင်ပြုကုန်သော သူတို့သည် အကျော်အစောမဲ့အံ့သည်မှ ကြောက်ကုန်သောကြောင့် ဆိတ်ကွယ်ရာအရပ်၌ ကာယဒုစရိုက်, ဝစီဒုစရိုက်,မနောဒုစရိုက်တို့ကိုပြုကုန်သကဲ့သို့ ဆိတ်ကွယ်ရာအရပ်၌ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်တည်းဟူသော မကောင်းမှုတို့ကိုပြုတော်မမူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ သောဘဂဝါ-သည်။အရဟံ၊ အရဟမည်တော်မူ၏။

---

## သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

### အလုံးစုံသောတရားကို သိတော်မူခြင်း

ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ထူးသောဉာဏ်ဖြင့်သိအပ်သောတရားတို့ကို ထူးသောဉာဏ်ဖြင့် သိတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပိုင်းခြား၍သိအပ်သောတရားတို့ကိုပိုင်းခြား၍ သိတော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း၊ ပယ်အပ်သောတရားတို့ကို ပယ်တော်မူပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ မျက်မှောက်ပြုအပ်သော တရားတို့ကို မျက်မှောက် ပြုတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ပွားစေအပ်သော တရားတို့ကို ပွားစေတော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဤသို့ဆိုအပ်ပြီးသောအားဖြင့်ပြားသော အလုံးစုံသော တရားအပေါင်းတို့ကို အလိုလိုသာလျှင် သယမ္ဘူ ဉာဏ်ဖြင့် မဘောက်မပြန် သိတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

## သစ္စာ ၄-ပါး

တပုဒ်တပုဒ်စီကိုထုတ်၍ ဝေဘန်သောအားဖြင့် စက္ခု သည် ဒုက္ခသစ္စာမည်၏၊ ဥပနိဿယ သတ္တိဖြင့် ထိုစက္ခု ပသာဒကို ဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာ သည် သမုဒယသစ္စာမည်၏၊ ထိုတဏှာ, စက္ခုတို့၏ သမုစ္ဆေဒသတ္တိဖြင့် ချုပ်ခြင်းသည် နိရောဓ သစ္စာမည်၏၊ ထိုနိရောဓသစ္စာကိုသိတတ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိဟု ဆိုအပ်သော မဂ္ဂင်ရှစ်ပါး အကျင့်သည် မဂ္ဂသစ္စာမည်၏။

## ဆက္ကနည်းစသည်

ထို့အတူ သောတ, ဃာန, ဇိဝှါ, ကာယ, မနဟု ဆိုအပ်သော အဇ္ဈတ္တိကာယတနခြောက်ပါး၊ ရူပ, သဒ္ဒ, ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ,ဓမ္မဟု ဆိုအပ်သော အာရုံခြောက်ပါး၊ ထိုဒွါရအာရုံကိုမှီ၍ ဖြစ်သော စက္ခုဝိညာဏ်, သောတ ဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်, မနောဝိညာဏ်ဟု ဆိုအပ်သော ဝိညာဏ် ခြောက်ပါး၊ ဝိတက်ခြောက်ပါး၊ ဝိစာရခြောက်ပါး၊ သညာခြောက်ပါး၊ တဏှာခြောက်ပါး၊ ဖဿခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ ကသိုဏ်းဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အသုဘသညာ ဆယ်ပါး၊ ကေသာ,လောမာ အစရှိသော သုံးဆဲ့နှစ်ပါး သော ကာယကောဋ္ဌာသ၊ ခန္ဓာ~~ငါးပါး၊ အာယတနတဆဲ့~~ နှစ်ပါး၊ ဓာတ်တဆဲ့ရှစ်ပါး၊ ဘဝင်[redacted]

## စတုက္ကနည်းစသည်

စတုက္ကနည်းအားဖြင့် ဈာန်လေးပါး၊ မေတ္တာဘာဝနာစသော အပ္ပမညာလေးပါး၊ အရူပသမာပတ် လေးပါး၊ ပဋိလုံအားဖြင့် ဇရာမရဏအစ အဝိဇ္ဇာအဆုံးရှိသော, အနုလုံအားဖြင့် အဝိဇ္ဇာအစ ဇရာမရဏအဆုံးရှိသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါ စသည်တို့ကို တပုဒ်တပုဒ်စီထုတ်၍ အသီးအသီးဝေဘန်သောအားဖြင့် ဇရာမရဏသည် ဒုက္ခသစ္စာမည်၏၊ ဇရာမရဏ၏ အနန္တရပစ္စည်းအားဖြင့်အကြောင်းဖြစ်သောဇာတိသည် တဏှာ ဥပနိဿယ ရှိခြင်းကြောင့် သမုဒယသစ္စာမည်၏၊ ထိုတရားနှစ်ပါးတို့၏ ထွက်မြောက်ခြင်းနိဿရဏသတ္တိသည် နိရောဓသစ္စာမည်၏၊ ထိုနိရောဓသစ္စာကိုသိကြောင်းအကျင့်ဖြစ်သော မဂ္ဂင်တရားသည် မဂ္ဂသစ္စာမည်၏။

ဤသို့သောအလုံးစုံသောတရားတို့ကို သစ္စာလေးပါးဖြင့် ခွဲခြမ်း၍ ကမ္ဘာတို့၏ အကုဋေတို့ဖြင့် မရေတွက်နိုင်သောကမ္ဘာတသိန်းအလွန်ရှိသော လေးအသင်္ချေ ကာလပတ်လုံးဖြည့် ဆည်းပူးတော်မူအပ်သော ပါရမီ တော်ကြောင့်ကောင်းစွာ ရအပ်သော သယမ္ဘုဉာဏ်ဖြင့် အလိုလိုသာလျှင် မဘောက်မပြန် ဟုတ်မှန်သောအတိုင်း မျက်မှောက်ပြု၍ လျောက်ပတ်စွာ သိတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်းကောင်း။သောဘဂဝါ၊-သည်၊သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

# ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

## ၁။ ပဌမဝိဇ္ဇာဉာဏ်

ဇာတိပိ ဇာမိနာ စ ကာရဏောနှ၍သို့အစမထင် သံသရာမှသည် ဗောဓိမဏ္ဍိုင်၌ ရှေးဦးစွာသော စတုတ္ထ ဈာန်သို့ရောက်သည်တိုင်အောင် ရှေးရှေးသောဘဝကို မမြင်စေခြင်းငှါ ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတည်းဟူသောမောဟကိုဖွင့်လှစ်၍ ပစ္ဆိမဘဝိကကိုယ်တော်မဖြစ်မီ တုသိတာနတ်ပြည်၌ ဖြစ်တော်မူခြင်းကိုလည်းကောင်း၊ တုသိတာ၌မဖြစ်မီ ဝေဿန္တရာမင်းဖြစ်တော်မူခြင်းကိုလည်းကောင်း၊ ဝေဿန္တရာမင်းမဖြစ်မီ တာဝတိံသာနတ်ပြည်၌ ဖြစ်တော်မူခြင်းကိုလည်းကောင်း၊ ဤသို့ စသောအားဖြင့် ရှေး၌ ဖြစ်တော်မူဘူးသော ခန္ဓာအစဉ်ကို အလိုရှိသည်တိုင်အောင် အောက်မေ့ဆင်ခြင်သိမြင်တော်မူခြင်းတည်းဟူသော ပုဗ္ဗေနိဝါသအဘိညာဏ်ဟု ဆိုအပ်သော ပဌမဝိဇ္ဇာဉာဏ်။

## ၂။ ဒုတိယဝိဇ္ဇာဉာဏ်

ထိုဉာဏ်ကို ရတော်မူပြီးသည်၏နောက် သန်းခေါင်ယံ၌ သတ္တဝါတို့၏ စုတိပဋိသန္ဓေကို ဖုံးလွှမ်း မှေးရစ်တတ်သော အဝိဇ္ဇာ တည်းဟူသော မောဟကို ဖွင့်လှစ်ဖြုတ်ပယ်တော်မူ၍—

(၁) စုတေလတ္တံ့သောသတ္တဝါ၊
(၂) ပဋိသန္ဓေနေလတ္တံ့သောသတ္တဝါ၊
(၃) ဒုဂ္ဂတိသို့လားလတ္တံ့သောသတ္တဝါ၊
(၄) သုဂတိသို့လားလတ္တံ့သောသတ္တဝါ၊

ဤသို့စသည်ဖြင့် ပစ္စုပ္ပန်၌ဖြစ်သော အာရုံကိုလည်းကောင်း, အနာဂတ်၌ဖြစ်သော အာရုံကို လည်းကောင်း, အတိတ်၌ ဖြစ်သောအာရုံကို လည်းကောင်း၊ သိမ်မွေ့စွာသောရူပါရုံ အပေါင်းတို့ကို မြင်တော်မူတတ်သော—

(၁) စုတူပပါတဉာဏ်,
(၂) ယထာကမ္မူပဂဉာဏ်,
(၃) အနာဂတံသဉာဏ်—

တို့ဖြင့် ခြံရံအပ်သော ဒိဗ္ဗစက္ခု အဘိညာဏ်ဟု ဆိုအပ်သော ဒုတိယ ဝိဇ္ဇာဉာဏ်။

## ၃။ တတိယ ဝိဇ္ဇာဉာဏ်

ထိုဉာဏ်ကို ရပြီးသည်မှနောက် မိုးသောက်ယံ နေအရုဏ် မတက်မီမရှေးမနှောင်း၌ သစ္စာလေးပါး, ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဖုံးလွှမ်းမှေးရစ်တတ်သော အဝိဇ္ဇာတည်းဟူသော မောဟကို ဖွင့်လှစ်ဖြတ်ပယ်တော်မူ၍ အကြွင်းမရှိ သိမြင်တတ်သော လောကီ,လောကုတ္တရာ ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင် အပ်သော အရဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော၊ အာသဝေါတရား လေးပါးတို့ကို ကုန်စေတတ်သောကြောင့်အာသဝက္ခယဟူ၍လည်းဆိုအပ်သော သဗ္ဗညုတ, အနုတ္တရ, သေဋ္ဌ, ဇေဋ္ဌ ဘုရားအဖြစ်ကို ပြီးစေတတ်သောတတိယဝိဇ္ဇာဉာဏ်၊ ဤသို့ဝိဇ္ဇာသုံးပါး။

## ၁။ ပုဗ္ဗေနိဝါသဉာဏ်

ထိုဝိဇ္ဇာသုံးပါးကိုရတော်မူခြင်းသည်လည်း အကြောင်းမရှိဘဲကိုရတော်မူသည်မဟုတ်၊ ဝိပဿနာဉာဏ်လျှင် အခြေရှိသောကြောင့် အာသဝက္ခယ ဉာဏ်ကိုရတော်မူထသော၊

ထိုဝိပဿနာဉာဏ်တော်သည်လည်း စတုတ္ထဈာန်လျှင် အခြေရှိတော်မူထသော၊ထိုစတုတ္ထဈာန်သည်လည်း တတိယဈာန်၊ ထိုတတိယဈာန်သည်လည်း ဒုတိယဈာန်၊ ထိုဒုတိယဈာန်သည်လည်း ပဌမဈာန်၊ ထိုပဌမ ဈာန်သည်လည်း အာနာပါန ကမ္မဋ္ဌာန်း၌ဖြစ်သော သမာဓိလျှင် အခြေရှိတော်မူထသော၊ ထိုသမာဓိသည်လည်း အင်္ဂါလေးပါးနှင့်ပြည့်စုံသော သမ္မာဝါယာမ,သတိ,သမ္ပဇည တရားတို့သည်လျှင် အခြေရှိတော် မူထသော၊ ထိုတရားတို့သည်လည်း ပါရမီဉာဏ်လျှင် အခြေရှိတော်မူထသော၊ ထိုပါရမီ ဉာဏ်သည်လည်းဒုက္ခိတသတ္တဝါတို့၌ သနားခြင်းကရုဏာတော်လျှင် အခြေရှိတော်မူထသော—

ဤသို့ အနုတ္တရ,သေဋ္ဌ,ဇေဋ္ဌအဖြစ်ကို တောင့်တတော်မူသော မြတ်စွာဘုရားသည် သံသရာ၌ နစ်မွန်းကုန်သော သတ္တဝါတို့အား သနားခြင်းကရုဏာ ရှိတော်မူသည်ဖြစ်၍ လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ကိုယ်တော်၏ ပင်ပန်းခြင်းကို သည်းခံတော်မူလျက် စရိက်သုံးပါး, စွန့်ခြင်းကြီးငါးပါး, ပါရမီ သုံးဆယ်တို့ကို ဖြည့်ဆည်းပူးတော်မူသဖြင့် ရင့်ခြင်းသို့ ရောက်၍ ခြောက်နှစ် ပတ်လုံး ဒုက္ကရ စရိယာ ကျင့်တော်မူပြီးသည်၏အဆုံး ဘုရားဖြစ်အံ့သော ကဆုန်လပြည့်နေ့ ဗောဓိမဏ္ဍိုင်၌—

ငါ၏ အရေ,အကြော,အသား,အသွေးတို့သည် ခြောက်တပ်၍ အရိုးစုမျှပင် ကြွင်းသော်လည်း ကြွင်းပစေ၊ သဗ္ဗညုတဉာဏ်ကိုမရသမျှကာလပတ်လုံး ဤထက်ဝယ်ဖွဲ့ခွေ နေရာဖြစ်သော ပလ္လင်မှ မထမပြောင်းပြီ—

ဟု အမိဋ္ဌာန်တော်မူခြင်းဖြင့် အင်္ဂါလေးပါးနှင့် ပြည့်စုံတော်မူသော သမ္မာဝါယာမလုံ့လတော်ကို အားထုတ်တော်မူလျက် လျော့ညံ့ခြင်းကိုမဖြစ်စေဘဲ အားတက်သောနှလုံးတော်ဖြင့် ဝသဝတ္တီနတ်မင်းကို နှိပ်နင်းတော်မူလျက် အာနာပါန ကမ္မဋ္ဌာန်းကိုရှေးရှုသောစိတ်ဖြင့် သမ္မာသတိကို ဖြစ်စေတော် မူတတ်ထသော၊ သမ္မာသတိကို ဖြစ်စေတော် မူခြင်းကြောင့် တွေဝေမေ့လျော့ခြင်း ကင်းသည်ဖြစ်၍ ကိုယ်တော်၏ ငြိမ်းခြင်း,စိတ်တော်၏ ငြိမ်းခြင်းဖြစ်ခတော်မူထသော၊ကိုယ်စိတ်၏ငြိမ်းတော်မူခြင်းကြောင့် စိုးရိမ်ပူပန်ခြင်းကင်းတော်မူထသော၊ စိုးရိမ်ပူပန်ခြင်း ကင်းတော်မူခြင်းကြောင့် ကမ္မဋ္ဌာန်းတည်းဟူသော အာရုံ၌ မတုန်မလှုပ် တည်ကြည်စွာ သမာဓိကို ရတော်မူထသော။

ဤဈာန်စိတ် မဖြစ်မီ ရှေးအဘို့၌ ကောင်းစွာ ကျင့်တော်မူအပ်သော ပဋိပဒါ၏ အစွမ်းကြောင့် ဈာန်၏ရန်သူဖြစ်သော အားနည်းသော ဆန္ဒကာမဂုဏ်၊ အားကြီးသော ရာဂကာမဂုဏ်, ပြင်းစွာအားကြီးသော ဆန္ဒရာဂကာမဂုဏ်၊ မိန်းမယောကျ်ား စသည်ဖြင့် ကြံခြင်း, လက်ခြေစသည်တို့၏ တင့်တယ်ခြင်းကို ကြံခြင်းတည်းဟူသော ဆန္ဒအားဖြင့်လည်းကောင်း, ရာဂအားဖြင့်လည်းကောင်း, ဆန္ဒရာဂအားဖြင့် လည်းကောင်း ဖြစ်သောသက်ပ္ပကာမဂုဏ်။

ဤသို့ စသော အားဖြင့်ပြားသော ဝတ္ထုကာမ, ကိလေသာကာမတို့ကို လည်းကောင်း၊ ကာမဂုဏ်ကိုမှီ၍ဖြစ်သော စိုးရိမ်ကြောင့်ကြခြင်း,အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်းအစရှိသော ဗျာပါဒကိုလည်းကောင်း၊ စိတ်စေတ

သိက်တို့၏ မခံ့ခြင်း, ပျင်းခြင်းဟု ဆိုအပ်သော ထိနမိဒ္ဓကို လည်းကောင်း၊ ပြန့်လွင့်ခြင်း, ပြုအပ်ပြီးသောဒုစရိုက်-မပြု အပ်သောသုစရိုက်တို့၌ စိုးရိမ်ခြင်းဟု ဆိုအပ်သော ဥဒ္ဓစ္စ ကုက္ကုစ္စကိုလည်းကောင်း၊ အာရုံကိုမဆုံးဖြတ်နိုင်ခြင်းဟု ဆိုအပ်သော ဝိစိကိစ္ဆာကိုလည်းကောင်း။

ဤငါးပါးသော နီဝရဏတို့ကို ဝိက္ခမ္ဘန သတ္တိ ဖြင့်ပယ်လျက်—

ထိနမိဒ္ဓကိုနှိပ်စက်၍ အာရုံသို့ သမ္ပယုတ်တရား တို့ကို တက်စေခြင်း လက္ခဏာရှိသောဝိတက်၊ ဝိစိကိစ္ဆာကိုနှိပ် စက်၍ အာရုံကိုဆုံးဖြတ် သုံးသပ်ခြင်းလက္ခဏာ ရှိသော ဝိစာရ၊ ဗျာပါဒကိုနှိပ်စက်၍ အာရုံကိုနှစ်သက်ခြင်းလက္ခ ဏာရှိသောပီတိ၊ ဥဒ္ဓစ္စကုက္ကုစ္စကိုနှိပ်စက်၍ ကောင်း သောအာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော သုခဝေဒနာ၊ ကာမဆန္ဒကိုနှိပ်စက်၍ တခုတည်းသောအာ ရုံ၌ တည်ကြည်ခြင်းဟုဆိုအပ်သောသမာဓိ။

ဤသို့ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံစွာ သော ရူပါဝစရကုသိုလ် ပဌမဈာန်သို့ ရောက် တော်မူလျက် ဝသီဘော်ငါးပါးဖြင့် ပဌမဈာန်သ မာပတ်ကို ဝင်စားတော်မူ၍ အာနာပါန ကမ္မ ဋ္ဌာန်းသို့ ရှေ့ရှုနေတော်မူထသော—

ထို ပဌမဈာန်သမာပတ်ကို ဝင်စားတော်မူ၍ အလေ့ အလာပြုခြင်းသို့ ရောက်ပြီးသဖြင့် ဝိတက်,ဝိစာရဟုဆို အပ်သော ရုန့်ရင်းသောဈာန်အင်္ဂါတို့ကိုပယ်လျက်ဝိတက်,

ဝိစာရကင်းခြင်းကြောင့် နှောင့်ရှက်ခြင်းမရှိ အလွန်နှစ်သက်ခြင်းဖြစ်သော ပီတိဇဟုဆိုအပ်သော—

> ပီတိ, သုခ, ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံစွာသော ရူပါဝစရ ကုသိုလ် ဒုတိယဈာန်သို့ ရောက်တော်မူသဖြင့် ဒုတိယဈာန်သမာပတ်ကိုဝင်စားတော်မူ၍ အာနာပါနသို့ ရှေ့ရှုနေတော်မူထသော—

ထိုဒုတိယဈာန်သမာပတ်ကို ဝသီဘော်ငါးပါးဖြင့် အလေ့အလာပြုခြင်းသို့ ရောက်တော်မူပြီးသော် ပီတိဟုဆိုအပ်သော ရုန့်ရင်းသောဈာန်အင်္ဂါကို ပယ်ခြင်းငှါ အာနာပါနကိုအာရုံပြု၍ အားထုတ်တော် မူပြန်သဖြင့် ပီတိဟူသော ဈာန်အင်္ဂါကင်းသည်ဖြစ်၍ ဈာန်သမာပတ်ချမ်းသာတို့တွင် အမြတ်ဟုသမုတ်အပ်သော—

> သုခ, ဧကဂ္ဂတာ၊ ဤဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံစွာ ရူပါဝစရကုသိုလ် တတိယဈာန်သို့ရောက်တော်မူသဖြင့် တတိယဈာန်သမာပတ်ကို ဝင်စားတော်မူလျက် အာနာပါနသို့ ရှေ့ရှုနေတော် မူထသော—

ထို တတိယ ဈာန်သမာပတ်ကို ဝသီဘော်ငါးပါးဖြင့် အလေ့အလာပြုတော်မူပြီးသော် ကာယိကသုခသည် သောမနဿဖြစ်ခြင်း၏အကြောင်း၊ သောမနဿသည် ရာဂဖြစ်ခြင်း၏အကြောင်းဖြစ်၍ရုန့်ရင်းသေး၏ဟုသမုတ်အပ်သော သုခကိုပယ်ခြင်းငှါ အာနာပါနသို့ ရှေ့ရှု အားထုတ်တော်မူပြန်သဖြင့် သုခဝေဒနာကင်းသည်ဖြစ်၍ အလွန် ဖြူ

စင်သန့်ရှင်းသော ဥပေက္ခာသည်ဖြစ်စေအပ်သော သတိ၏စင်ကြယ်ခြင်းနှင့်ပြည့်စုံသော–

ဥပေက္ခာ, ဧကဂ္ဂတာဟုဆိုအပ်သော ဈာန်အင်္ဂါနှစ်ပါးနှင့်ပြည့်စုံစွာ ရူပါဝစရကုသိုလ် စတုတ္ထဈာန်သို့ ရောက်တော်မူသဖြင့် အလေ့အလာပြု၍ ဝင်စားတော်မူထသော–

ထိုရူပါဝစရကုသိုလ် စတုတ္ထဈာန်မှထတော်မူ၍ အရူပဘာဝနာသို့ ရှေ့ရှုတော်မူပြန်သဖြင့် အရူပါဝစရကုသိုလ်စတုတ္ထဈာန်လေးခုသို့ အစဉ်အတိုင်းရောက်လျက် ဝသီဘော်ငါးပါးတို့ဖြင့် ဝင်စားလေ့လာတော်မူပြီးထသော၊ ဤသို့ သမာပတ်ရှစ်ပါးသို့ ရောက်တော်မူပြီးသဖြင့် ထိုစတုတ္ထဈာန်သမာပတ်မှထ၍ စတုတ္ထဈာန်သမာပတ်၌ ဖြစ်သောအလွန်ကောင်းစွာတည်ကြည်သော သတိ,သမာဓိ၏အစွမ်းကြောင့်–

(၁) အလွန်စင်ကြယ်ခြင်း,
(၂) ပြိုးပြိုးပြက်စင်ကြယ်ခြင်းဖြူစင်ခြင်း။
(၃) ဖျောက်အပ်ပြီးသော ရာဂအစရှိသောကိလေသာမရှိခြင်း။
(၄) ကိလေသာမရှိသဖြင့် အညစ်အညူးကင်းခြင်း။
(၅) ကောင်းစွာ ဝသီဘော်ငါးပါးဖြင့် လေ့လာအပ်, ပွားစေ အပ်သည်၏ အဖြစ်ကြောင့် နူးညံ့စွာဖြစ်ခြင်း။
(၆) တန်ခိုးဖန်ဆင်းခြင်း၄ါ ခံ့ခြင်း။
(၇) ထိုစင်ကြယ်ခြင်းစသည်တို့၌ ကောင်းစွာတည်ခြင်း။

## (ဂ) ထိုတရားတို့၌ကောင်းစွာတည်သဖြင့် မတုန်မလှုပ်သောအဖြစ်သို့ရောက်ခြင်း။

ဤသို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍အဘိညာဏ်ဖြင့် မျက်မှောက်ပြုအပ်သောတရားတို့ကို မျက်မှောက်ပြုခြင်းငှါ အဘိညာဏ်၏ အခြေ, အဘိညာဏ်၏ နီးစွာ သော အကြောင်း၏ အဖြစ်ဖြင့် ခံ့သောစိတ်ရှိတော်မူပြီးသော် ပိုးစုန်းကြူးရောင်, ဆီမီးရောင်, သောက်ရူး ကြယ်ရောင်, လရောင်ကဲ့သို့ အစဉ်အတိုင်းထူးသော ဈာနလာဘီ, တိတ္ထိ သာဝက,အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓါတို့၏အဘိညာဏ်ထက် လွန်ကဲသော ရောင်ခြည်တထောင်ဆောင်သော နေရောင် ကဲ့သို့ အကြွင်းမဲ့မြင်တတ်သောပုဗ္ဗေနိဝါသအဘိညာဏ်သို့ ရောက်တော်မူသည်ဖြစ်၍ ထိုပုဗ္ဗေနိဝါသဉာဏ်တော်ဖြင့် ရှေးဘဝဟုဆိုအပ်သောပုဗ္ဗန္တကိုဖုံးလွှမ်းတတ်သောအဝိဇ္ဇာ တည်းဟူသော အမိုက်တိုက်ကို ဖွင့်လှစ်ထွန်းလင်းတော် မူလျက် သကသန္တာန်,ပရသန္တာန်၌ဖြစ်သော ရှေးလွန်လေ ပြီးသော ဘဝ, ရှေး၌နေဘူးသော ခန္ဓာ, ရှေး၌ခံစားဘူး သော အာရုံစသည်တို့ကိုလည်းကောင်း။

ပစ္စေကဗုဒ္ဓါ,သာဝကတို့နှင့်မဆက်ဆံသောဤမည်သော ကမ္ဘာ၌ ဤမည်သောဘုရားသည် ဤမည်သော ဗောဓိပင် ရင်း၌ ဤမည်သော ဝိပဿနာကို ရှုတော်မူ၏၊ ဤမည် သော မဂ်ကိုစီးဖြန်းတော်မူ၏၊ဤမည်သော ဖိုလ်,နိဗ္ဗာန်ကို မျက်မှောက်ပြုတော်မူ၏၊ ဝေနေယျတို့ကို ဤသို့ဆုံးမတော် မူ၏-စသည်ဖြင့် အလုံးစုံသော အခြင်းအရာတို့ကို လည်း ကောင်း။

ခန္ဓာအစဉ်အားဖြင့် အာရုံမပြုဘဲ သီဟောက္ကန္တိကာ နယရဏာဟု ဆိုအပ်သော ကေသရာဇာခြင်္သေ့၏ ခုန်လွှား ခြင်းကဲ့သို့ အလိုတော်ရှိတိုင်း ကမ္ဘာတို့၏ အပိုင်းအခြား မရှိမူ၍ အကုန်အစင်သိမြင်တော် မူတတ်သော၊ အတိတ် အဘို့ကို မြင်တတ်သည်၏ အဖြစ်ကြောင့် အတီတံသဉာဏ် ဟူ၍ လည်းကောင်း, ပုဗ္ဗေနိဝါသဉာဏ်ဟူ၍လည်းကောင်း ဆိုအပ်သော ပဌမဝိဇ္ဇာဉာဏ်တော်တပါး။

## ၂။ ဒိဗ္ဗစက္ခုဉာဏ်

ဤပုဗ္ဗေနိဝါသဉာဏ်ဖြင့် ညဉ့်ဦးယံပတ်လုံး အလိုရှိတိုင်း ကြည့်တော်မူပြီး၍ သန်းခေါင်ယံ၌ သတ္တဝါတို့၏ စုတိ ပဋိသန္ဓေကို ရှုတော်မူအံ့ဟု နှလုံးသွင်းတော်မူ၍ ပရိကံ အထူးမပြုဘဲ ထိုစတုတ္ထဈာန်လျှင် အခြေရှိသော တည်ကြည် လှစွာသော စိတ်ရှိတော်မူလျက် ကုသိုလ်သုစရိုက်ကြောင့် ဖြစ်သော သွေး,သည်းခြေ, လေ,သလိပ်နှောင့်ရှက်ခြင်းမရှိ သည်ဖြစ်၍ အလွန်ကြည်လှစွာသောနတ်တို့၏ပသာဒစက္ခု ကဲ့သို့ သိမ်မွေ့သေးဖွဲ့စွာ ပရမာဏုမြူလုံးမျှလောက်သော ရူပါရုံကို မြင်းမိုရ်တောင်လုံးမျှလောက် ဖိစီးဖုံးကွယ်ငြား သော်လည်း ဘောက်ထွင်း၍ မြင်ခြင်းငှါ စွမ်းနိုင်သော ဒိဗ္ဗစက္ခု အဘိညာဏ်သို့ ရောက်တော်မူသည်ဖြစ်၍ ရှေး တောထွက်တော်မူသောအခါ အာဠာရ,ဥဒကရသေ့တို့ထံ ရှစ်တန်သော သမာပတ်, ငါးရပ်သော အဘိညာဏ်တို့ကို ရလျက် အာလောက ကသိုဏ်းကို ပွားစေ၍ ဒိဗ္ဗစက္ခု ဖြင့် ပစ္စုပ္ပန်ရူပါရုံကိုမြင်တော်မူသော်လည်း—

(၁) ဤအဆင်းကား အဘယ်အဆင်းနည်းဟု ယုံမှား ဝိစိကိစ္ဆာ ဖြစ်ခြင်းကြောင့် များမမြင့်မီ အလင်း ကွယ်ခဲ့၏။

(၂-၃) အဆင်းကိုနှလုံးသွင်းသောကြောင့်သာဝိစိကိစ္ဆာ ဖြစ်၏၊ နှလုံးမသွင်းသော် ဝိစိကိစ္ဆာ မဖြစ်ရာပြီဟု နှလုံးသွင်းခြင်းကိုမပြုဘဲ အမနသိကာရ ဖြစ်သဖြင့် အိပ်မွေ့ငိုက်မျဉ်းခြင်း ထိနမိဒ္ဓ ဖြစ်ပြန်ခြင်းကြောင့် လည်း အလင်းကွယ်ခဲ့၏။

(၄) ထိနမိဒ္ဓကို ဖျောက်၍ မနသိကာရကို အားထုတ် သဖြင့် ဟိမဝန္တာသို့ ရှေးရှုအလင်းဖြစ် စေလတ် သော် ကုမ္ဘဏ်ဘီလူးစသည်တို့ကို မြင်သောအခါ ထိတ်လန့်ခြင်းဆမ္ဘိတတ္တဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။

(၅) ထိုထိတ်လန့်ခြင်းကို နှိပ်စက်၍ လွန်စွာရဲရင့်စေ ခြင်း, အဆင်အခြင် ကောသလ္လကိုမှီ၍ ဗလဝပီတိ တည်းဟူသော စိတ်၏ပေါ်လွင်ခြင်း ဉပ္ပိလဖြစ်ပြန် ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။

(၆) ဗလဝပီတိတည်းဟူသော စိတ်၏ပေါ်လွင်ခြင်း,ဉပ္ပိ- လ ဖြစ်သတည်းဟု လုံ့လကို လျော့သဖြင့် ကိုယ်၏ ပျင်းခြင်း ဒုဋ္ဌုလ္လဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။

(၇) လုံ့လ လျော့သဖြင့် ဒုဋ္ဌုလ္လ ဖြစ်သည်တကား ဟု လွန်စွာအားထုတ်ခြင်း အစ္စာရဒ္ဓဝီရိယဖြစ်ပြန် ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။

(၈) လုံ့လလွန်သဖြင့် ဖြစ်သည်တကားဟု လုံ့လ၏ တွန့်ခြင်းတိုခြင်း အတိလီနဝီရိယ ဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။
(၉) နတ်သား, နတ်သမီး, ဗိမာန်စသည်ကို မြင်သောအခါ ငါသည် ဤကဲ့သို့ဖြစ်လို၏ဟု တပ်ခြင်းအဘိဇပ္ပဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။
(၁၀) ထိုနတ်သား, နတ်သမီးစသည်တို့၏ အဆင်းအသရေ တင့်တယ်ခြင်းကိုသာ တပ်သောအားဖြင့်နှလုံးသွင်းခြင်း နာနတ္တသညာ ဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။
(၁၁) ထိုသို့ အထူးထူးသော အမှတ်ကို မဖြစ်စေရဘဲ ဣဋ္ဌာရုံ,အနိဋ္ဌာရုံကိုသာရှုအံ့ဟု အဆင်းကိုအလွန်ရှုခြင်းတည်းဟူသော အဘိနိဇ္ဈာယိတတ္တ ဖြစ်ပြန်ခြင်းကြောင့်လည်း အလင်းကွယ်ခဲ့၏။

ဤသို့ဝိစိကိစ္ဆာ, အမနသိကာရ, ထိန မိဒ္ဓ, ဆမ္ဘိတတ္တ, ဥပ္ပိလ, ဒုဋ္ဌုလ္လ, အစ္စာ ရဒ္ဓဝီရိယ, အတိလီနဝီရိယ, အဘိဇပ္ပ, နာနတ္တသညာ, အဘိနိဇ္ဈာယိတတ္တ ဟု ဆိုအပ်သော တဆယ့်တပါးသော အညစ်အကြေးမှကင်းသည်ဖြစ်၍ အလွန်စင်ကြယ်စွာသော ဒိဗ္ဗစက္ခုအဘိညာဏ်ဖြင့် သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုဖုံးလွှမ်းတတ်သော အဝိဇ္ဇာ တည်းဟူသောအမိုက်တိုက်ကို ဖွင့်လှစ်တော်မူလျက် စုတေလတ္တံ့သောသတ္တဝါ, ပဋိသန္ဓေ နေလတ္တံ့သော သတ္တဝါတို့ကိုလည်းကောင်း၊ ပဋိသန္ဓေ, အမျိုး,စည်းစိမ်အားဖြင့် ယုတ်သော သတ္တဝါ, မြတ်သောသတ္တဝါ, အဆင်းလှသော သတ္တဝါ, အဆင်းမလှသောသတ္တဝါ, ကြွယ်ဝသောသတ္တဝါ,

ဆင်းရဲသောသတ္တဝါတို့ကိုလည်းကောင်း၊နတ်ပြည်သို့ ကြည့်သောအခါ နန္ဒဝန်ဉယျာဉ်, မိဿကဉယျာဉ်, ဖါရုသက ဉယျာဉ်, စိတ္တလတာဉယျာဉ်စသည်တို့၌ မဟာသမ္ပတ္တိစသည်ကို ခံစားကုန်သော သတ္တဝါစသည်တို့ကို လည်းကောင်း၊ ငရဲသို့ကြည့်တော်မူသောအခါ ဆင်းရဲကြီးစွာခံရကုန်သော ငရဲသူတို့ကိုလည်းကောင်း၊ ဤသို့စသောအားဖြင့် ပစ္စုပ္ပန်ရူပါရုံအပေါင်းကို မြင်တော်မူ၏။

ထိုဒိဗ္ဗစက္ခုဉာဏ်ကို အခြေပြုသဖြင့်—

ပဋိသန္ဓေ, အမျိုး, စည်းစိမ်ယုတ်သောသတ္တဝါသည် မောဟ၏ အကျိုးဆက်တည်း၊ မြတ်သောသတ္တဝါသည်ပညာ၏အကျိုးဆက်တည်း၊အဆင်းလှသောသတ္တဝါသည် မေတ္တာ၏ အကျိုးဆက်တည်း၊ အဆင်းမလှသော သတ္တဝါသည် ဒေါသ၏ အကျိုးဆက်တည်း၊ ကြွယ်ဝသောသတ္တဝါသည် အလောဘ၏အကျိုးဆက်တည်း၊ ဆင်းရဲသော သတ္တဝါသည် လောဘ၏ အကျိုးဆက်တည်း၊ သုဂတိသတ္တဝါသည် သုစရိုက်၏ အကျိုးဆက်တည်း၊ဒုဂ္ဂတိသတ္တဝါသည် ဒုစရိုက်၏ အကျိုးဆက်တည်း။

ဤသို့အတိတ်ဖြစ်သောကံကို အာရုံပြု၍လည်းကောင်း၊ ဤသတ္တဝါကား ဤမည်သောဒုစရိုက်ကို ကျင့်ခြင်းကြောင့် ဤမည်သောဒုဂ္ဂတိသို့လားလတ္တံ့၊ ဤသတ္တဝါကား ဤမည်သောသုစရိုက်ကိုကျင့်ခြင်းကြောင့် ဤမည်သော သုဂတိသို့ လားလတ္တံ့၊ ဤသို့စသည်ဖြင့် အနာဂတ်ဖြစ်သောအာရုံကို လည်းကောင်း မြင်တတ်သောအတီတံသ,အနာဂတံသဖြင့်

ပြီးသောယထာကမ္မူပဂဉာဏ်လျှင် အခြံအရံရှိထသော ဒိဗ္ဗ ဝိဟာရဟုဆိုအပ်သော စတုတ္ထဈာန်လျှင် အခြေရှိလျက် နတ်မျက်စိကဲ့သို့ မြင်တတ်သည်၏အဖြစ်ကြောင့် ဒိဗ္ဗစက္ခု အဘိညာဏ်ဟုဆိုအပ်သော ဒုတိယဝိဇ္ဇာဉာဏ်တော်တပါး။

၃။ ဝိပဿနာဉာဏ်

ထိုဉာဏ်ကိုရသည်မှနောက်ဖြစ်သော မိုးသောက်ယံ၌ စတုတ္ထဈာန်လျှင်အခြေရှိသော ကိုယ်တော်၏ စိတ်ခတော်ကို အမြဲမရှိသောသဘော, ဆင်းရဲသောသဘော, အတ္တဟု မှတ်ဘွယ်မရှိသောသဘော၊ ဤသို့လက္ခဏာသုံးပါးသို့ တင်၍ အဖန်တလဲလဲဝိပဿနာကို ပွားစေတော်မူသဖြင့် သမ္မသန, ဥဒယဗ္ဗယ, ဘင်အစရှိသော ဝိပဿနာ ဆယ်ပါးတို့၏ ရင့်ခြင်းဟုဆိုအပ်သော ဝိပဿနာဉာဏ်တော်တပါး။

၄။ အာသဝက္ခယဉာဏ်

ထိုဝိပဿနာဉာဏ်တော်၏ ရင့်ခြင်းသို့ရောက်သဖြင့် နေ အရုဏ်မတက်မီ မရှေးမနှောင်းလျှင် သစ္စာလေးပါး,ပဋိစ္စ သမုပ္ပါဒ်တရားတို့ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတည်းဟူ သော အမိုက်တိုက်ကို အကုန်အစင်ဖွင့်လှစ် ထွန်းလင်းစေ လျက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, အဘိညာဏ် ခြောက်ပါး, ပစ္စ ဝေက္ခဏာဉာဏ်,စတုဝေသာရဇ္ဇ, ဆအသာဓာရဏ,ဒသဗ လအစရှိသော မရေတွက်နိုင်သော လောကီ-လောကုတ္တရာ ဂုဏ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတအ ဖြစ်ကို ပေးတတ်သောစတုတ္ထဈာန်၊ ဝိပဿနာဉာဏ်လျှင် အခြေရှိထသော-သောတာပတ္တိမဂ်,သကဒါဂါမိမဂ်,အနာ ဂါမိမဂ်လျှင်အဘော်ရှိထသော-တထောင့်ငါးရာကိလေသာ

တို့ကို အကြွင်းမဲ့ဖြတ်တတ်သော အရဟတ္တမဂ်ဉာဏ်တော် ဟုဆိုအပ်သော အာသဝေါ တရားလေးပါးတို့၏ ကုန်ခြင်း ကိုပြုတတ်သောကြောင့် အာသဝက္ခယဉာဏ်ဟု ပညတ် အပ်သော ဝိဇ္ဇာဉာဏ်တော်တပါး။

၅။ ဒိဗ္ဗသောတဉာဏ်

စတုတ္ထဈာန်လျှင် အခြေရှိသော ပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ နတ်တို့၏သောတကဲ့သို့ သိမ်မွေ့သောအသံကို ကြားတတ်သော ဒိဗ္ဗစက္ခုအဘိညာဏ်ကဲ့သို့ ထူးသော သတ္တိရှိသော ဒိဗ္ဗသောတအဘိညာဏ်ဟု ဆိုအပ်သော ဝိဇ္ဇာဉာဏ်တော်တပါး။

၆။ ပရစိတ္တဝိဇာနနဉာဏ်

စတုတ္ထဈာန်လျှင် အခြေရှိသော သူတပါးတို့၏ စိတ်ကို သိတတ်သော ပရစိတ္တဝိဇာနနအဘိညာဏ်ဟုဆိုအပ်သော ဝိဇ္ဇာဉာဏ်တော်တပါး။

၇။ ဣဒ္ဓိဝိဓဉာဏ်

စတုတ္ထဈာန်ကိုအခြေပြု၍ အထူးထူးအပြားပြားတန်ခိုး ဖန်ဆင်းခြင်းကိုပြီးစေတတ်သော ဣဒ္ဓိဝိဓ အဘိညာဏ်ဟု ဆိုအပ်သော ဝိဇ္ဇာဉာဏ်တော်တပါး။

၈။ မနောမယိဒ္ဓိဉာဏ်

စတုတ္ထဈာန်ကို အခြေပြု၍ အဘိညာဏ်မဖြစ်စေဘဲစိတ် တော်ညွတ်ကာမျှဖြင့် အလိုရှိတိုင်းတန်ခိုးကို ပြီးစေနိုင် သော မဟာကြိယာ စိတ္တုပ္ပါဒ်တော်၌ဖြစ်သော မနော မယိဒ္ဓိဉာဏ်တော်တပါး။

ဤသို့ပုဗ္ဗေနိဝါသ,ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ,ပရစိတ္တဝိဇာနန, ဣဒ္ဓိဝိဓ, အာသဝက္ခယ,မနောမယိဒ္ဓိ, ဝိပဿနာဉာဏ်တော်ဟု ဆိုအပ်သော ဝိဇ္ဇာရှစ်ပါး။

စရဏ ၁၅-ပါး

၁။ သီလသံဝရ

ပစ္စေကဗုဒ္ဓါ, သာဝကတို့ထက် လွန်ကဲသော သီလကို ကောင်းစွာစောင့်စည်းတော် မူခြင်းတည်းဟူသော သီလသံဝရ။

၂။ ဣန္ဒြိယေသုဂုတ္တဒွါရတာ

စက္ခုန္ဒြေ,သောတိန္ဒြေ,ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေတည်းဟူသောဣန္ဒြေခြောက်ပါး-တံခါးတို့၏လုံခြင်းဟု ဆိုအပ်သော ဣန္ဒြိယေသုဂုတ္တဒွါရတာ။

၃။ဘောဇနေမတ္တညုတာ

ပစ္စည်းလေးပါးတို့ကို ခံစားသုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ကို သိတော်မူလေ့ရှိသည်၏ အဖြစ်ဟုအပ်သော ဘောဇနေ မတ္တညုတာ။

၄။ ဇာဂရိယာနုယောဂတာ

ဗုဒ္ဓကိစ္စ ငါးပါးတို့ကို တနေ့မပြတ် အားထုတ်တော်မူလျက် ညည့်၏သုံးဘို့တဘို့ဖြစ်သော ပစ္ဆိမယာမ၊ ထိုပစ္ဆိမယာမ၏သုံးဘို့တဘို့ဖြစ်သော ပစ္ဆိမယာမ၌သာလျောင်ကျိန်းတော်မူ၍ အခါခပ်သိမ်း မဟာကြိယာဉာဏ်, သမာပတ္တိဉာဏ်စသော ဇောစိတ္တုပ္ပါဒ်တို့ဖြင့် နိုးကြားခြင်းနှင့်ယှဉ်တော်မူသည်၏ အဖြစ်ဟု ဆိုအပ်သော ဇာဂရိယာနုယောဂတာ။

## ၅-၁၁။ သူတော်ကောင်းတရား ၇-ပါး

(၁) ထိုမဟာကြိယာ ဇောစိတ္တုပ္ပါဒ် စသည်တို့ကိုအတုမရှိကြည်စေတတ်သော သဒ္ဓါ,
(၂) အခါခပ်သိမ်း မမေ့မလျော့ခြင်း တည်းဟူသော သတိ,
(၃) မကောင်းမှု ဒုစရိုက်တို့မှ ရှက်ခြင်းဟု ဆိုအပ်သောဟိရီ,
(၄) မကောင်းမှုမှလန့်ခြင်းဟု ဆိုအပ်သော ဩတ္တပ္ပ,
(၅) အတုမရှိသော အကြားအမြင်နှင့် ပြည့်စုံခြင်းဟု ဆိုအပ်သောသုတ,
(၆) ပစ္စည်းအာမိသ ဓမ္မတို့ကို စွန့်ကြဲပေးကမ်းခြင်း တည်းဟူသောစာဂ,
(၇) အတုမရှိသော ပစ္စဝေက္ခဏာစသော ဉာဏ်ဟုဆိုအပ်သောပညာ။

## ၁၂-၁၅။ ဈာန် ၄-ပါး

(၁) ဈာန်အင်္ဂါငါးပါးနှင့်ပြည့်စုံသော ပဌမဈာန်,
(၂) ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်,
(၃) ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော တတိယဈာန်,
(၄) ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်၊

ဤသို့ သီလသံဝရ, ဣန္ဒြိယေသုဂုတ္တဒွါရတာ, ဘောဇနေ မတ္တညုတာ,ဇာဂရိယာနုယောဂတာ, သူတော်ကောင်းတရားခုနစ်ပါး, ရူပါဝစရဈာန်လေးပါးအားဖြင့်ပြားသော နိဗ္ဗာန်သို့သွားကြောင်း လမ်းကောင်း ခရီးသဖွယ်ဖြစ်သော စရဏတဆယ့်ငါးပါး။

ဤသို့ဆိုအပ်ခဲ့ပြီးသောအားဖြင့် ခပ်သိမ်းသောသတ္တဝါတို့၏ အကျိုးရှိသည် မရှိသည်ကိုသိတတ်သော သဗ္ဗညုတဉာဏ်၏ပြည့်စုံခြင်းကို ပြီးစေတတ်သော ဝိဇ္ဇာရှစ်ပါးတို့နှင့်လည်းကောင်း၊ ဝိဇ္ဇာစရဏမရှိကုန်သော တက္ကတွန်းတို့၏ တပည့်တို့ကဲ့သို့ ဆူးနင်းခြင်း, မီးလှုံခြင်းစသော ကိုယ်ပင်ပန်းကာမျှသာ ဖြစ်သော အတ္တန္တပအကျင့် စသည်တို့၌ မယှဉ်စေမူ၍ မဇ္ဈိမပဋိပတ်၌သာ တပည့်သားတော်တို့အား ကောင်းစွာ ကျင့်စေခြင်းကို ပြီးစေတတ်သော မဟာကရုဏာ ဉာဏ်တော်၏ ပြည့်စုံကြောင်း ဖြစ်သောစရဏ တဆယ့် ငါးပါးတို့နှင့် လည်းကောင်း ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့်။သောဘဂဝါ၊-သည်။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

---

## သုဂတဂုဏ်တော် အနက် ၅-ပါး

### ၁။ တင့်တယ်စွာ သွားတော်မူခြင်း

ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ ကိလေသာတို့မှ ငြိတွယ်ခြင်းမရှိမူ၍ တင့်တယ်စွာ ဘေးမရှိသောနိဗ္ဗာန် အရပ်သို့ အရိယမဂ်ဖြင့် သွားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

### ၂။ မျက်မှောက်ပြု၍ သွားတော်မူခြင်း

တင့်တယ်စွာသောနိဗ္ဗာန်အရပ်သို့ မျက်မှောက်ပြုသောအားဖြင့် သွားတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

## ၃။ မဘောက်မပြန်သွားတော်မူခြင်း

ဒိဋ္ဌိဂတသမ္ပယုတ်လေးခု, ဝိစိကိစ္ဆာသဟဂုတ်တခု၊ ဤငါးခုတို့ကို သောတာပတ္တိမဂ်ဖြင့် ပယ်ပြီးသည်၏နောက်၌ တဘန် မဖြစ်စေရဘဲ၊ ဒိဋ္ဌိဂတဝိပ္ပယုတ် လေးခု၌ယှဉ်၍ ကာမဘုံ၌တပ်တတ်သောလောဘ,ဒေါသမူဒွေ၌ယှဉ်၍ အမျက်ထွက်ခြင်း-ရန်ငြိုးဖွဲ့ခြင်းအစရှိသောဒေါသ၊ ဤကာမရာဂ, ဒေါသတို့ကို သကဒါဂါမိမဂ်ဖြင့် ခေါင်းပါးစေပြီးသည်၏နောက်၌တဘန်မပွားစေရဘဲ၊ထိုကာမရာဂ,ဒေါသတို့ကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်ပြီးသည်၏နောက်၌ တဘန်မဖြစ်စေရဘဲ၊ ထိုမှကြွင်းသော ဘဝရာဂ,ဥဒ္ဓစ္စသဟဂုတ်တို့ကို အရဟတ္တမဂ်ဖြင့်ပယ်ပြီးသည်၏နောက်၌ တဘန်မဖြစ်စေရဘဲ မဘောက်မပြန် သွားတော် မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

## ၄။ ကောင်းစွာ လာတော်မူခြင်း

ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ သမ္ဗုဒ္ဓတ အဘိသိက်ကို ခံတော်မူသည်မှစ၍ ဗောဓိမဏ္ဍိုင် တိုင်အောင် အမျှသုံးဆယ်စေ့သော ပါရမီတို့ကို ဖြည့်ခြင်းဟု ဆိုအပ်သော သူတော် ကောင်းတို့သည် ချီးမွမ်းအပ် သဖြင့် မဘောက်မပြန် မှန်သောမဇ္ဈိမပဋိပဒါ အကျင့်ကိုသာလျှင် ကျင့်ဆောင်တော်မူသည်ဖြစ်၍ ခပ်သိမ်းသော လောက၏ စီးပွားချမ်းသာကို ပြုလျက် တရံတဆစ်မျှ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ,ကာမသုခလ္လိက,အတ္တကိလမထဟု ဆိုအပ်သော အယုတ်တရား လေးပါးတို့သို့မကပ်မူ၍ မဘောက် မပြန် သော သူတော်ကောင်း အကျင့်ဖြင့် ဗောဓိမဏ္ဍိုင် တိုင်

အောင် လာတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်း ကောင်း။

## ၅။ ကောင်းသောစကားကို ဆိုတော်မူခြင်း အကျိုးမရှိသော စကားလေးခွန်း

လူတို့စကားခြောက်ခွန်းတို့သည် ထင်ရှားရှိကုန်၏။

(၁) သီလ,သမာဓိ,ပညာရှိသောသူတို့ကို သီလ,သမာဓိ,ပညာမရှိဟူ၍ လည်းကောင်း၊ အမျိုးမြတ်သောသူတို့ကို အမျိုးယုတ်ဟူ၍ လည်းကောင်း၊ ဤသို့စသည်ဖြင့် ဆိုသောစကားကဲ့သို့ မဟုတ်,အကျိုးမရှိ,သူမနှစ်လိုသောစကား တခွန်း။

(၂) သီလ,သမာဓိ,ပညာမရှိသော သူကို သီလ,သမာဓိ,ပညာမရှိဟူ၍လည်းကောင်း၊ အမျိုးယုတ်သောသူတို့ကို အမျိုးယုတ်ဟူ၍ လည်းကောင်း၊ ဤသို့စသည်ဖြင့်ဆိုသောစကားကဲ့သို့ ဟုတ်မှန်၏, အကျိုးမရှိ, သူမနာလိုသောစကားလည်း တခွန်း။

(၃) ပုဏ္ဏားတို့၏မာယာမျှသာဖြစ်သောယဇ်ပူဇော်ခြင်းကို ပြုတတ်၏ဟု ဆိုသောစကားစသည်တို့ကဲ့သို့ မဟုတ်, အကျိုးမရှိ, သူကားနာလို၏၊ ဤစကားလည်း တခွန်း။

(၄) သူနှစ်ယောက်တို့အချစ်ပျက်အောင် ချောပစ်ကုန်းတိုက်သောစကားကဲ့သို့ ဟုတ်၏,အကျိုးမရှိ,သူနာလိုသောစကားလည်းတခွန်း။

ဤစကားလေးခွန်းတို့ကို သိတော်မူသော်လည်း အကျိုးမရှိသောကြောင့် ပြောဆိုတော်မမူ။

### အကျိုးရှိသော စကားနှစ်ခွန်း

(၁) ဒေဝဒတ္တော၊နေရယိကော စသည်ဖြင့် ဟောတော်မူသောစကားကဲ့သို့ သူမနာလို၊ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ ဤစကားလည်း တခွန်း။

(၂) အသေဝနာစဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ-အစရှိသော စကားတို့ကဲ့သို့ ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူလည်း နာလို၏၊ ဤစကားလည်းတခွန်း။

ဤသို့ခြောက်ခွန်းသောစကားတို့တွင် နောက်ဖြစ်သော စကားကောင်း နှစ်ခွန်းကိုသာ အခါကိုချင့်၍ အခွင့်ကိုသိတော်မူသည် နှင့်လျော်စွာ ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊- သည်။ သုဂတော၊ သုဂတ မည်တော်မူ၏။

---

## လောကဝိဒူ ဂုဏ်တော်

### လောက ၃-ပါး

ဇာတိပိ ဇာမိနာစ ကာရဏေန၊ ဤသို့ ဖြစ်တတ် ပျက်တတ်သော အနက်ကြောင့် လောကမည်သော ပညတ္တိဓမ္မ၊ ပရမတ္တဓမ္မအပေါင်းကို ကိစ္စလက္ခဏာအားဖြင့် လည်းကောင်း၊ အကြောင်းအားဖြင့် လည်းကောင်း၊ ချုပ်ရာအားဖြင့် လည်းကောင်း၊ ချုပ်ကြောင်းအားဖြင့် လည်းကောင်း၊ မျက်မှောက်ပြု၍ သိတော်မူပြီးသည်၏ အဖြစ်အားဖြင့်လည်းကောင်း သင်္ခါရလောက၊ သတ္တလောက၊ ဩကာသ လောကအားဖြင့်လည်း လောကသည်သုံးပါး အပြားရှိ၏။

### ၁။ သင်္ခါရလောက

ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓဖြစ်သော စတုဇရုပ် နှစ်ဆယ့်ရှစ်ခု, စိတ်ရှစ်ဆယ့်ကိုးခု, စေတသိက် ငါးဆယ့်နှစ်ခု၊ ဤတရားအပေါင်းသည် အကြောင်းကိုစွဲ၍ဖြစ်ခြင်း,ပျက်တတ်သော သဘောရှိခြင်းကြောင့် သင်္ခါရလောကမည်၏။

### ၂။ သတ္တလောက

သတ္တဝါဟူ၍လည်းကောင်း, ပါဏဟူ၍လည်းကောင်း, ဘူတဟူ၍ လည်းကောင်း, မိန်းမ-ယောကျ်ား ဟူ၍လည်းကောင်း၊ ဤသို့စသည်ဖြင့် ပညတ်အပ်သော ဣန္ဒြိယဗဒ္ဓ ရုပ်နာမက္ခန္ဓာတို့၏ အပေါင်းဖြစ်သော သဏ္ဍာနပညတ်သည် သတ္တလောကမည်၏။

### ၃။ ဩကာသလောက

ထိုသတ္တလောက၏ တည်ရာ ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓ စတုဇရုပ်အပေါင်းသည် ဩကာသလောကမည်၏။

## သင်္ခါရလောကအကျယ်

### အာဟာရဋ္ဌိတိနာမ်ရုပ်ဝေဒနာ

သင်္ခါရလောကသည်လည်း အာဟာရဟု ဆိုအပ်သော အကြောင်းလျှင် တည်ရာရှိသောကြောင့် သဗ္ဗေသတ္တာအာဟာရဋ္ဌိတိက အားဖြင့် တပါး၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ဆိုအပ်သော နာမ်တရား၊ အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ် ဟုဆိုအပ်သောရုပ်တရား၊ဤသို့ နာမ်ရုပ် အားဖြင့် လည်းနှစ်ပါး၊ ဒုက္ခဝေဒနာသုံးခု,သုခဝေဒနာခြောက်ဆယ့်သုံးခု,ဥပေက္ခာ ဝေဒနာ ငါးဆယ့်ငါးခု၊ ဤသို့ ဒုက္ခ,သုခ,

ဥပေက္ခာဟု ဆိုအပ်သော ဝေဒနာသုံးပါးတို့နှင့် ယှဉ်သင့်သည် အားလျော်စွာ သမ္ပယုတ်အားဖြင့် လည်းကောင်း, သဟဇာတ် အားဖြင့်လည်းကောင်း,အာရုံအားဖြင့်လည်းကောင်း ယှဉ်ခြင်းရှိသောကြောင့် ဝေဒနာအားဖြင့်သုံးပါး။

အာဟာရ ၄-ပါး

(၁) ဩဇာလျှင် ရှစ်ခုမြောက်သောရုပ်ကို အကျိုး၏ အဖြစ်အားဖြင့် ဆောင်တတ်သော ကဗဠီကာရာဟာရ။

(၂) ဝေဒနာသုံးပါးကို ဆောင်တတ်သော ဖဿ စေတသိက်ဟု ဆိုအပ်သော ဖဿာဟာရ။

(၃) ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ်တို့ကို ဆောင်တတ်သော ကုသိုလ်,အကုသိုလ်စေတနာဟု ဆိုအပ်သော မနောသဉ္စေတနာဟာရ။

(၄) နာမ်ရုပ်တရားတို့ကို ဆောင်တတ်သောစိတ် ရှစ်ဆယ်ကိုးခုဟု ဆိုအပ်သော ဝိညာဏာဟာရ၊ ဤသို့အာဟာရအားဖြင့်လည်းလေးပါး။

ခန္ဓာ၅-ပါး အာယတန ၆-ပါး

ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု ဆိုအပ်သော ဉပါဒါန်တရား လေးပါး၏ အာရုံသာလျှင် ဖြစ်ကောင်းသော လောကီခန္ဓာအားဖြင့် လည်းငါးပါး၊ စက္ခာယတန, သောတာယတန, ဃာနာ ယတန,ဇိဝှါယတန, ကာယာယတန,မနာယတနဟု ဆိုအပ်သော အဇ္ဈတ္တိကာယတန အားဖြင့်လည်း ခြောက်ပါး။

## ဝိညာဏဋ္ဌိတိ ၇-ပါး

(၁) လူ့ပြည်, နတ်ပြည် ခြောက်ထပ်, ဘုမ္မစိုးနတ်, ထိုဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်သော ဝိနိပါတိကဟု ဆိုအပ်သော ပြေဘုတ်ဘီလူး၊ ဤ ကာမ သုဂတိခုနစ်ဘုံ၌ သားတို့သည် ပဋိသန္ဓေအားဖြင့် သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေဟူ၍ ပဋိသန္ဓေလည်း အထူးထူး၊အသွင်သဏ္ဌာန်, အကြီးအငယ်,အနိမ့်အမြင့်,အဖြူအမည်း,အသံ,အမူအရာ စသောအားဖြင့် မိတူဘတူဖြစ်သော ညီအစ်ကို မျှသော်လည်း အလုံးစုံမတူနိုင်သည်သာဖြစ်၍ ကိုယ်လည်း အထူးထူးရှိသောကြောင့် နာနတ္တကာယ နာနတ္တသညီ တပါး။

(၂) ပဌမဈာန်သုံးဘုံ၌ ဖြစ်သော ဗြဟ္မာ၊ ထိုဗြဟ္မာတို့ထက် မဟာ ဗြဟ္မာဘုံ၌ အရောင် အဆင်းစသည် သာလွန်၏၊အပါယ်လေးဘုံတို့တွင်လည်း အချို့သောငရဲသူတို့၏ ကိုယ်ကား တဂါဝုတ်ရှိ၏၊ အချို့ တယူဇနာရှိ၏၊ ဒေဝဒတ်၏ ကိုယ်ကား ယူဇနာတရာရှိ၏၊ တိရစ္ဆာန်တို့၌လည်း အချို့ တိရစ္ဆာန်ကြီး၏၊အချို့ ငယ်၏၊အချို့ခြေနှစ်ချောင်း,အချို့ ခြေလေးချောင်း,အချို့ ခြေများစွာ,အချို့ ခြေမရှိ၊ ပြိတ္တာတို့၌လည်း အချို့ပြိတ္တာ အတောင်ခြောက်ဆယ်,အတောင်ရှစ်ဆယ်၊အချို့ လှ၏၊အချို့မလှ၊ အချို့ ပြိတ္တာတို့၏ ကိုယ်သည် မျက်စဉ်းတောင်ကဲ့သို့ ယူဇနာခြောက်ဆယ်ရှိ၏၊ အသူရကာယ်တို့၌လည်း အချို့အသူရကာယ အဆင်းလှ၏၊ အချို့မလှ၊ဤသို့စသောအားဖြင့် ကိုယ်သဏ္ဌာန် အထူးထူး အပြားပြား ရှိကုန်၏၊ ပဋိသန္ဓေ အားဖြင့်ကား ပဌမဈာန် သုံးဘုံ ဗြဟ္မာတို့သည် ပဌမဈာန်ဝိပါက် စိတ်တခုသာ၊

အပါယ်လေးဘုံ သတ္တဝါတို့သည် ဒုဂ္ဂတိအဟိတ်ပဋိသန္ဓေစိတ် တခုသာလျှင် ရှိကုန်၏၊ ဤသို့တူးသော ကိုယ်, တခုတည်းသောပဋိသန္ဓေရှိခြင်းကြောင့် နာနတ္တကာယ ဧကတ္တသညီတပါး။

(၃) ဒုတိယဈာန်သုံးဘုံ ဗြဟ္မာတို့ကား ပရိတ္တာဘာထက်, အပ္ပမာဏာဘာ,အပ္ပမာဏာဘာထက် အာဘဿရဗြဟ္မာ အရောင်အဝါမျှအယုတ်အလွန်ရှိကြသော်လည်းကိုယ်ပမာဏအားဖြင့်အကြီးအငယ်,အနိမ့်အမြင့်,သဏ္ဌာန်တူကြ၏၊ ပဋိသန္ဓေအားဖြင့်ကား ဒုတိယဈာန် ဝိပါက်စိတ်တခု, တတိယဈာန် ဝိပါက်စိတ်တခုဟူ၍ အထူးထူးသော ပဋိသန္ဓေရှိ၏၊ ဤသို့တူမျှသောကိုယ်, အထူးထူးသောပဋိသန္ဓေရှိခြင်းကြောင့် ဧကတ္တကာယနာနတ္တသညီတပါး။

(၄) ပရိတ္တသုဘာ,အပ္ပမာဏသုဘာ,သုဘကိဏှာဟုဆိုအပ်သော တတိယဈာန်သုံးဘုံ ဗြဟ္မာတို့သည် ကိုယ်သဏ္ဌာန်အားဖြင့်လည်းတူကြ၏၊ ပဋိသန္ဓေအားဖြင့်လည်းစတုတ္ထဈာန်ဝိပါက်တခုသာ၊ ဝေဟပ္ဖိုလ်,သုဒ္ဓါဝါသငါးဘုံ၊ ဤစတုတ္ထဈာန် ခြောက်ဘုံ၌ဗြဟ္မာ တို့သည်လည်း ကိုယ်သဏ္ဌာန်အားဖြင့်တူကုန်၏၊ ပဋိသန္ဓေအားဖြင့်လည်းပဉ္စမဈာန်ဝိပါက်စိတ်တခုသာ၊ဤသို့တတိယဈာန်သုံးဘုံ, စတုတ္ထဈာန်ခြောက်ဘုံအားဖြင့် ကိုးဘုံ၌ဗြဟ္မာတို့သည် ကိုယ်သဏ္ဌာန်လည်းအထူးမရှိ၊ ပဋိသန္ဓေလည်း အထူးမရှိသောကြောင့် ဧကတ္တကာယ ဧကတ္တသညီတပါး။[အသညသတ်ကိုကားဝိညာဏ်၏ တည်ရာမဟုတ်သောကြောင့်ဤဝိညာဏဋ္ဌိတိအရာ၌ မသွင်း။]

(၅) အာကာသနဉ္စာယတနမြဟ္မာလည်း အာယုသင်္ခါရစသောအားဖြင့် အသီးဖြစ်သောကြောင့် ဝိညာဏဋ္ဌိတိတပါး။

(၆) ထို့အတူ ဝိညာဏဉ္စာယတနလည်းတပါး။

(၇) အာကိဉ္စညာယတနလည်းတပါး။ [နေဝသညာနာသညာယတနဘုံကိုကား ရုန့်ရင်းသော ဝိညာဏ်မရှိခြင်းကြောင့်ဝိညာဏဋ္ဌိတိ၌မသွင်း။]

ဤသို့ နာနတ္တကာယနာနတ္တသညီစသော သတ္တဝိညာဏဋ္ဌိတိအားဖြင့် လောကသည်ခုနစ်ပါး။

လောကဓံ ၈-ပါး

(၁) လာဘော၊ လာဘ်ရခြင်း။

(၂) အလာဘော၊ လာဘ်မရခြင်း။

(၃) ယသော၊ အခြံအရံ အကျော်အစောနှင့် ပြည့်စုံခြင်း။

(၄) အယသော၊ အခြံအရံအကျော်အစောမရှိခြင်း။

(၅) နိန္ဒာ၊ သူတပါးတို့၏ အစွပ်အစွဲကိုခံရခြင်း။

(၆) ပသံသာ၊ သူတပါးတို့၏ အချီးအမွမ်းကိုခံရခြင်း။

(၇) သုခံ၊ ချမ်းသာခြင်း။

(၈) ဒုက္ခံ၊ ဆင်းရဲခြင်း။

ဤသို့ လောကဓမ္မ အားဖြင့်လည်း လောကသည်ရှစ်ပါး။

### သတ္တာဝါသ ၉-ပါး

သတ္တဝါတို့၏ နေရာသတ္တာဝါသအားဖြင့်လည်း ဆိုအပ်ပြီးသော သတ္တဝိညာဏဋ္ဌိတိခုနစ်ပါးတွင် အသညသတ်, နေဝသညာနာသညာယတန၊ ဤနှစ်ဘုံကို အသီးစီသွင်း၍ ကိုးပါး။

### အာယတန ၁၂-ပါး

ဩဠာရိကရုပ်ဖြစ်သော အာယတန အားဖြင့်လည်း စက္ခာယတန,သောတာယတန,ဃာနာယတန,ဇိဝှါယတန, ကာယာယတန, ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတန,ဖောဋ္ဌဗ္ဗာယတနဟူ၍လောကသည်ဆယ်ပါး၊ ဝိညာဏ်,နာမ်ရုပ်တို့ကိုတပေါင်းတည်းဝေဘန်သောအာယတနအားဖြင့်လည်းရှေ့၌ဩဠာရိကရုပ်အာယတနဆယ်ပါးတွင် စိတ်ရှစ်ဆယ်ကိုးခုဟုဆိုအပ်သော မနာယတန, စေတသိက်ငါးဆယ်နှစ်ခု,သုခုမရုပ်တဆယ်ခြောက်ခု, နိဗ္ဗာန်ဟုဆိုအပ်သော ဓမ္မာယတန၊ ဤမနာယတန,ဓမ္မာယတနနှစ်ပါးကိုသွင်း၍ လောကသည် တဆယ့်နှစ်ပါး။

### ဓာတ် ၁၈-ပါး

ဓာတ်အားဖြင့်လည်း စက္ခာယတနစသည်ကို စက္ခုဓာတ်စသည်ဆို၍ ထိုဆယ်ပါးသော ဩဠာရိကဓာတ်တွင် စက္ခုဝိညာဏဓာတ်, သောတဝိညာဏဓာတ်, ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏ ဓာတ်, မနောဓာတ်,မနောဝိညာဏဓာတ်, ဓမ္မဓာတ်၊ ဤရှစ်ပါးသော ဓာတ်တို့ကိုသွင်း၍ လောကသည် တဆယ့်ရှစ်ပါး၊ ဤသို့ဆိုအပ်ပြီးသောအားဖြင့် ပြားသော သင်္ခါရလောကကိုလည်းကောင်း။

## သတ္တလောက အကျယ်

### သတ္တဝါနှင့်အနုသယ

သတ္တလောကဲ့လည်း ဤသတ္တဝါသည် ဤကိုအလိုရှိ၏ဟု ခပ်သိမ်းသော သတ္တဝါတို့၏ အလိုကို လည်းကောင်း၊ ဤသတ္တဝါ၏သန္တာန်၌ ခုနစ်ပါးသော အနုသယကိန်း၏၊ ဤသတ္တဝါ၏ သန္တာန်၌ ငါးပါးသောအနုသယကိန်း၏၊ ဤသတ္တဝါ၏ သန္တာန်၌ သုံးပါးသော အနုသယကိန်း၏ဟူ၍ ခပ်သိမ်းသော သတ္တဝါတို့၏ သန္တာန်သို့ အစဉ်လိုက်၍ ဖြစ်တတ်သော—

(၁) ကာမရာဂါနုသယ,
(၂) ဘဝရာဂါနုသယ,
(၃) ပဋိဃာနုသယ,
(၄) မာနာနုသယ,
(၅) ဒိဋ္ဌာနုသယ,
(၆) ဝိစိကိစ္ဆာနုသယ,
(၇) အဝိဇ္ဇာနုသယ—

ဟုဆိုအပ်သော အနုသယ ခုနစ်ပါးတို့၏ ကိန်းခြင်းကို လည်းကောင်း။

### သတ္တဝါနှင့်စရိုက်

ဤသတ္တဝါကား-အလိုကြီးခြင်း,မက်မောခြင်း,တပ်ခြင်း လောဘစရိုက်ရှိ၏၊ ဤသတ္တဝါကား- အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, ကျေးဇူးချေခြင်း,သူတပါး ဂုဏ်ကျေးဇူးကို အပြိန်အဖျင်းပြုခြင်းစသော ဒေါသစရိုက်ရှိ၏၊ ဤသတ္တဝါကား-တွေဝေခြင်း, မိန်းမောခြင်း, မေ့လျော့ခြင်း,မသိခြင်း

မောဟစရိုက်ရှိ၏၊ ဤသတ္တဝါကား- ကောင်းသောအာရုံ, မကောင်းသော အာရုံတို့၌ ကြံခြင်း,သုံးသပ်ခြင်း ဝိတက်စရိုက်ရှိ၏၊ ဤသတ္တဝါကား- ထိုထိုသို့သော အာရုံတို့၌ ယုံကြည်ခြင်း သဒ္ဓါစရိုက်ရှိ၏၊ ဤသတ္တဝါကား- ထိုထိုသို့သော အာရုံတို့၌ သဘောလက္ခဏာစသည်တို့ကို စူးစမ်းဆင်ခြင်ခြင်း ဗုဒ္ဓိစရိုက်ရှိ၏၊ ဤသို့စသည်ဖြင့် ခပ်သိမ်းသော သတ္တဝါတို့၏အလေ့အလာစရိုက်တို့ကိုလည်းကောင်း။

### သတ္တဝါနှင့်နှလုံးသွင်း

ဤသတ္တဝါကား-နိစ္စဟု ဆိုးဖြတ်ခြင်း,နှလုံးသွင်းခြင်းရှိ၏၊ဤသတ္တဝါကား-အနိစ္စဟုဆုံးဖြတ်ခြင်း, နှလုံးသွင်းခြင်းရှိ၏-စသည်ဖြင့် နှလုံးသွင်းကိုလည်းကောင်း။

### သတ္တဝါနှင့်ကိလေသာ

ပညာမျက်စိ၌ ကိလေသာတည်းဟူသော မြူနည်းသော သတ္တဝါ, ပညာမျက်စိ၌ ကိလေသာ တည်းဟူသော မြူများသော သတ္တဝါတို့ကိုလည်းကောင်း။

### သတ္တဝါနှင့်ဣန္ဒြေ

ဤသတ္တဝါကား-ဖူးစငုံစဖြစ်၍ ရေပေါ်သို့ မတက်သေးသော ကြာငုံကဲ့သို့ သဒ္ဓါ, ဝီရိယ, ပညာ, သတိ, သမာဓိ တည်းဟူသော ဣန္ဒြေတို့သည် နုကုန်သေး၏၊ ဤသတ္တဝါကား-ရေနှင့် ထပ်တူမျှသာရှိသော ကြာငုံကဲ့သို့ သဒ္ဓါအစရှိသောဣန္ဒြေတို့သည် ရင့်ခြင်းသို့မရောက်သေး၊ ဤသတ္တဝါကား- နေအရှက်ကိုသာ ငံ့လင့်လျက် ရင့်ပြီးသည်ဖြစ်၍ ရေပေါ်သို့တက်သော ကြာငုံကဲ့သို့ ဘုရားတို့၏ ဒေသနာ ဉာဏ်တည်းဟူသော နေအရှက်ကို ငံ့လင့်လျက် ရင့်ပြီးသောဣန္ဒြေရှိ၏၊ ဤသို့—

(၁) ဥဿုဒ္ဓိတညူ,
(၂) ဝိပဉ္စိတညူ,
(၃) နေယျ—

ဟုဆိုအပ်သော ဂုဏ်ရှိအနုအရင့်ရှိသော သတ္တဝါတို့ကို လည်းကောင်း။

### သတ္တဝါနှင့်အခြင်းအရာ

ဤသတ္တဝါကား-ကာယသုစရိုက်စသည်တို့ဖြင့် ကောင်းသောအခြင်းအရာရှိ၏၊ ဤသတ္တဝါကား- ကာယဒုစရိုက်စသည်တို့ဖြင့်မကောင်းသောအခြင်းအရာရှိ၏၊ဤသို့ကောင်းသောအခြင်းအရာ,မကောင်းသောအခြင်းအရာရှိကုန်သော သတ္တဝါတို့ကိုလည်းကောင်း။

### သတ္တဝါနှင့်အန္တရာယ်

ချွတ်ခြင်းငှါ လွယ်သောသတ္တဝါ, ချွတ်ခြင်းငှါ ခဲသော သတ္တဝါတို့ကိုလည်းကောင်း။

ဤသတ္တဝါကား-ဈာန်,မဂ်,ဖိုလ်ကို ဆီးတားတတ်သော ဒုဂ္ဂတိအဟိတ်,သုဂတိအဟိတ်, ဒွိဟိတ်ပဋိသန္ဓေဟု ဆိုအပ်သော ဝိပါကန္တရာယ်ရှိခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား-ဈာန်,မဂ်, ဖိုလ်ကို မြစ်စေတတ်သော မာတုဃာတက, ပိတုဃာတက, အရဟန္တဃာတက, လောဟိတုပ္ပါဒက, သံဃဘေဒကအားဖြင့် ငါးပါးသော အာနန္တရိယကံဟု ဆိုအပ်သော ကမ္မန္တရာယ်ရှိခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား- ဈာန်,မဂ်,ဖိုလ်ကို မြစ်စေတတ်သော အကိရိယ, နတ္ထိက အစရှိသော မိစ္ဆာဒိဋ္ဌိအယူဟု ဆိုအပ် သော ကိလေသန္တရာယ်ရှိခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား- သောတာပန်အစရှိသော အရိယာတို့အား ကံသုံးပါးတို့တွင် တပါးပါးဖြင့် စွပ်စွဲပြစ်မှားခြင်းတည်းဟူသော အရိယူပဝါဒန္တရာယ်ဟု ဆိုအပ်သောကံမငြိမ်းခြင်းကြောင့် မကျွတ်ထိုက်။

ဤသတ္တဝါကား- မြတ်စွာဘုရား အာဏာ တော်ကိုလွန်ကျူးခြင်း တည်းဟူသော အာဏာဝီတိက္ကမန္တရာယ်မငြိမ်းခြင်းကြောင့် မကျွတ်ထိုက်။

## ကျွတ်ထိုက်သူ-မကျွတ်ထိုက်သူ

ဤသတ္တဝါကား- ထိုအန္တရာယ်ငါးပါး မရှိသော်လည်း မဂ်,ဖိုလ်၏ အဆောက်အဦ မရှိခြင်းကြောင့် မကျွတ်ထိုက်၊ ဤသတ္တဝါကား ဖြစ်လတ္တံ့သော သဗ္ဗညုတဉာဏ်စသည်တို့၌ တောင့်တခြင်းဖြင့် ပဒပရမဖြစ်ခြင်းကြောင့် မကျွတ်ထိုက်၊ ဤသတ္တဝါကား-ဝိပါကန္တရာယ် အစရှိသည် ကင်းသည်ဖြစ်၍ မဂ်,ဖိုလ်၏ အဆောက်အဦ ပြည့်စုံခြင်းကြောင့် ဤဘဝကျွတ်ထိုက်၏၊ ဤသတ္တဝါကား-ဒုတိယဘဝ, တတိယဘဝစသည်တို့၌ ကျွတ်လတ္တံ့၊ ဤသို့အားဖြင့် ကျွတ်ထိုက်သောသတ္တဝါ, မကျွတ်ထိုက်သော သတ္တဝါတို့ကိုလည်း ကောင်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော ခန္ဓာတို့၏ အပေါင်းသတ္တသဏ္ဌာနပညတ်ဟု ဆိုအပ်သော ခပ်သိမ်းကုန်သော သတ္တလောကကိုလည်းကောင်း။

## ဩကာသလောကအကျယ်
## မြေထု–ရေထု–လေထု

ထိုသတ္တလောက၏ တည်ရာ ဩကာသ လောက၌လည်း တခုတခုသော စကြဝဠာတိုက်သည် အလျားအနံ အခြင်းအရာအားဖြင့် ယူဇနာတသန်းနှစ်သိန်း သုံးထောင့် လေးရာ့ ငါးဆယ်၊အဝန်း အားဖြင့် ယူဇနာသုံးသန်း ခြောက်သိန်း တသောင်း သုံးရာ့ ငါးဆယ်သော စကြဝဠာ အတွင်း၌ ပံသုပထဝီတသိန်းနှစ်သောင်း၊ ထိုမြေကိုခံသော သိလာပထဝီတသိန်းနှစ်သောင်းအားဖြင့် နှစ်သိန်း လေးသောင်းသော မြေအထု၊ ထိုစကြဝဠာမြေကို ခံသော အစောက်ယူဇနာလေးသိန်း ရှစ်သောင်းရှိသော ရေအထု၊ ထိုရေကိုခံသောအစောက်ယူဇနာကိုးသိန်းခြောက်သောင်း ရှိသော လေအထု။

## မြင်းမိုရ်တောင်

ဤသို့စသောအားဖြင့်တည်သောစကြဝဠာတိုက်တခု၏ အလယ်၌ သိလာပထဝီမှ ပံသု ပထဝီကိုဘောက်၍ အမြင့်ယူဇနာ ရှစ်သောင်း ပေါ်ထွက်သော ဖလ်အထွဋ်၊ ငွေအထွဋ်၊ ဣန္ဒနီလာမြအထွဋ်အားဖြင့် သုံးခုသောအထွဋ်ပေါ်၌ ယူဇနာ လေးထောင်တိုင်တိုင်စူး၍တည်သော တောင်တကာတို့ထက်မြင့်သည်ဖြစ်၍ မြတ်သော မြင်းမိုရ်တောင်မင်းသည် သီဒါသမုဒ္ဒရာတွင်းသို့နစ်လျက်တည်သည့် ယူဇနာ ရှစ်သောင်းလေးထောင်၊ သီဒါ သမုဒ္ဒရာပေါ်မှ အထက်သို့ အမြင့်ရှစ်သောင်းလေးထောင်၊ အချင်းလည်း ရှစ်သောင်း လေးထောင်၊ အဝန်းလုံးပတ် နှစ်သိန်းငါးသောင်း နှစ်ထောင်။

## သီဒါသမုဒ္ဒရာ–တောင်စဥ် ၇–ထပ်

(၁) ထိုမြင်းမိုရ်တောင်အပြင်၌ သီဒါ သမုဒ္ဒရာအကျယ်ယူဇနာရှစ်သောင်းလေးထောင်၊ ထိုသီဒါရံသော ယုဂန္ဓိုရ်တောင်ရေထဲသို့နစ်သည့် လေးသောင်းနှစ်ထောင်၊ အမြင့်လည်းလေးသောင်းနှစ်ထောင်၊ ထိုယုဂန္ဓိုရ်တောင်ကို ရံသောသီဒါလည်း လေးသောင်း နှစ်ထောင်။

(၂) ဤသို့ထက်ဝက်စီဆုတ်သောအားဖြင့် ဤသဓရတောင်အမြင့် နှစ်သောင်းတထောင်။

(၃) ကရဝီကတောင်အမြင့် တသောင်းငါးရာ။

(၄) သုဒဿနတောင်အမြင့် ငါးထောင့် နှစ်ရာ့ငါးဆယ်။

(၅) နေမိန္ဓရတောင် အမြင့်နှစ်ထောင့် ခြောက်ရာ့နှစ်ဆယ့်ငါးယူဇနာ။

(၆) ဝိနတကတောင်အမြင့် တထောင့်သုံးရာ့တဆယ့်နှစ်ယူဇနာ နှစ်ဂါဝုတ်။

(၇) အဿကဏ်တောင် အမြင့်ခြောက်ရာ့ငါးဆယ့်ခြောက်ယူဇနာ တဂါဝုတ်။

ဤတောင်ကြီး ခုနစ်လုံးတို့သည် သီဒါသမုဒ္ဒရာ တခုတခုစီခြားလျက် စက်အဝန်းတံတိုင်းသဖွယ်ကဲ့သို့ မြင်းမိုရ်တောင်မင်းကို အဆင့်ဆင့်ရံ၍တည်ကုန်၏။

## ဆားငံသမုဒ္ဒရာ–စကြဝဠာတောင်

အဿကဏ်တောင်၏အပြင်မှ ဆားငံ သမုဒ္ဒရာသည် ကျွန်းကြီးကျွန်းငယ် ပေါ်သည့်တိုင်အောင် အစဥ်အတိုင်းတိမ်၏၊ ကျွန်းပေါ်သည်မှ စကြဝဠာတောင်ခြေရင်းတိုင်

အောင် အစဉ်အတိုင်းနက်၏၊ စကြဝဠာ တောင်ကား ဆားငံသမုဒ္ဒရာ၌ နစ်သည့်ရှစ်သောင်းနှစ်ထောင်၊ အမြင့်လည်းရှစ်သောင်းနှစ်ထောင်၊အလုံးစုံသောကျွန်း,သမုဒ္ဒရာ, တော,တောင်တို့ကို တံတိုင်းသဖွယ်ရံလျက် ရေ၌ရွှေလင်ပန်းအဝန်းကဲ့သို့တည်၏၊

## နေ့,လ,နက္ခတ်,တာရာ

အသဃကဏ်တောင်နှင့် စကြဝဠာ တောင်၏အကြား၌ သုံးပါးသောခရီးဝီထိတို့ဖြင့်ယုဂန္ဓိုရ်တောင်နှင့်အမျှနေ့,လ, နက္ခတ်, တာရာ, ကြယ်အပေါင်းတို့သည်ဝိဝဋ္ဋဌာယီကာလပတ်လုံး တနေ့မပြတ် လှည့်လည်ကုန်၏၊ လ၏အချင်းလေးဆယ့်ကိုးယူဇနာ၊ အဝန်း တရာ့လေးဆယ့် ခုနစ်ယူဇနာ၊ နေ၏အချင်း ယူဇနာငါးဆယ်၊အဝန်းတရာ့ငါးဆယ်၊ လထက် နေ တယူဇနာချင်း၏။

## သမုဒ္ဒရာရေ အရောင်အဆင်း

မြင်းမိုရ်တောင်၌ ဣန္ဒနီလာမြအထွန်းရောင်ဖြင့်တောင်မျက်နှာစကြဝဠာအထိလွှမ်းခြင်းကြောင့် သီဒါသမုဒ္ဒရာ, ဆားငံသမုဒ္ဒရာတို့သည် စိမ်းညိုသော အဆင်းရှိကုန်၏၊ ဖန်အထွန်းအရောင်ဖြင့် အနောက်မျက်နှာ, ငွေအထွန်းအရောင်ဖြင့် အရှေ့မျက်နှာ, ပြကတေ့သောရွှေရောင်ဖြင့် မြောက်မျက်နှာ စကြဝဠာအထိလွှမ်းခြင်းကြောင့်ထိုအရပ်သုံးမျက်နှာတို့၌လည်း သီဒါသမုဒ္ဒရာ, ဆားငံသမုဒ္ဒရာတို့သည် အစဉ်အတိုင်း ပြာသောအဆင်း, ဖြူသောအဆင်း, ရွှေသောအဆင်းရှိကုန်၏၊ ထိုအရောင်လေးပါးဖြင့် သမုဒ္ဒရာလေးစင်းဟု ခေါ်ဝေါ်အပ်၏။

### တာဝတိံသာ နတ်ပြည်

မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ပြည်၌ အရှေ့တံခါးမှသည် အနောက်တံခါးတိုင်အောင်, တောင်တံခါးမှသည် မြောက်တံခါးတိုင်အောင် ယူဇနာတသောင်း။

### ဝေဇယန္တာရထား

ဝေဇယန္တာရထားနောက်စွန်းမှရထားအိမ်တိုင်အောင် ယူဇနာငါးဆယ်၊ ရထားအိမ်နောက်စွန်းမှ ရှေ့အစွန်းတိုင်အောင်ယူဇနာငါးဆယ်၊ ရထားအိမ်ရှေ့အစွန်းမှရထားဦးထမ်းပိုးတိုင်အောင်ယူဇနာငါးဆယ်အားဖြင့်နောက်အစွန်းမှသည်ရှေ့အစွန်းတိုင်အောင် တရာ့ငါးဆယ် ယူဇနာ၊တခုတည်းသော ထမ်းပိုး၌ သိန္ဓောမြင်းတထောင်ကအပ်၏။

### ပဏ္ဍုကမ္ဗလာကျောက်ဖျာ

ပဏ္ဍုကမ္ဗလာ ကျောက်ဖျာအလျား ယူဇနာခြောက်ဆယ်၊အနံယူဇနာငါးဆယ်၊ ထုတဆယ့်ငါးယူဇနာ။

### အသုရာပြည်

မြင်းမိုရ်တောင်အောက်အပြင်ကို ကောင်းကင်ပြုလျက် အထွဋ်သုံးခုတို့၏ အကြား ရွှေသဲပြင်၌ တာဝတိံသာနတ်ပြည်ကဲ့သို့ ကသစ်ပင်မှ တပါး အလုံးစုံ တူသော အသုရာပြည်ယူဇနာတသောင်း။

### ဇမ္ဗူဒီပကျွန်း

ကျွန်းငယ်ငါးရာအခြံအရံရှိသောဇမ္ဗူဒီပါကျွန်းတောင်မျက်နှာအတို့၌ အရှေ့အနောက်အားဖြင့် ယူဇနာ လေးထောင်၊ အရှေ့မျက်နှာ,အနောက်မျက်နှာ,မြောက်မျက်နှာတို့၌ ယူဇနာနှစ်ထောင်စီရှိသောအားဖြင့် အဝန်းယူဇနာ

တသောင်း၊အထောင့်အားဖြင့်လည်း ခြောက်ထောင့်ရှိ၏၊ သဏ္ဍာန်အားဖြင့် လှည်းဦးကင်းသဏ္ဍာန်ရှိ၏၊ ရေနေ့, တောနေ့,လူနေကို ထောက်သောအားဖြင့် ယူဇနာလေးထောင်ခန့်သော ကျွန်းအပြင်ကို မဟာသမုဒ္ဒရာဆားငံရေလွှမ်းလျက်တည်၏။

### ဟိမဝန္တာတောတောင်

တောနေအားဖြင့်ဟိမဝန္တာတောင် အမြင့်ယူဇနာငါးရာ၊ အကျယ် ယူဇနာသုံးထောင်၊ အထွဋ် ရှစ်သောင်းလေးထောင်။

### မြစ်ငယ်ငါးရာ

တောင်၏ထက်ဝန်းကျင်စီး၍ အနဝတတ်အိုင်သို့ ဆင်းသော မြစ်ငယ်ငါးရာ အလျား, အနံ,အစောက် အားဖြင့် ယူဇနာငါးဆယ်။

### အိုင်ကြီး ၇-အိုင်

အဝန်းအားဖြင့် တရာ့ငါးဆယ်စီရှိသော အနဝတတ်, ကဏ္ဏမုဏ္ဍ, ရထကာရ, ဆဒ္ဒန္တ, ကုဏာလ, မန္တာကိနီ, သီဟပပါတဟု ဆိုအပ်သောအိုင်ကြီးခုနစ်အိုင်။

### တောင်ငါးလုံး

(၁) အနဝတတ်အိုင်ကို ရံသော ရွှေဖြင့် ပြီးသော အတွင်းသို့ ကုပ်လျက် ကျီးနှုတ်သီးကဲ့သို့ တည်သော သုဒဿနတောင်အမြင့်ယူဇနာနှစ်ရာ။

(၂) ထို့အတူရံသော ရတနာ နစ်ပါးဖြင့် ပြီးသော စိတြတောင်။

(၃) မျက်စဉ်းကွဲသို့ညိုသော အဆင်းဖြင့် ပြီးသော ကာလတော်င်။

(၄) ငွေစင်ဖြင့်ပြီးသော ကေလာသတောင်။

(၅) ပတ္တမြားပြောက်ဖြင့်ပြီးသော ဂန္ဓမာဒနတောင်၊ ထိုဂန္ဓမာဒနတောင်ထွင့်၌ ပတ္တမြားဂူ၏ ရှေ့တူရူ၌ရောက်သော မဉ္ဇူသကပန်းပင်အမြင့်တယူဇနာ။

### ခံတွင်းလေးခုပြွန်လေးမြွာ

(၁) အနဝတတ်အိုင်၏အရှေ့မျက်နှာ၌ ခြင်္သေ့ခံတွင်း၊
(၂) အနောက်မျက်နှာ၌ ဆင်ခံတွင်း၊
(၃) မြောက်မျက်နှာ ၌မြင်းခံတွင်း၊
(၄) တောင်မျက်နှာ၌ ဥသဘခံတွင်း။

### ဂင်္ဂါ ၅-ခု

(၁) ဤပြွန်လေးမျက်နှာတို့၌ အသီးအသီး ထွက်၍ အနဝတတ်အိုင်ကို သုံးပတ်စီ လှည့်လျက် စီးကုန်သော အာဝဋ္ဋဂင်္ဂါတဆယ့်နှစ်ခွဲ၊ရေအလျဉ်သုံးဂါဝုတ်စီ။

ခြင်္သေ့ခံတွင်း, ဆင်ခံတွင်း,မြင်းခံတွင်းတို့မှ ထွက်သောရေအလျဉ်သည် အရှေ့သမုဒ္ဒရာ, အနောက်သမုဒ္ဒရာ, မြောက်သမုဒ္ဒရာသို့ချည်း ဆင်းလေ၏၊ လူတို့၏သုံးဆောင်ရာမဟုတ်။

(၂) တောင်မျက်နှာ ဥသဘခံတွင်းမှထွက်၍ လက်ျာရစ်သုံးပတ်လှည့်သော အာဝဋ္ဋဂင်္ဂါမှ အပေါ်ကျောက်ဖျာအပြင်သို့ စီးလေသော ကဏှဂင်္ဂါယူဇနာ ခြောက်ဆယ်။

(၃) ထိုမှတောင်ဖီလာသို့ခတ်၍ ရေလုံး သုံးဂါဝုတ် ပမာဏ ကောင်းကင်သို့ တက်လေသော အာကာသဂင်္ဂါ ယူဇနာခြောက်ဆယ်။

ထိုကောင်းကင်မှ တိယင်္ဂလကျောက်ဖျာ အပြင် သို့ ကျသဖြင့် ရေအလျဉ် ပြင်းခြင်းကြောင့် တွင်းဖြစ် သောတိယင်္ဂလရေကန် အလျား,အနံ, အစောက်, ယူဇနာငါးဆယ်။

(၄) ထိုရေကန်မှ ကျောက်ကိုခွဲ၍ ချောက်ထဲသို့ဆင်း လေသော ဗဟလဂင်္ဂါယူဇနာခြောက်ဆယ်။

(၅) ထိုချောက်မှတခဲနက်သော မြေကိုထွင်း၍ ဥမင် ခရီးဖြင့်စီးလေသော ဥမင်္ဂဂင်္ဂါယူဇနာခြောက်ဆယ်။

## မြစ်ကြီးငါးသွယ်

ထိုဥမင်္ဂဂင်္ဂါမှ တိရစ္ဆမည်သော တောင်ဖီလာကိုခတ်မိ သဖြင့် လက်ဝါးအပြင်၌ လက်ချောင်းကဲ့သို့ ရေအလျဉ် ငါးသွယ်ဖြာ၍ လူနေရာမဇ္ဈိမဒေသတိုက်သို့ စီးလာသော ဂင်္ဂါ,ယမုနာ,အစိရဝတီ,သရဘူ,မဟီဟူ၍ မြစ်ကြီးငါးစင်း အကျယ်တဂါဝုတ်စီ၊ ဤသို့တောနေ,ရေနေမှ ကြွင်းသော လူနေသုံးထောင်။

## သောင်းလေးရပ်

ဇမ္ဗူဒိပ်ကျွန်းအောက်၌တည်သော အဝီစိငရဲကြီးလည်း အချင်းယူဇနာတသောင်း၊ ဤသို့ဆိုအပ်ခဲ့ပြီးသောအားဖြင့် တာဝတိံသာပြည်,အသုရာပြည်, အဝီစိငရဲ, ဇမ္ဗူဒိပ်ကျွန်း ယူဇနာတသောင်းစီ။

## ကျွန်းကြီးသုံးကျွန်း

(၁) ကျွန်းငယ် အခြံအရံနှင့်တကွဖြစ်သော ဥတ္တရကုရုကျွန်းကြီးကားအင်းပျဉ်သဏ္ဍာန်လေးထောင့်၊တမျက်နှာတမျက်နှာ၌ ယူဇနာနှစ်ထောင်စီအားဖြင့် အဝန်းယူဇနာရှစ်ထောင်။

(၂) ကျွန်းငယ်ငါးရာ အခြံအရံနှင့်တကွသော ပုဗ္ဗဝိဒေဟကျွန်းကြီးလထက်ဝက်သဏ္ဍာန်နှစ်ထောင့်၊ အဝန်းယူဇနာခုနစ်ထောင်။

(၃) ကျွန်းငယ်ငါးရာ အခြံအရံနှင့်တကွ ဖြစ်သော အပရဂေါယာဉ်ကျွန်းကြေးမုံသဏ္ဍာန်၊ အဝန်းယူဇနာခုနစ်ထောင်။

## သစ်ပင်ကြီးခုနစ်ပင်

(၁) ဇမ္ဗူဒိပ်ကျွန်းဦး၌ရောက်သော ဇမ္ဗူသပြေပင် ပင်စည်လုံးပတ်တဆယ့်ငါးယူဇနာ၊ပင်စည်အမြင့် ယူဇနာငါးဆယ်၊ပင်စည်အခွမှအထက်သို့ တက်သည့်ခက်မလည်း ယူဇနာငါးဆယ်၊ လေးမျက်နှာသို့ သွားသော ခက်မလေးဖြာလည်း ယူဇနာ ငါးဆယ်စီအားဖြင့် အမြင့် အချင်း ယူဇနာတရာ။

(၂) ထိုအတူ အသုရာပြည်၌ သခွတ်ပင်၊

(၃) ဂဠုန်ပြည် မြင်းမိုရ်တောင် ဒုတိယ အာလိန်၌ လက်ပံပင်၊

(၄) အပရဂေါယာဉ်ကျွန်း၌ ထိမ်ပင်၊

(၅) ဥတ္တရကုရုကျွန်း၌ပဒေသာပင်၊

(၆) ပုဗ္ဗဝိဒေဟကျွန်း၌ ကုက္ကိုပင်,
(၇) တာဝတိံသာ နတ်ပြည်၌ ပင်လယ်ကသစ်ပင်၊ ဤသစ်ပင်ကြီး ခုနစ်ပင်တို့သည် အမြင့်အချင်း ယူဇနာတရာစီ။

## စကြဝဠာတည်နေပုံ

ဤသို့ဆိုအပ်ခဲ့ပြီးသော အလုံးစုံသည် တခုသော စကြဝဠာတိုက်မည်၏၊ ထိုစကြဝဠာတိုက်တို့သည် ရေအပြင်၌ အနားရေးချင်း စပ်ကာစပ်ကာ တည်ထားအပ်သော ရွှေလင်ပန်းကဲ့သို့ လောကသန္တာရကရေအပြင်၌ စကြဝဠာတောင် စက်ဝန်းနားချင်းထိကာထိကာတစပ်တည်းမဟုတ်မူ၍ အဆုံးမရှိသောအားဖြင့် များစွာမရေတွက်နိုင်တည်ကုန်၏။

## လောကန္တရိက်ရေငရဲ

စကြဝဠာသုံးခုသုံးခုတို့၏အကြား၌လည်း မိဘကိုမရိုသေခြင်း အစရှိသော မကောင်းမှုကိုပြုသောသူတို့၏ခံရာ လောကန္တရိက်ရေငရဲတို့သည်လည်း အဆုံးမရှိမရေတွက်နိုင်များစွာကုန်၏။

ဤသို့ဖြစ်တတ်,ပျက်တတ်သောသဘောရှိသောအလုံးစုံသော သင်္ခါရလောကကိုလည်းကောင်း၊ထိုသင်္ခါရလောကဖြင့်ပြီးသော အလုံးစုံသော အဆုံးမရှိသော သတ္တလောကကိုလည်းကောင်း၊ ထိုသတ္တလောကတည်ရာသင်္ခါရလောကဖြင့်ပြီးသော အလုံးစုံအဆုံးမရှိသော ဩကာသလောကကိုလည်းကောင်း။

### အသာဓာရဏဥာဏ်တော်

ပစ္စေကဗုဒ္ဓါ,သာဝကတို့နှင့်မဆက်ဆံသောအာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်, ယမကပါဋိဟာရိယဉာဏ်, မဟာကရုဏာသမာပတ္တိဉာဏ်, သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ်ဟု ဆိုအပ်သော အသာဓာရဏဉာဏ်အစရှိသော အလုံးစုံအဆုံးမရှိ မရေတွက်နိုင်သော မြတ်စွာဘုရားဉာဏ်တော်ဖြင့် လက်ဝါးပြင်၌ ထားအပ်သော ရှစ်ရှားသီးကိုကဲ့သို့ အကုန်အစင် သိမြင်တော်မူပြီးသည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊-သည်။လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။

---

## * အနုတ္တရဂုဏ်တော်

### တူသောသူကိုမြင်တော်မမူခြင်း

ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့နတ်ပြည် ခြောက်ထပ်,ဗြဟ္မာ့ပြည်နှစ်ဆယ်နှင့်တကွသောဩကာသလောက၊ သမုတိနတ်တည်းဟူသော မင်းရှိသော လူ,ရဟန်း,ပုဏ္ဏားနှင့်တကွသော သတ္တလောက၌ အခြေမရှိသော သတ္တဝါ, အခြေနှစ်ချောင်းရှိသော သတ္တဝါ, အခြေလေးချောင်းရှိသောသတ္တဝါ, အခြေများစွာရှိသော သတ္တဝါ, ရုပ်သာရှိသောသတ္တဝါ, နာမ်သာရှိသောသတ္တဝါ, သိမ်မွေ့သော နာမက္ခန္ဓာသာရှိ၍ ဘုံတကာတို့၏ အထွတ်သို့ ရောက်ပြီးသော နေဝသညာနာသညာယတနသတ္တဝါ အပေါင်းတို့တွင် ပါရမီသမ္ဘာရအစရှိသည်ဖြင့် ကိုယ်တော်နှင့်တူသော တစုံတယောက်သောသူမျှမရှိသည်ဖြစ်၍—

ဘွားတော်မူစသာ ဖြစ်လျက်လည်း မြောက်သို့ ခုနစ်လှမ်း ရွှေစက်တော်ဖြန့်၍ တသောင်းသော စကြဝဠာတိုက်ကို ငါနှင့်တူသောသူ ရှိသလောဟု ကြည့်တော်မူသောအခါ ဒိဗ္ဗစက္ခု အဘိညာဏ်ကို မရဘဲလည်း ပါရမီတော်ဘုန်းတော်ကြောင့် ထို လောက အလုံးစုံပွင့်လျက် ပြကတေ့သော မျက်စိ တော်ဖြင့် နတ်ဗြဟ္မာနှင့်တကွ အလုံးစုံသော လောက၌ ကိုယ်တော်နှင့်တူသောသူကို မမြင်သည် ဖြစ်၍ လည်းကောင်း။

## ရဲရင့်ခွာကြိုးပတော်မူခြင်း

ကမ္ဘာတသောင်း ခြောက်ထောင် အသက်ရှည်သော အကနိဋ္ဌရဟန္တာ ဗြဟ္မာကြီးသည်လည်း ထိုအခါလက်အုပ် ချီလျက်"ဤလောကအလုံးစုံ၌ အဘက်မရှိသောယောကျ်ား မြတ်····သင်သည်သာလျှင် လောက၏အထွတ်, လောက ၏ အကြီး,လောက၏ချီးမွမ်းအပ်သောသူတို့ထက် အမြတ် တည်း၊သင်ထက်မြတ်သောသူသည်ဤလောက၌တယောက် သောသူမျှမရှိ"ဟု ကောင်းချီးပေးသဖြင့် ဘွားစသာဖြစ်၍ ပုထုဇဉ်ဖြစ်သော ကိုယ်တော်လျက်လည်း သာမညဖြစ် သော ပုထုဇဉ်တို့ကို လက်အုပ်ချီလျှင် ထိုသူတို့ ဦးခေါင်း ရှစ်စိတ်ကွဲ၍ မြေသို့ကျခြင်းငှါစွမ်းနိုင်သော အရဟတ္တဖိုလ် ဂုဏ်နှင့် ပြည့်စုံသော ရဟန္တာဗြဟ္မာကြီး၏ ရှိခိုးပူဇော်ခြင်း ကိုခံတော်မူ၍—

"အဂ္ဂေါဟမသ္မိ လောကဿ၊
ဇေဋ္ဌောဟမသ္မိ လောကဿ၊
သေဋ္ဌောဟမသ္မိ လောကဿ"—

ဟု အနုတ္တရ,ဇေယျ,သေဋ္ဌအဖြစ်ကိုရဲရင့်စွာကြီးပတော်မူ၍သဗ္ဗညုတအဖြစ်သို့ရောက်တော်မူပြီးသော်ကား အတိုင်းထက်လွန်သောဂုဏ်တော်အပေါင်းတို့၏ စုဝေးရာဆုံရာဖြစ်သဖြင့် ထိုအလုံးစုံသောလောက၌ ကိုယ်တော်၏သီလနှင့်တူသော သီလရှိသောသူ, ကိုယ်တော်၏သမာဓိနှင့်တူသော သမာဓိရှိသောသူ, ကိုယ်တော်၏ပညာနှင့်တူသော ပညာရှိသောသူ, ကိုယ်တော်၏ အရဟတ္တဖိုလ်နိဗ္ဗာန်နှင့်တူသော အရဟတ္တဖိုလ်နိဗ္ဗာန်ရှိသောသူ, ကိုယ်တော်၏ ပစ္စဝေက္ခဏာဉာဏ်အမြင်နှင့်တူသော ပစ္စဝေက္ခဏာ ဉာဏ်အမြင်ရှိသောသူ အစရှိသည်ဖြင့် တခုတခုသော ဂုဏ်အင်္ဂါမျှ တူသော ဂုဏ်ရှိသောသူရှိတော်မမူ၊ ထိုထိုသို့သော ပါရမီသမ္ဘာရ,သီလ,သမာဓိ, ပညာ,ဝိမုတ္တိ,ဉာဏဒဿနအစရှိသော မရေတွက်နိုင်သော ကျေးဇူးတော်တို့ဖြင့် လောကသုံးပါးကို နှိပ်နင်းတော်မူ၍ တုပြိုင်နိုင်းယှဉ်စရာ ဥပမာမရှိသော ရှေးရှေးသောဘုရားတို့နှင့်သာ တူတော်မူသည်၏အဖြစ်ကြောင့်။သောဘဂဝါ၊-သည်။အနုတ္တရော၊အနုတ္တရမည်တော်မူ၏။

## *ပုရိသဒမ္မသာရထိဂုဏ်တော်

### တိရစ္ဆာန်တို့အား ဆုံးမတော်မူခြင်း

ဇာတိပိ ဇာမိနာစ ကာရဏေန၊ ဤသို့ မယဉ်ကျေးသည်ဖြစ်၍ ဆုံးမအပ်သော ဟိမဝန္တာ၌နေသော အပလာဠနဂါးမင်း,နာဂဒီပကျွန်း၌နေသော စူဠောဒရ,မဟောဒရအမည်ရှိသော နဂါးမင်းတို့၏ဦးရီး သီဟိုဠ်ကျွန်း၌နေသော အဂ္ဂိသိခနဂါးမင်း,ဓူမသိခနဂါးမင်း,ရာဇဂြိုဟ်ပြည်၌ဒေဝဒတ်ကို

အမှိုပြုသဖြင့် တဆယ့်ခြောက်လုံးသော သေတ္တိကိုတိုက်၍ မြတ်စွာဘုရားကိုသတ်စိမ့်သောငှါ အဇာတသတ်မင်းသည် လွှတ်အပ်သော နောက်မှ ဥစ္စာကိုဆောင်ခြင်း,စောင့်ခြင်းကြောင့် ဓနပါလအမည်ကိုရသော နာဠာဂိရိဆင်အစရှိသော တိရစ္ဆာန်ယောကျ်ားတို့အား ဒေါသ, မာန အစရှိသော အဆိပ်အတောက်တို့ကို ဖျောက်ပယ်တော်မူ၍ သဒ္ဒါ, မေတ္တာတည်းဟူသောစိတ်၏ ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးစေလျက် သရဏဂုံ,သီလ၌တည်စေသောအားဖြင့် ဆုံးမတော်မူတတ်ထသော—

## လူတို့အား ဆုံးမတော်မူခြင်း

ဝေသာလီပြည်၌ နိဂဏ္ဌ တက္ကတွန်း၏သားဖြစ်၍ အထောင်မကသောပြဿနာတို့ဖြင့် ဇမ္ဗူဒိပ်အပြင်၌ ထင်ရှားကျော်စောခြင်း ဖြစ်သော သစ္စကပရိဗိုဇ်, ဇာဏုဿောနဂ်လရွာစားဖြစ်၍ လောကီအတတ်ဂုဏ်ဖြင့် ကျော်စောထင်ရှားသော ပေါက္ခရသာတိပုဏ္ဏား, တပည့်ဖြစ်သော အမ္ဗဋ္ဌလုလင်, စမ္ပာနဂိုရ်ပြည်၌ ခြောက်သောင်းသောတပည့်တို့၏ ပါမောက္ခဖြစ်၍ လောကီအတတ်၌ ကျော်စောထင်ရှားသော သောဏဒဏ္ဍပုဏ္ဏား,မဂဓရောဇ်တိုင်း၌ လောကီအတတ်ဖြင့် ကျော်စောထင်ရှားလျက် ယဇ်ပူဇော်ခြင်းကိုစီရင်သော ကူဋဒန္တပုဏ္ဏား အစရှိသော လူယောကျ်ားတို့အားလည်း ဒေါသ,မာန အစရှိသော အဆိပ်အတောက်ကို ဖျောက်ပယ်တော်မူ၍ သဒ္ဒါ,မေတ္တာ တည်းဟူသောစိတ်၏ ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးစေလျက် သရဏဂုံ, သီလစသော တရားတို့၌တည်စေသောအားဖြင့် ဆုံးမတော်မူတတ်ထသော—

## နတ်တို့အား ဆုံးမတော်မူခြင်း

အာဠဝိပြည်၏ မနီးမဝေးသော တောအုပ်၌ ပညောင်ပင်ကြီး တခုကိုမှီ၍ ဘုံဗိမာန်ဖြင့်နေသော အာဠဝက ဘီလူး, ဟိမဝန္တာတော၌ နေသော အပ်သွားကဲ့သို့ ကိုယ်မွေးထက်သော သူစိလောမဘီးလူး, အုန်း၍ရှပ်ကဲ့သို့ ကိုယ်မွေးကြမ်းသော ခရလောမဘီလူး, သိကြားနတ်မင်းအစရှိသော နတ်ယောကျ်ားတို့အား လည်းကောင်း၊ ဒေါသ, မာန အစရှိသော အဆိပ်အတောက်ကို ဖျောက်ပယ်တော်မူ၍ သဒ္ဓါ,မေတ္တာ အစရှိသောစိတ်၏ ယဉ်ကျေးခြင်းဖြင့် ယဉ်ကျေးစေလျက် သရဏဂုံ, သီလ စသော တရားတို့၌ တည်စေသောအားဖြင့် ဆုံးမတော် မူတတ်ထသော–

### ဥပါယ်တမျဉ်ဖြင့်ဆုံးမတော်မူခြင်း

ထိုသို့ ဆုံးမတော်မူသော်လည်း သတ္တဝါတို့၏ အလိုစသည်ကို မဆင်ခြင်မူ၍ သက်သက်သာဆုံးမတော်မမူဘဲ–

(၁) ခက်ကြမ်းသောသူတို့အား ခက်ကြမ်းသဖြင့်,
(၂) သိမ်မွေ့နူးညံ့သောသူတို့အားသိမ်မွေ့နူးညံ့သဖြင့်,
(၃) မနုမကြမ်း ဖြစ်သော သူတို့အား မနုမကြမ်းသော အဆုံးအမဖြင့်–

ပုဂ္ဂိုလ်အားလျော်စွာ ထိုသူတို့၏ ကိုယ်၌ကိန်းသော အဆိပ်အတောက်ကို ပယ်ခြင်းငှါ စွမ်းနိုင်သော အထူးထူး အပြားပြား ဆန်းကြယ်သော ဆုံးမခြင်း၏ အကြောင်း ဥပါယ်တမျဉ်တို့ဖြင့် လည်းကောင်း။

### သီလဖြင့်ဆုံးမတော်မူခြင်း

(၁) ဆုံးမတော်မူပြီး၍ ယဉ်ကျေးပြီးသောသူ,
(၂) မဆုံးမရဘဲ ရှေးရှေးသော ဉပနိဿယနှင့်လျော်စွာ ယဉ်ကျေးပြီးသောသူ၊

ထိုသူတို့အားလည်း သီလစင်ကြယ်ကြောင်း ဖြစ်သောနည်းကို လည်းကောင်း။

### ဈာန်ဖြင့်ဆုံးမတော်မူခြင်း

သီလစင်ကြယ်ပြီးသောသူတို့အား ပဌမဈာန်ကိုရခြင်း၏ အကြောင်း ဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းနည်းကို လည်းကောင်း၊ ပဌမဈာန်ကိုရပြီးသော သူတို့အား ဒုတိယဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းနည်းကို လည်းကောင်း၊ ဒုတိယဈာန်ကို ရပြီးသော သူတို့အား တတိယဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းနည်းကို လည်းကောင်း၊ တတိယဈာန်ကို ရပြီးသော သူတို့အား စတုတ္ထဈာန်ကို ရခြင်း၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်းစီးဖြန်းနည်းကို လည်းကောင်း၊သမာပတ်ပြည့်စုံပြီးသောသူတို့အားအဘိညာဏ်ရခြင်း၏အကြောင်းဖြစ်သော ဘာဝနာပွါးနည်းကို လည်းကောင်း။

### မဂ်ဖြင့်ဆုံးမတော်မူခြင်း

သီလစင်ကြယ်ပြီးသောသူတို့အား သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်း ဝိပဿနာ စီးဖြန်းနည်းကို လည်းကောင်း၊သောတာပန်ဖြစ်ပြီးသောသူတို့အား သကဒါဂါမိမဂ်ရခြင်း၏အကြောင်း ဝိပဿနာ စီးဖြန်းနည်းကိုလည်းကောင်း၊သကဒါဂါမိဖြစ်ပြီးသောသူတို့အား အနာဂါမိမဂ်

ရခြင်း၏ အကြောင်း ဝိပဿနာ စီးဖြန်းနည်းကို လည်း ကောင်း၊အနာဂါမိဖြစ်ပြီးသောသူတို့အား အရဟတ္တမဂ်ရ ခြင်း၏အကြောင်းဝိပဿနာစီးဖြန်းနည်းကိုလည်းကောင်း။

ဤသို့ အပြားရှိသော အထူးထူး အသွယ်သွယ် ဆန်း ကြယ်စွာသော ဆုံးမခြင်း၏ အကြောင်း နည်းဥပဒေသတို့ ဖြင့် လူယောကျ်ား,နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ား တို့ကို ကောင်းစွာ ဆုံးမတော်မူတတ်သည်၏ အဖြစ်ကြောင့် လည်း။ သောဘဂဝါ၊-သည်။ ပုရိသဒမ္မသာရထိ၊ပုရိသဒမ္မ သာရထိ မည်တော်မူ၏။

## အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်

### ဥပမာန နည်းညွှန်

အနုတ္တရောပုရိသဒမ္မသာရထိဟု တပုဒ်တည်းပြု၍ အနက်ကို ဝေဘန်သောအားဖြင့်လည်း—

ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့ မယဉ်ကျေးသော ဆင်ကို ယဉ်ကျေးအောင် ဆုံးမတတ်သော ဆင်ဆရာ၊ မယဉ်ကျေးသော မြင်းကို ယဉ်ကျေးအောင် ဆုံးမတတ် သော မြင်းဆရာ အစရှိကုန်သော ဆရာတို့သည် ကောင်း စွာ ဆုံးမအပ်သဖြင့် ယဉ်ကျေးသောအဖြစ်သို့ ရောက်ကုန် ပြီးသော ဆင်,မြင်း အစရှိသည်တို့ကို ယဉ်ကျေးစွာစိုင်းနှင် သည်ရှိသော် တခုသောအရပ်မျက်နှာသို့သာလျှင် ပြေးစေ ခြင်းငှါ စွမ်းနိုင်ကုန်၏၊တပြိုင်နက်တည်းဖြင့်မျက်နှာမလှည့် မတိမ်းဘဲ အရပ်ရှစ်မျက်နှာတို့သို့ပြေးစေခြင်းငှါ မစွမ်းနိုင် ကုန်။

## ဥပမေယျနည်းညွှန်

မြတ်စွာဘုရားသည်ဆုံးမတော်မူအပ်သဖြင့် သမာပတ်, အဘိညာဏ် စသောအားဖြင့် တရားသို့ရောက်၍ ယဉ်ကျေးကုန်ပြီးသော သာဝက အပေါင်းတို့သည် မျက်နှာမလှည့်မတိမ်းဘဲ တထက်ဝယ်တည်းဖြင့် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန်,အာကာသာနဉ္စာယတန,ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန အားဖြင့် သမာပတ် ရှစ်ပါးတည်းဟူသော အရပ်ရှစ်မျက်နှာတို့သို့ ကောင်းစွာ ဝသီဘော် ငါးပါးကိုဖြစ်စေသဖြင့် မငြိမယှက်ဝင်စားခြင်းတည်းဟူသော မဟာဂ္ဂုတ် ကုသိုလ်ကြိယာဇောစိတ္တုပ္ပါဒ်တို့၏ ပြေးခြင်းဖြင့် ပြေးစေခြင်း ငှါ ဆုံးမတော် မူတတ်သည်ဖြစ်၍ ခပ်သိမ်းစုံ ဆုံးမတတ်ကုန်သော ဆရာတို့တွင် အတုမရှိဆုံးမတတ်သောဆရာဖြစ်တော်မူသည်၏ အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊-သည်။ အနုတ္တရောပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူ၏။

---

## သတ္ထာဒေဝမနုဿာနဂုဏ်တော်အနက် ၂-ပါး

### ၁။ နတ်လူတို့၏ဆရာဖြစ်တော်မူခြင်း

ဣတိပိ ဣမိနာစ ကာရဏေန၊ ဤသို့တရားတော်၏ အနက်ကိုလည်းကောင်း, တရားတော်၏ဒေသနာတော် ဟူ၍လည်းကောင်း အမှတ်မရှိ မသိသော်လည်း တရားတော်တည်းဟူသော အသံနိမိတ်ကိုမျှကြားနာရခြင်း ဥပနိဿယကိုရသဖြင့် ဤဘဝမကျွတ်ထိုက်သော ဒုဂ္ဂတိအဟိတ်ဖြစ်သော စမ္ပာနဂိုရ်ပြည် ဂဂ္ဂရရေကန်နား၌ ဘားငယ်အစရှိ

သော သတ္တဝါတို့အားလည်း ဒုတိယဘဝ, တတိယဘဝအစရှိသည်တို့၌ မဂ်,ဖိုလ်ရခြင်း၏ အဘို့ရှိသည်သာလျှင်ဖြစ်၍ ခပ်သိမ်းကုန်သောသတ္တဝါတို့၏ဆရာဟုဆိုအပ်လျက် ပဓာနနည်း- နိဒဿနနည်းအားဖြင့် အမြတ်ကို ပိုင်းခြားသည်ဖြစ်၍လည်းကောင်း, ကျွတ်ထိုက်သောပုဂ္ဂိုလ်ကို ပိုင်းခြားသည်ဖြစ်၍လည်းကောင်း ခပ်သိမ်းကုန်သော နတ်,ဗြဟ္မာ, ပရိသတ်အပေါင်းတို့အား—

(၁) ပစ္စုပ္ပန်၌ဖြစ်သော အကျိုးစီးပွား,

(၂) တမလွန်၌ဖြစ်သော အကျိုးစီးပွား,

(၃) မဂ်, ဖိုလ်,နိဗ္ဗာန်တည်းဟူသော မြတ်သောအကျိုးစီးပွား-

တို့ကိုရခြင်း၏အကြောင်းဖြစ်သော သုတ္တန် ဒေသနာ, အဘိဓမ္မာဒေသနာ, ဝိနည်းဒေသနာတို့ဖြင့် အစဉ်ဆုံးမတော်မူတတ်သော ဆရာဖြစ်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။

## ၂။ လှည်းမှူးသဘွယ်ဖြစ်တော်မူခြင်း

ဥစ္စာနှင့်တကွသွားတတ်သောကြောင့် သတ္ထဟုဆိုအပ်ကုန်သော ငါးရာ, တထောင် စသည်ဖြင့် များစွာသော လှည်းကုန်သည်တို့ကို-

(၁) စောရကန္တာရဟု ဆိုအပ်သော ခိုးသူရှိသော ခရီးခဲ,

(၂) ဝါဠကန္တာရဟု ဆိုအပ်သော သားရဲရှိသော ခရီးခဲ,

(၃) ဒုဗ္ဘိက္ခကန္တာရဟုဆိုအပ်သော ငတ်မွတ်သော ခရီးခဲ,

(၄) နိရူဒကကန္တာရဟုဆိုအပ်သော ရေမရှိသော ခရီးခဲ–

တို့မှကောင်းသော အစီအရင်ဖြင့် ဘေးမရှိရာအရပ်သို့ ထုတ်ဆောင်ပို့ကယ်တတ်သည်၏အဖြစ်ကြောင့် သတ္တဝါဟ ဟုဆိုအပ်သောလှည်းမှူး, ယာဉ်မှူးနှင့်သာ တူတော်မူသည် ဖြစ်၍ လှည်းကုန်သည်နှင့်တူကုန်သော လူ,နတ်, ဗြဟ္မာအ ပေါင်းတို့ကို-

(၁) ဇာတိကန္တာရ- ပဋိသန္ဓေနေခြင်းတည်းဟူသော ခရီးခဲ,

(၂) ဇရာကန္တာရ- အိုခြင်းတည်းဟူသောခရီးခဲ,

(၃) မရဏကန္တာရ- သေခြင်းတည်းဟူသော ခရီးခဲ,

(၄) ဗျာဓိကန္တာရ- နာဖျားခြင်း အန္တရာယ်ဘေးဥ ပဒ်တည်းဟူသော ခရီးခဲ–

တို့မှ ဝိပဿနာတည်းဟူသော ကောင်းသော အစီအ ရင်ဖြင့် ဘေးမရှိသောနိဗ္ဗာန်အရပ်သို့ ထုတ်ဆောင် ပို့ ကယ်တော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ သောဘဂဝါ၊-သည်။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာဒေဝ မနုဿာနမည်တော်မူ၏။

---

## ဗုဒ္ဓဂုဏ်တော်အနက် ၂-ပါး

### ၁။ ဉေယျခံတရား ၅-ပါးကိုသိတော်မူခြင်း

(၁) ဣတိပိ ဣမိနာစ ကာရဏေန၊ဤသို့အကြောင်း တရားတို့သည် ပြုပြင်အပ်သော အနက်ရှိသော နိဗ္ဗာန်မှ တပါးသောလောကီဝဋ်တရား,လောကုတ္တရာတရားဟု ဆို အပ်သောသင်္ခါရ။

(၂) ဘောက်ပြန်ခြင်းအနက်ရှိသော လောကီတရား အပေါင်းဟုဆိုအပ်သော ဝိကာရ၊ တနည်းလည်း- ဝိကာ ရရုပ်ငါးခုဟု ဆိုအပ်သောဝိကာရ။

(၃) စိတ်သည် အာရုံကို သိခြင်းလက္ခဏာ၊ စေတ သိက်သည် ဖုသနအစရှိသော အသီးအသီး ငါးဆယ့်နှစ် ပါးသောလက္ခဏာ၊ ရုပ်သည်သီတဥတု,ဥဏှဥတုတို့ကြောင့် ဘောက်ပြန်ခြင်းလက္ခဏာ၊ နိဗ္ဗာန်သည် ဝဋ်တရားမှထွက် မြောက်ခြင်း လက္ခဏာ၊ ဤသို့စသည်ဖြင့် လည်းကောင်း၊ လောကီစိတ်စေတသိက်ရုပ်တရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ၊ မဂ်စိတ္တုပ္ပါဒ်, ဖိုလ်စိတ္တုပ္ပါဒ်သည် အ နိစ္စ, အနတ္တလက္ခဏာ၊ နိဗ္ဗာန်သည်အနတ္တလက္ခဏာ၊ ဤ သို့အားဖြင့်လည်းကောင်း၊ လောကီ, လောကုတ္တရာ ဖြစ် သောခပ်သိမ်းကုန်သော တရားတို့၏လက္ခဏာ။

(၄) အကြောင်းတရားတို့သည် မပြုပြင်အပ်သောမဂ် ဖိုလ်၏အာရုံဖြစ်သောအသင်္ခတ,သန္တ,ပဏီတ,နိယျာနိက, ဓုဝ, နိစ္စ, ကေန္တသုခ, ခေမ, အဘယပုရဟု ဆိုအပ်သော နိဗ္ဗာန်။

(၅) ဤမည်သော ပရမတ္ထဓမ္မ၏ အပေါင်းအစိတ်ကို ဤသို့သော အမည်ဖြင့်တင်၍ ခေါ်ဝေါ်ခြင်း, ပရမတ္ထအား ဖြင့် ထင်ရှားမရှိသော သမ္မုတိမျှကို တခုခုသောအမည်ဖြင့် တင်၍ ခေါ်ဝေါ်ခြင်းဟုဆိုအပ်သောပညတ်။

ဤသို့အားဖြင့်ပြားသော သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်,ပညတ်တည်းဟူသော ဉေယျဓံတရားငါးပါးတို့ကို-

(၁) မဂ်ဉာဏ်တည်းဟူသော ဓမ္မစက္ခု,

(၂) အဘိညာဏ် တန်ခိုးဖြင့်မပြီးမူ၍ ပြကတေ့သော ပညာဟု ဆိုအပ်သော ပညာစက္ခု၊

(၃) ဒိဗ္ဗဝိဟာရ ဖြစ်သော စတုတ္ထဈာန်ကိုအခြေပြု၍ အဘိညာဏ် ကိစ္စဖြင့် ပြီးသောဉာဏ်တော်ဟု ဆိုအပ်သော ဒိဗ္ဗစက္ခု၊

(၄) အာသယာနုသယဉာဏ် အစရှိသော ဗုဒ္ဓစက္ခု၊

(၅) ထက်ဝန်းကျင် အကုန်အစင် သိမြင်တတ်သော သဗ္ဗညုတ ဉာဏ်ဟုဆိုအပ်သော သမန္တစက္ခု၊

ဤသို့ မံ့စက္ခု၊ ပညာစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု ဟုဆိုအပ်သော ငါးပါးသော ဉာဏ်မျက်စိတော်ဖြင့် အလိုရှိတိုင်း သိမြင်တော်မူပြီး၊ သိမြင်တော်မူဆဲ၊ သိမြင်တော်မူလတ္တံ့ ဖြစ်တော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

## ၂။ သစ္စာ ၄-ပါးကိုသိတော်မူခြင်း

(၁) နှိပ်စက်အပ်သော သဘော၊ ပြုပြင်အပ်သော သဘော၊ပူပန်တတ်သောသဘော၊ ဘောက်ပြန်တတ်သော သဘော၊ ဤအနက်လေးပါးရှိသော တေဘူမကဝဋ်တရားဟုဆိုအပ်သော ဒုက္ခသစ္စာ။

(၂) ဒုက္ခသစ္စာကိုအားထုတ်ခြင်းသဘော၊အကြောင်းဟူသော သဘော၊ ဝဋ်တရား၌ ယှဉ်တွဲဖွဲ့နှောင်တတ်သော သဘော၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ပိတ်ပင်တတ်သော သဘော၊ ဤအနက်လေးပါးရှိသောတဏှာဟုဆိုအပ်သော သမုဒယသစ္စာ။

(၃) ဝဋ်တရားမှ ထွက်မြောက်တတ်သော သဘော, ကာယ, စိတ္တ, ဥပဓိတို့မှ ဆိတ်ခြင်း ကင်းခြင်း သဘော, အကြောင်းတရားတို့သည် မပြုပြင်အပ်သောသဘော, သေခြင်းကင်းသောသဘော၊ ဤအနက်လေးပါးရှိသောနိဗ္ဗာန်ဟုဆိုအပ်သော နိရောဓသစ္စာ။

(၄) ဝဋ်တရားမှ ထွက်မြောက်ကြောင်း ဖြစ်သော သဘော, နိဗ္ဗာန်ကိုမြင်ခြင်းသဘော, အစိုးရခြင်း၏ အကြောင်းဖြစ်သော သဘော, ချုပ်ကြောင်း ဖြစ်သော သဘော၊ ဤအနက်လေးပါးရှိသော မဂ္ဂသစ္စာ။

ဤသို့တဆယ့်ခြောက်ချက်အားဖြင့် အနက်ပြားသော သစ္စာလေးပါးတို့ကို အရဟတ္တမဂ်ဉာဏ်တော်ဖြင့် နေအရုဏ်သည် ညဉ့်ကိုကုန်စေခြင်း,အမိုက်တိုက်ကိုဖျောက်ခြင်း, အလင်းကိုဖြစ်စေခြင်း,သတ္တဝါတို့အားရဲရင့်စေခြင်း၊ဤကိစ္စလေးပါးတို့ကို တပြိုင်နက်ပြီးစေသကဲ့သို့ တပြိုင်နက်တည်း တချက်သော စိတ္တက္ခဏ၏ ဥပါဒ်ဖြင့် အကုန်အစင်သိမြင်တော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ထိုသစ္စာလေးပါးတရားတို့ကို ကျွတ်ထိုက်ကုန်သော ဝေနေယျတို့အား သိစေတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ သောဘဂဝါ၊-သည်။ ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏။

---

## ဘဂဝါဂုဏ်တော် အနက် ၈-ပါး

### ၁။ ပါရမီအထွဋ်အမြတ်သို့ရောက်တော်မူခြင်း

ဠတိပိ ဠမိနာစ ကာရဏေန၊ ဤသို့လောကီချမ်းသာ, လောကုတ္တရာချမ်းသာကို ပြီးစေတတ်သော ဒါန, သီလ အစရှိသော ပါရမီ အထွဋ်အမြတ်သို့ ရောက်ခြင်းဟု ဆို

အပ်သော ပဇ္ဇောကဗုဒ္ဓါ,သာဝကတို့ထက် လွန်ကဲကြီးမြတ်သော ဘုန်းရှိတော် မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

## ၂။ မာရ်ငါးပါးကိုချိုးဖဲ့ဖျက်ဆီးတော်မူခြင်း

### ကေကကိလေသာ

(၁) အလိုရမ္မက်ကြီးခြင်းဟု ဆိုအပ်သော လောဘ, အမျက်ထွက်ခြင်းဟုဆိုအပ်သောဒေါသ,မိုက်မဲ တွေဝေခြင်းဟုဆိုအပ်သောမောဟ, ဘောက်ပြန်သော နှလုံးသွင်းခြင်းဟုဆိုအပ်သော ဝိပရိတမနသိကာရ။

### ဒုကကိလေသာ

မကောင်းမှုတို့မှ မရှက်ခြင်းဟုဆိုအပ်သော အဟိရိက၊ မကောင်းမှုတို့မှ မလန့်ခြင်းဟု ဆိုအပ်သော အနောတ္တပ္ပ။

တကြိမ်အမျက်ထွက်ခြင်းဟု ဆိုအပ်သောကောဓ၊အမြဲနှလုံးထားလျက် ကိုးပါးသောအကြောင်းကို အစွဲပြုသဖြင့် ရန်ငြိုးဖွဲ့ခြင်းအမျက်ထွက်ခြင်းဟု ဆိုအပ်သော ဉပနာဟ။

သူ့ကျေးဇူးကို ချေခြင်းတည်း ဟုဆိုအပ်သောမက္ခ၊သူတပါးဂုဏ်ကျေးဇူးကို အဖျင်းဖျင်းပြုခြင်းဟု ဆိုအပ်သော ပလာသ၊

သူတပါးတို့၏ ဥစ္စာ,ပညာ,သဒ္ဓါ,သီလတို့၌ ငြူစူစောင်းမြောင်းခြင်းဟုဆိုအပ်သောဣဿာ၊ မိမိဥစ္စာ,ပညာစသည်တို့ကို သူတပါးတို့ မရမသိစေခြင်းငှါ ဝန်တိုပိတ်ပင်ခြင်းဟုဆိုအပ်သော မစ္ဆရိယ။

မဟုတ်မမှန်သောအမှုဖြင့် သူတပါးတို့အား လှည့်ပတ်ခြင်းဟု ဆိုအပ်သောမာယာ၊ စဉ်းလဲစဉ်းစား ပြုခြင်းဟုဆိုအပ်သော သာဌေယျ။

အမျိုး,စည်းစိမ်, ပညာစသည်တို့ကိုမှီ၍ခက်ထန်ခြင်းဟုဆိုအပ်သော ထမ္ဘ၊ သူတပါးတို့အား ချုတ်ချယ်ခြင်းဟုဆိုအပ်သော သာရမ္ဘ။

အမျိုး,စည်းစိမ်,သုတ, ပညာ စသည်တို့ကိုမှီ၍ ထောင်လွှားခြင်းဟု ဆိုအပ်သော မာန၊အယုတ်သော မာန်မူခြင်းဟု ဆိုအပ်သော အတိမာန။

ကိလေသာတို့ဖြင့် ယစ်ခြင်းဟုဆိုအပ်သော မဒ၊ကုသိုလ်တရားတို့၌ မေ့လျော့ခြင်းဟု ဆိုအပ်သော ပမာဒ။

ခပ်သိမ်းသော အာရုံတို့၌ တပ်ခြင်းဟု ဆိုအပ်သော တဏှာ၊ အပြစ်ကိုမမြင်တတ်သော မောဟဟု ဆိုအပ်သော အဝိဇ္ဇာ။

## တိကကိလေသာ

လောဘ,ဒေါသ,မောဟ ဟုဆိုအပ်သော အကုသိုလ်၏အမြစ်သုံးပါး၊ ကာယဒုစရိုက် အစရှိသော အကုသိုလ်ဒုစရိုက်သုံးပါး။

တဏှာ,ဒိဋ္ဌိ,မာနဟုဆိုအပ်သောညစ်ညူးကြောင်းတရားသုံးပါး။

ရာဂ,ဒေါသ, မောဟဟု ဆိုအပ်သော အညစ်အကြေးသုံးပါး။

ထိုတရားသည်ပင် မညီမညွတ်ခြင်းကို ပြုတတ်သောကြောင့် ဝိသမမည်သော မညီမညွတ်ခြင်းသုံးပါး။

အလိုရှိခြင်း,နှစ်သက်ခြင်းကာမ၊စိုးရိမ်ပူပန်ခြင်း, နှသုံးမသာခြင်းဗျာပါဒ၊ ညှဉ်းဆဲခြင်း, ဖျက်ဆီးခြင်း ဝိဟိံသဟုဆိုအပ်သော အမှတ်သညာသုံးပါး။

ကာမဝိတက်,ဗျာပါဒဝိတက်,ဝိဟိံသဝိတက်ဟု ဆိုအပ်သော ဝိတက်သုံးပါး။

ဘဝသုံးပါး၌ ကြာမြင့်စွာဖွဲ့နှောင်တတ်သော ပပဥ္စမည်သော တဏှာ,ဒိဋ္ဌိ,မာနဟု ဆိုအပ်သော ပပဥ္စတရားသုံးပါး။

## စတုက္ကကိုလေသာ

အနိစ္စေနိစ္စန္တိသညာဝိပရိယေသော- အနိစ္စသဘောကို နိစ္စဟု အမှတ်ရှိ၍ မှားသောအားဖြင့် ရှာမှီးခြင်း၊ ဒုက္ခေသုခန္တိသညာ ဝိပရိယေသော-ဒုက္ခသဘောကိုသုခဟုအမှတ်ရှိ၍ မှားသောအားဖြင့် ရှာမှီးခြင်း၊ အသုဘေသုဘန္တိသညာဝိပရိယေသော-အသုဘသဘောကို သုဘဟုအမှတ်ရှိ၍မှားသောအားဖြင့် ရှာမှီးခြင်း၊အနတ္တေ အတ္တာတိ သညာဝိပရိယေသော- အနတ္တသဘောကို အတ္တဟု အမှတ်ရှိ၍ မှားသောအားဖြင့် ရှာမှီးခြင်း၊ ဤသို့မှားသော ရှာမှီးခြင်း တရားလေးပါး။

ကာမရာဂ,ဘဝရာဂ, ဒိဋ္ဌိ,မောဟဟု ဆိုအပ်သော အာသဝေါတရားလေးပါး၊ဩဃတရားလေးပါး၊ ယောဂတရားလေးပါး။

အဘိဇ္ဈာ,ဗျာပါဒ,သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသဟု ဆိုအပ်သော ဂန္ထတရားလေးပါး။

ဆန္ဒာ,ဒေါသ,ဘယာ,မောဟ ဟုဆိုအပ်သော အဂတိလေးပါး။

အိပ်ရာနေရာ,အဝတ်သင်္ကန်းစသော ပစ္စည်းလေးပါးတို့၌ တပ်တတ်သော တဏှာလေးပါး။

ကာမုပါဒါန်အစရှိသော ဥပါဒါန်တရားလေးပါး။

### ပဉ္စကကိလေသာ

ဗုဒ္ဓေကင်္ခတိ-ဘုရား၌ယုံမှားခြင်း၊ ဓမ္မေကင်္ခတိ-တရား၌ယုံမှားခြင်း၊ သံဃေကင်္ခတိ-သံဃာ၌ယုံမှားခြင်း၊ သိက္ခာယကင်္ခတိ-မိမိသိက္ခာသီလ၌ယုံမှားခြင်း၊သဗြဟ္မစာရီသုကုပ္ပတိ-အပြစ်ကင်းသော သီတင်းသုံးဘော် အတူနေအဆွေခင်ပွန်းကောင်းတို့၌ အပြစ်ကိုကြံစည်သောအားဖြင့် ပြစ်မှားခြင်းဟု ဆိုအပ်သော နှလုံးတံသင်းသဖွယ်ဖြစ်သော စေတောခိလငါးပါး။

ကာမဂုဏ်တို့၌တပ်ခြင်း, မိမိကိုယ်ကိုတပ်ခြင်း, ရူပါရုံကိုတပ်ခြင်း,ဝမ်းဝစားလျက် ချမ်းသာစွာအိပ်၍သာ နေခြင်း, နတ်ပြည်စည်းစိမ်ကိုသာ တောင့်တ၍ ကျင့်ခြင်းဟု ဆိုအပ်သောစိတ်ကို မြဲစွာဖွဲ့ဘတ်သော ဝိနိဗန္ဓတရားငါးပါး။

ကာမစ္ဆန္ဒ,ဗျာပါဒ, ဝိစိကိစ္ဆာ,ထိနမိဒ္ဓ,ဥဒ္ဓစ္စ ကုက္ကုစ္စ ဟုဆိုအပ်သော ဈာန်၏ရန်သူဖြစ်သော နီဝရဏတရားငါးပါး။

ရူပါရုံ,သဒ္ဒါရုံ,ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့၌အလွန်နှစ်သက်ခြင်းဟု ဆိုအပ်သော အဘိနန္ဒနငါးပါး။

### ဆက္ကကိလေသာ

ကောဓ- အမျက်ထွက်ခြင်း၊ ဥပနာဟ- ရန်ငြိုးဖွဲ့ခြင်း၊ မက္ခ-ကျေးဇူးချေခြင်း၊ သာဌေယျ- စဉ်းလဲစဉ်းစားပြုခြင်း၊ ပါပိစ္ဆတာ-ယုတ်မာသော အလိုရှိခြင်း၊ သန္ဒိဋ္ဌိပရာမာသ-မိမိအယူမမှန်ဘဲလျက် အမှန်ပြု၍ သုံးသပ်ခြင်းဟု ဆိုအပ်သော ခိုက်ရန်ဖြစ်ခြင်း ငြင်းခုံခြင်းကြောင့် ဖြစ်သော ဝိဝါဒမူလတရား ခြောက်ပါး၊ ရူပတဏှာ အစရှိသော တဏှာအပြားခြောက်ပါး။

သတ္တကကိလေသာ

ကာမရာဂါနုသယအစရှိသော အနုသယခုနစ်ပါး။

အဋ္ဌကက္ကိလေသာ

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိဟုဆိုအပ်သော မှားခြင်း၏ အကြောင်းဖြစ်သောမိစ္ဆာတရားရှစ်ပါး။

နဝကကိလေသာ

တဏှာံပဋိစ္စပရိယေသနာ၊ တဏှာကိုအစွဲပြု၍ ရှာမှီးခြင်းဖြစ်သည်တပါး။ ပရိယေသနံပဋိစ္စလာဘော၊ ရှာမှီးခြင်းကိုအစွဲပြု၍ရသည်တပါး။ လာဘံပဋိစ္စဝိနိစ္ဆယော၊ ရခြင်းကိုအစွဲပြု၍ ဤမျကားသုံးဆောင်မည်၊ ဤမျကားထားခဲ့စသည်ဖြင့် မှတ်သားကြံစည်ခြင်းတပါး။ ဝိနိစ္ဆယံပဋိစ္စဆန္ဒရာဂေါ၊ ထိုသို့ကြံခြင်းကိုအစွဲပြု၍ အားနည်းသောရာဂ, အားကြီးသောရာဂဖြစ်သည်တပါး။ ဆန္ဒရာဂံပဋိစ္စအဇ္ဈောသနံ၊ ဆန္ဒရာဂကိုအစွဲပြု၍ ငါ့ဥစ္စာဟု မက်မောခြင်းဖြစ်သည်တပါး။ အဇ္ဈောသနံပဋိစ္စ ပရိဂ္ဂဟော၊ မက်မောခြင်းကိုအစွဲပြု၍သိမ်းဆည်းသိမှီးခြင်းတပါး။ ပရိဂ္ဂဟံပဋိစ္စမစ္ဆရိယံ၊ သိမှီးခြင်းကိုအစွဲပြု၍ သူ နှင့်မဆက်ဆံစေခြင်းငှါ ဝန်တိုခြင်းဖြစ်သည်တပါး။ မစ္ဆရိယံပဋိစ္စအာရက္ခာ၊ ဝန်တိုခြင်းကိုအစွဲပြု၍ စောင့်ရှောက်ခြင်းဖြစ်သည် တပါး။ အာရက္ခံပဋိစ္စပါပကမ္မံ၊ စောင့်ရှောက်ခြင်းကို အစွဲပြု၍ငြင်းခုံခြင်းစသော များစွာသော မကောင်းမှုဖြစ်သည် တပါး။ ဤသို့တဏှာလျှင် အရင်းရှိသောတရားကိုးပါး။

### ဒသကကိလေသာ

ပါဏာတိပါတအစရှိသော အကုသလကမ္မပထ တရား ဆယ်ပါး။

### ၆၂-ပါးသောမိစ္ဆာဒိဋ္ဌိ

သဿတဝါဒလေးပါး, ဧကစ္စသဿတဝါဒလေးပါး, အန္တာနန္တိကဝါဒလေးပါး, အမရာဝိက္ခေပ ဝါဒလေး ပါး, အဓိစ္စသမုပ္ပန္နဝါဒနှစ်ပါး, သညီဝါဒတဆယ့်ခြောက် ပါး,အသညီဝါဒရှစ်ပါး, နေဝသညီ နာသညီဝါဒရှစ်ပါး, ဥစ္ဆေဒဝါဒခုနစ်ပါး, ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒငါးပါး၊ ဤသို့အားဖြင့် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ။

### ၁၀၈-ပါးသောတဏှာ

ရူပတဏှာစသော တဏှာခြောက်ပါးကို ကာမ,ဘဝ, ဝိဘဝဟုဆိုအပ်သော ဘုံသုံးပါးဖြင့်မြှောက်၍ တဆယ့်ရှစ် ပါး၊ ထိုတဆယ့်ရှစ်ပါးကို အဇ္ဈတ္တသန္တာန်,ဗဟိဒ္ဓသန္တာန် နှစ်ပါးဖြင့် မြှောက်၍ သုံးဆယ့်ခြောက်ပါး၊ ထိုသုံးဆယ့် ခြောက်ကို ပစ္စုပ္ပန်,အတိတ်,အနာဂတ်အားဖြင့် ကာလ သုံးပါးဖြင့်မြှောက်၍ တရာ့ရှစ်ပါးအပြားရှိသော တဏှာ ဝိစရိုက်။

### အသိန်းမကသော ကိလေသာ

အာရုံစသည်ကို ဝေဘန်ခြင်း, အခြင်းအရာစသည် ကိုဝေဘန်ခြင်းစသောအားဖြင့် အသိန်းမကများစွာကုန် သောကိလေသာအပေါင်းတို့ကိုလည်းကောင်း၊ ထိုဆိုအပ်ခဲ့ ပြီးသောတရားအပေါင်းတို့ကိုသတ္တဝါတို့အားပူပန်စေတတ် ခြင်းအနက် တူသောအားဖြင့် တခုတည်းသာယူ၍ ကိလေ သမာရ်,

(၂) အဘန်တလဲလဲ ဘဝသုံးပါး၌ ဖြစ်တတ်သော ခန္ဓမာရ်,

(၃) ခန္ဓာငါးပါးစသည်တို့ကို ပြုပြင်တတ်သော ကုသိုလ်, အကုသိုလ်စေတနာဟုဆိုအပ်သော အဘိသင်္ခါရမာရ်,

(၄) ခန္ဓာငါးပါးတို့၏ အဘန်တလဲလဲပျက်ခြင်းဟု ဆိုအပ်သောမစ္စုမာရ်,

(၅) ဝသဝတ္တိမာရ်နတ်သားဟုဆိုအပ်သော ဒေဝပုတ္တမာရ်၊

ဤသို့မာရ်ငါးပါးတို့ကို အကြွင်းမဲ့ ချိုးဖွဲ့ဖျက်ဆီးတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

[ဘဂဝါအနက် ၃-ကား အကျဉ်းအကျယ် မထုးပြီ။]

၄။ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူခြင်း

(၁) အဏိမာ၊အဏုမြူပမာဏရှိသော ကိုယ်တော်ကို ဖြစ်စေခြင်း။ လဃိမာ၊ ကောင်းကင်သွားခြင်း စသည်ဖြင့် စိတ်ကဲ့သို့လျင်မြန်ပေါ့ပါးအောင် ကိုယ်တော်ကို ဖြစ်စေခြင်း။ မဟိမာ၊ စကြဝဠာတိုက်ကို ဖုံးလွှမ်းခြင်းငှာ စွမ်းနိုင်သောကိုယ်တော် အတိုင်းအရှည် ကြီးအောင် ဖြစ်စေခြင်း။ ပတ္တိ၊ လိုရာအရပ်သို့အလိုရှိတိုင်း ရောက်စေခြင်း။ပါကမ္မ၊အဓိဋ္ဌာန်ခြင်းအစရှိသောအားဖြင့်အလိုအတိုင်းပြီးစေခြင်း။ဤသိတာ၊ ဝသီဘော်သို့ရောက်စေသဖြင့် စိတ်ပိုင်နိုင်အစိုးရခြင်း၊ဝသိတာ၊တန်ခိုးအဘိညာဏ်၌ဝသီဘော်ဖြင့်လိုတိုင်းပါအောင်လေ့လာတော်မူခြင်း။ ယတ္ထကာမဝသာယိတာ၊ သတ္တိသား၏အသွင်စသည်ကို ပြုခြင်း,ကောင်းကင်သွားခြင်းစသည်ဖြင့်တစုံတခုပြုတော်မူသော်လည်း အမှတ်

မရှိသောအရပ်၌ အဆုံးသို့ရောက်စေခြင်း၊ ဤသို့အားဖြင့် ရှစ်ပါးအပြားရှိသော လောကီတန်ခိုးဟု သမိုက်အပ်၍ ခပ်သိမ်းသောအခြင်းအရာတို့ဖြင့်ပြည့်သော အစိုးရတော်မူခြင်းဟုဆိုအပ်သော ဣဿရိယဘုန်းတော်။

(၂) ထိုလောကီဖြစ်သောဣဿရိယ ဘုန်းတော်ကဲ့သို့ ကောင်းကင်သွားခြင်း,အဏုမြူမျှရှိသောကိုယ်တော်ကို ဖန်ဆင်းခြင်းစသည်ဖြင့်ပြီးသော လောကုတ္တရာတရားဟု ဆိုအပ်သော ဓမ္မဘုန်းတော်။

(၃) လောကသုံးပါး၌ ထက်ဝန်းကျင်နှံ့၍ ကျော်စောတော်မူသော မရေတွက်နိုင်သော ကျေးဇူးတော်, ဂုဏ်တော်တို့ကြောင့် ရအပ်သည်ဖြစ်၍ အလွန်စင်ကြယ်စွာသောကျော်စောခြင်းဟုဆိုအပ်သော ယသဘုန်းတော်၊

(၄) အဆင်းတော်ကိုဖူးမျှော်ကုန်သော သူအပေါင်းတို့အားမျက်စိ၏ကြည်ခြင်းကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် ပြည့်သော ရူပကာယတော်၏ တင့်တယ်ခြင်း အသရေဟု ဆိုအပ်သော သိရီဘုန်းတော်။

(၅) အတ္တဟိတဟု ဆိုအပ်သော ကိုယ်တော်၏ အစီးအပွါး, ပရဟိတဟု ဆိုအပ်သော ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွါးကို အလိုရှိအပ် တောင့်တအပ်သည်နှင့်လျော်စွာ အလိုတော်ရှိတိုင်း ပြီးစေနိုင်သည်သာဖြစ်၍ လိုအပ်သော အကျိုးကို ဖြစ်စေနိုင်ခြင်းဟု ဆိုအပ်သော ကာမဘုန်းတော်။

(၆) လောက သုံးပါးတို့၏ အရှိအသေ အလေး အမြတ်ပြုရာ ဆရာအဖြစ်ကို ပြီးစေတတ်သော သမ္မာဝါယာမ- ကောင်းမြတ် စင်ကြယ်စွာသော လုံ့လတော်ဟု ဆိုအပ်သော ပယတ္တဘုန်းတော်။

ဤသို့ ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,ပယတ္တ တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း။

## ၅။ တရားတို့ကိုဝေဘန်၍ ဟောတော်မူခြင်း

ခန္ဓာ,အာယတန အစရှိသောတရားတို့ကို ကုသိုလ်,အကုသိုလ်,အဗျာကတ,သုခါယဝေဒနာယ သမ္ပယုတ္တ, ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တ စသော တိကအားဖြင့် လည်းကောင်း၊ ဟေတု,နဟေတု စသော ဒုကအားဖြင့် လည်းကောင်း၊တိက,ဒုကအားဖြင့် လည်းကောင်း၊ ဒုက,တိက အားဖြင့် လည်းကောင်း၊ တိက,တိက အားဖြင့် လည်းကောင်း၊ ဒုက,ဒုကအားဖြင့် လည်းကောင်း၊ သုတ္တန္တမာတိကာ နည်းအားဖြင့် လည်းကောင်း၊ နယမာတိကာ နည်းအားဖြင့် လည်းကောင်း၊ နယမုခမာတိကာနည်းအားဖြင့် လည်းကောင်း၊ လက္ခဏာမာတိကာ နည်းအားဖြင့် လည်းကောင်း၊ ဤသို့ စသောများစွာ မရေတွက်နိုင်သော နည်းအားဖြင့် လည်းကောင်း။

ထိုကုသိုလ်,အကုသိုလ် အစရှိသောတရားတို့ကို ခန္ဓာ, အာယတန, ဓာတ်,သစ္စာ,ဣန္ဒြေ, သတိပဋ္ဌာန်,သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဈာန်,အပ္ပမညာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်, ဖဿသတ္တကရာသိ အားဖြင့် လည်းကောင်း၊ သစ္စာလေး

ပါး တရားတို့ကို တပါးတပါး၌လေးပါးစီပြားသော သ ဘော အနက်အားဖြင့် လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်အား ဖြင့် လည်းကောင်း၊ ဤသို့ စသောအားဖြင့် အထူးထူး အ ပြားပြား ဆန်းကြယ်သည်သာဖြစ်၍ သိမ်မွေ့နက်နဲ ခက် ခဲစွာသော နည်းနာတို့ဖြင့် ဝေဘန်ခွဲခြမ်း၍ ဟောကြား တော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။

## ၆။ တရားသို့ ဝင်စား ဆည်းကပ်တော်မူခြင်း

ကသိုဏ်းဆယ်ပါး,အသုဘဆယ်ပါး,ကာယဂတာသတိ, အာနာပါနဿတိ ဟု ဆိုအပ်သော ကမ္မဋ္ဌာန်း နှစ်ဆယ့် နှစ်ပါးတို့တွင် တခုခုကို စီးဖြန်း၍ရအပ်သော ရူပါဝစရ ဈာန်ဟု ဆိုအပ်သော ဒိဗ္ဗဝိဟာရ၊ မေတ္တာ, ကရုဏာ,မုဒိ တာ,ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မစိုရ်တရား လေးပါး တို့တွင် တပါးပါးကို စီးဖြန်း၍ရအပ်သော ရူပါဝစရဈာန် ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ၊ ဖလသမာပတ်ဟု ဆိုအပ် သော အရိယဝိဟာရ၊ ဤသို့အားဖြင့် ပြားသော သုံးပါး သော ဝိဟာရတို့ကို လည်းကောင်း။

(၁) ကာမဂုဏ်ငါးပါး ဆိတ်ငြိမ်ရာ တယောက် အ ထီးတည်းနေခြင်းဟု ဆိုအပ်သော ကာယဝိဝေက,

(၂) နီဝရဏအစရှိသော ကိလေသာတို့မှဆိတ်ငြိမ်ရာ ပဌမဈာန် စသည်တို့၌ ဝင်စားခြင်းဟု ဆိုအပ်သော စိတ္တ ဝိဝေက,

(၃) ကာယသုခ၏ဖြစ်ရာ ကာမဂုဏ်ငါးပါးဟု ဆိုအပ် သော ကာမုပဓိ,ဇာတိဒုက္ခ စသည်တို့၏ဖြစ်ရာ ခန္ဓာငါးပါး ဟု ဆိုအပ်သော ခန္ဓုပဓိ, အပါယ်ဆင်းရဲ စသည်တို့၏

တည်ရာ ကိလေသာဟု ဆိုအပ်သော ကိလေသုပဓိ, ဥပ ပတ္တိဘဝ ကိုးပါး၏ တည်ရာ လောကီ ကုသိုလ်-အကုသိုလ် စေတနာဟု ဆိုအပ်သော အဘိသင်္ခါရုပဓိ၊ ဤဥပဓိဘရား လေးပါးတို့၏ ငြိမ်းရာ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန် ဟုဆိုအပ်သော ဥပဓိဝိဝေက၊ ဤသို့အားဖြင့်ပြားသော သုံး ပါးသော ဝိဝေကတို့ကို လည်းကောင်း။

(၁) အနတ္တာနုပဿနာကို စီးဖြန်း၍ရသော မဂ်၊ ထို မဂ်၏ အကျိုးဖြစ်သော ဖိုလ်၊ ထိုမဂ်, ဖိုလ်တို့၏ အာရုံ ဖြစ်သောအတ္တမှဆိတ်ခြင်း သတ္တိဟု ဆိုအပ်သော သုညတ နိဗ္ဗာန်,

(၂) ဒုက္ခာနုပဿနာကို စီးဖြန်း၍ရသော မဂ်၊ ထို မဂ်၏ အကျိုးဖြစ်သော ဖိုလ်၊ ထိုမဂ်,ဖိုလ်တို့၏ အာရုံဖြစ် သော သုခဟု တောင့်တခြင်းကင်းသော သတ္တိရှိသောအပ ဏိဟိတ နိဗ္ဗာန်,

(၃) အနိစ္စာနုပဿနာကိုစီးဖြန်း၍ရသော မဂ်၊ထိုမဂ် ၏အကျိုးဖြစ်သောဖိုလ်၊ထိုမဂ်,ဖိုလ်တို့၏အာရုံဖြစ်သောနိစ္စ ဟူသော အကြောင်းမရှိခြင်းသတ္တိရှိသော အနိမိတ္တနိဗ္ဗာန်၊

ဤသို့အားဖြင့် ပြားသော မဂ်, ဖိုလ်တို့၏ အာရုံဖြစ် သော သုံးပါးသော နိဗ္ဗာန်တို့သို့လည်းကောင်း။

ဤမှတပါးသော လောကီ, လောကုတ္တရာ အားဖြင့် ပြားသော ဥတ္တရိမနုဿဓမ္မဟုဆိုအပ်သော ဈာန်သမာပတ်, နိရောဓသမာပတ်,ဖလသမာပတ်, အဘိညာဏ်တို့သို့အစဉ် အတိုင်း တက်၍ ဝင်စားတော် မူသော အားဖြင့်လည်း ကောင်း၊ အစဉ်အတိုင်းသက်၍ ဝင်စားတော် မူသော အားဖြင့်လည်းကောင်း၊အလိုရှိရာ သမာပတ်,အဘိညာဏ်

တို့ကို ကောက်၍ ဝင်စားတော်မူသော အားဖြင့်လည်း ကောင်း၊ ဤသို့စသော အလေ့အလာပြု၍ ထိုဆိုအပ်ခဲ့ပြီး သော တရားတို့သို့ ဝင်စားဆည်းကပ်တော် မူတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

၇။ တဏှာကိုအန်၍ နိဗ္ဗာန်ကြွတော်မူခြင်း

ဘဝသုံးပါးတို့၌ ခန္ဓာတို့ကို အသစ်အသစ် အကျိုး၏ အဖြစ်အားဖြင့် ပြုပြင်တတ်, သွားစေတတ်သောတဏှာ တည်းဟူသောအဆိပ်ကို အရဟတ္တမဂ် တည်းဟူသော ခံတွင်းဖြင့် အကုန်အစင် ထုတ်အန်တော်မူ၍ နိဗ္ဗာန်သို့ကြွ သွားတော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။

၈။ အလေးအမြတ်ပြုရာဆရာဖြစ်တော်မူခြင်း

မရေတွက်နိုင်သော ဂုဏ်တော်အထူးတို့ဖြင့် သတ္တဝါ အပေါင်းတို့ထက်မြတ်သည်ဖြစ်၍ လောကသုံးပါးတို့၏အရှိ အသေအလေးအမြတ်ပြုရာ ဆရာဖြစ်တော်မူသည်၏ အဖြစ် ကြောင့်လည်းကောင်း။ သောဘဂဝါ-သည်။ ဘဂဝါ၊ဘဂဝါ မည်တော်မူ၏။

---

# ရှိခိုးခြင်း-ဝန္ဒနာ

ဣတိ- ဣမေဟိ အရဟာဒိဂုဏေဟိ၊ ဤသို့ဆိုအပ်ခဲ့ပြီး သော အရဟံအစရှိသော ဂုဏ်တော်တို့ဖြင့်။ သဒေဝကံ၊ နတ်ပြည်ငါးထပ်နှင့် တကွသော။ သမာရကံ၊ ဝသဝတ္တီ နတ်ပြည်နှင့်တကွသော။ သဗြဟ္မကံ၊ဗြဟ္မာနှစ်ဆယ်နှင့်တကွ သော။ တနည်းကား- သဒေဝကံ၊ အရူပ၊ဝစရလေးထပ် ဘဝဂ်ရပ်နှင့်တကွသော။ သမာရကံ၊ ဝသဝတ္တီနတ်ပြည်လျှင်

အထွင့်ရှိသော ကာမာဝစရ နတ်ဘုံခြောက်ဆူနှင့် တကွသော။ သဗြဟ္မကံ၊ ရူပါဝစရ ဗြဟ္မာတဆယ့်ခြောက်ဘုံနှင့်တကွသော။ဇ္ဍမံလောကံ၊ ဤဩကာသလောကကို။

သဿမဏဗြာဟ္မဏိံ၊သာသနာတော်၏ ဆန့်ကြင်ဘက်ရန်သူဖြစ်သော ရဟန်းပုဏ္ဏားး၊ ငြိမ်းပြီးသော မကောင်းမှုရှိသော သမဏ, အပပြုအပ်ပြီးသော မကောင်းမှုရှိသော ဗြာဟ္မဏဟုဆိုအပ်သော ရဟန္တာသာဝကတို့နှင့်တကွသော။ သဒေဝမနုဿံ၊သမ္မုတိနတ်တည်းဟူသောမင်း,မင်းမှတပါးသော လူနှင့်တကွသော။ ပဇံ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းဟုဆိုအပ်သော သတ္တလောကကို။

အဗ္ဘုဂ္ဂတံ၊ နှံ့၍တက်သောအားဖြင့် ကျော်စောတော်မူထသော။ သယံ၊ အလိုလို။ အဘိညာယ၊ သိတော်မူ၍။ သစ္ဆိကတွာ၊ မျက်မှောက် ပြုတော်မူပြီး၍။ တိကလျာဏသံယုတ္တံ၊ အစ,အလယ်, အဆုံးအားဖြင့် သုံးပါးသော ကောင်းခြင်းနှင့် ယှဉ်ထသော။ ဓမ္မံ၊ မဂ်လေးတန်,ဖိုလ်လေးတန်, နိဗ္ဗာန်,ပရိယတ္တိ တည်းဟူသော တရားတော်ကို။ ဒေသေတွာ၊ ဟော၍။ ပဝေဒေန္တံ၊ သတ္တဝါအပေါင်းတို့ကို သိစေတော်မူတတ်ထသော။တံလောကနာထံ၊ ထိုလောကသုံးပါးတို့၏ ကိုးကွယ်မှီခိုရာ ကျွန်းကြီးသဘွယ် ဖြစ်တော်မူသော မြတ်စွာဘုရားကို။အဟံ၊ အကျွန်ုပ်သည်။ ဥတ္တမင်္ဂေ၊ မြတ်သောအင်္ဂါဟု သမိုက်အပ်သော ဦးခေါင်းထက်၌။ ထပေတွာန၊ကိုးကွယ်သောအားဖြင့်အခါခပ်သိမ်းထား၍။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ သိရသာ၊ ဦးဖြင့်။နမာမိ၊ ရှိသေစွာရှိခိုးပါ၏။

## ဆုတောင်း-ပတ္ထနာ ၁၁-ပါး

### ၁။ အရဟံဂုဏ်တော်စွဲဆုတောင်း

ဤသို့ရှေးဦးစွာ အရဟံ ဟူသောဂုဏ်တော်၏ အနက်အဓိပ္ပါယ်တို့ကို ထုတ်ဆော်၍ သရဇ္ဈာယ်ရွတ်အံ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့် သံသရာစက်၏အကွပ်အကန့်တို့ကို ချိုးဖွဲ့ဖျက်ဆီးတတ်သော မဂ်ဉာဏ်,ဖိုလ်ဉာဏ်,နိဗ္ဗာန်ချမ်းသာကို လျင်စွာရပါလို၏။

ယနေ့မှစ၍ အရဟတ္တမဂ်ဉာဏ်သို့ ရောက်သည်တိုင်အောင်လည်း တဒင်္ဂပဟာန်ဟုဆိုအပ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်ဖြင့် အပါယဂမနိယ ဖြစ်သော မကောင်းသော လောဘ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ, မာန, အတိမာန, မာယာ, သာဌေယျ, ဒေါသ, ဗျာပါဒ, မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ, ဝိစိကိစ္ဆာ, ကောဓ, ဥပနာဟ, ဥဒ္ဓစ္စ, မောဟအစရှိသော အကုသိုလ် ဒုစရိုက်တို့ကို ဆုံးမနှိပ်စက် ဖျောက်ဖျက်ပယ်ခွါနိုင်သည်သာ ဖြစ်၍ ဆိတ်ကွယ်ရာ၌ မကောင်းမှုဘို့ကို မပြုကြဉ်ဖဲရှုနိုင်သည်သာဖြစ်လျက် အိပ်မက်တွင်မျှ မကျူးလွန်မိသဖြင့် ပဋိသန္ဓေပညာ, ပဝတ္တိပညာနှစ်ပါးနှင့်ပြည့်စုံသောယောကျ်ားမြတ်သာဖြစ်ရပါလို၏။

### ၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်စွဲ ဆုတောင်း

သမ္မာသမ္ဗုဒ္ဓေါ ဟူသောဂုဏ်တော်၏အနက်အဓိပ္ပါယ်ကို ထုတ်ဆော်၍ သရဇ္ဈာယ်ရွတ်အံ့ ရှိပန်မြတ်နိုး ကိုးကွယ်

ရသောကောင်းမှုစေတနာ၏အစွမ်းအားဖြင့်နေရောင်ခြည်နှင့်ပေါင်းဘော်ရသောပဒုမာကြာကဲ့သို့အရဟတ္တမဂ်ဉာဏ်နှင့်ပေါင်းဘော်ရသဖြင့် သစ္စာလေးပါးစသော တရားတို့ကို သုခပဋိပဒါခိပ္ပါဘိညာ၏သတ္တိဖြင့် အာသဝေါတရားကင်းခြင်းတည်းဟူသော အထွဋ်အမြတ်သို့ ရောက်ရပါလို၏၊ ယနေ့မှစ၍နိဗ္ဗာန်သို့ရောက်သည်တိုင်အောင်လည်း ပွင့်လန်းသောကိုယ်စိတ်၊ ပွင့်လန်းသောစည်းစိမ်ဥစ္စာ၊ ပွင့်လန်းသောအခြွေအရံပရိသတ်၊ ပွင့်လန်းသောဒါန, သီလ, သုတ,ပညာ,သဒ္ဓါ,သတိ, ဟိရီ, ဩတ္တပ္ပ၊ ပွင့်လန်းသော အသက်ရှည်ခြင်း, အဆင်းလှခြင်း အစရှိသော ကောင်းကျိုးတရားတို့နှင့်ပြည့်စုံသည်သာ ဖြစ်ရပါလို၏။

### ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖွဲ့ ဆုတောင်း

ဝိဇ္ဇာစရဏသမ္ပန္နောဟူသော ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကိုထုတ်ဘော်၍ သရဏ္ဍူယ်ရွတ်အံ ရှိပန်မြတ်နိုးကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့်လွယ်သောအကျင့်ရှိသည်သာဖြစ်၍မောဟဟုဆိုအပ်သောအဝိဇ္ဇာအပေါင်းကို ဘောက်ထွင်းဖွင့်လှစ်တတ်သော ဝိဇ္ဇာ, အဘိညာဏ်အပေါင်းနှင့်ပြည့်စုံစွာ ဝိမုတ္တိဖြစ်သောဘေးမဲ့ရာနိဗ္ဗာန်ချမ်းသာမြတ်ကိုရလိုပါ၏၊ ယနေ့မှစ၍ နိဗ္ဗာန်သို့ရောက်သည်တိုင်အောင်လည်း ခပ်သိမ်းသော အရာအခွင့်တို့၌လည်း မောဟ,ဒိဋ္ဌိကင်းသည်သာဖြစ်၍ အယုတ်တရားတို့ကိုမဆည်းကပ်မိဘဲ နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းကောင်းခရီးမသဘွယ်ဖြစ်သောမဇ္ဈိမပဋိပဒါသို့သာ ဆည်းကပ်လျက်မြတ်သောပါရမီစာဂတို့နှင့်သာပြည့်စုံရပါလို၏။

## ၄။ သုဂတဂုဏ်တော်စွဲဆုတောင်း

သုဂတောဟူသော ဂုဏ်တော်၏အနက် အဓိပ္ပါယ်ကို ထုတ်ဘော်၍ သရဏ္ဍာယ်ရွတ်အံ့ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုကုသိုလ် စေတနာ၏ အစွမ်းအားဖြင့် ပဋိသန္ဓေနေခြင်းစသော ဆင်းရဲတို့မှကင်းသည်ဖြစ်၍ တင့်တယ်ကောင်းမြတ်သော နိဗ္ဗာန်ချမ်းသာကို မဘောက်မပြန် အမှန်မချွတ်ရပါလို၏၊ ယနေ့မှစ၍ နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင်လည်း မတင့်တယ်သောအပါယ်ဂတိတို့မှ ကြဉ်၍ တင့်တယ်သောမနုဿဂတိ, ဒေဝဂတိတို့၌သာလျှင်၊ မတင့်တယ်သော သူယုတ်တရားထွန်းပရာ အရပ်မှကြဉ်၍ တင့်တယ်သော သူတော်ကောင်းတရား ထွန်းပရာအရပ်၌၊ မတင့်တယ်သောသူယုတ်မာအမျိုးတို့မှကြဉ်၍ တင့်တယ်သော မင်း,ပုဏ္ဏား, သူဌေး, သူကြွယ်အမျိုးတို့၌၊ သဒ္ဓါ, မေတ္တာ,အယူ,သီလမတူသောစဉ်းလဲစဉ်းစားသောအလေ့သဘောဖြင့် မတင့်တယ်သောအမိအဘတို့မှကြဉ်၍ သဒ္ဓါ, မေတ္တာ,အယူ,သီလတူသော ဖြောင့်မှန်ခြင်းစသည်ဖြင့် တင့်တယ်သောအမိအဘတို့၌၊မတင့်တယ်သောသုဂတိအဟိတ်, ဒွိဟိတ်ပဋိသန္ဓေတို့မှကြဉ်၍ တင့်တယ်သော တိဟိတ်ပဋိသန္ဓေနေရသည်သာဖြစ်၍ တင့်တယ်သောအသက်အရွယ်, အဆင်းသဏ္ဌာန်,ပညာခွန်အား, တင့်တယ်သော စည်းစိမ်ချမ်းသာ, တင့်တယ်သောသားချင်းဆွေမျိုး, အပေါင်းအဘော်,တင့်တယ်သောဆရာ,တင့်တယ်သောအတတ်ပညာ, တင့်တယ်သောအကျင့်, တင့်တယ်သော အသက်မွေးခြင်း, တင့်တယ်သောစကား, တင့်တယ်သော ကိုယ်နှုတ်နှလုံးနှင့် ပြည့်စုံသည်သာ ဖြစ်ရပါလို၏။

## ၅။ လောကဝိဒူဂုဏ်တော်ဖွဲ့ဆုတောင်း

လောကဝိဒူဟူသော ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို ထုတ်ဆောင်၍ သရဏ္ဍာယ ရွတ်အံ ရှိပန်မြတ်နိုးကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့် လောကသုံးပါးမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရပါလို၏၊ ယနေ့မှစ၍ လောကသုံးပါးမှ ထွက်မြောက်သည်တိုင်အောင်လည်း ဆရာမရှိဘဲအနုမာနဉာဏ်ဖြင့် ခပ်သိမ်းသော လောကီသင်္ခါရတို့၌ အကျိုးကိုသိခြင်း၊ အကြောင်းကိုသိခြင်း၊ အကျိုးကိုထောက်၍ အကြောင်းကို-အကြောင်းကိုထောက်၍အကျိုးကို ဆနိုင်ခြင်း၊ အခကြောင်းနှင့်ကင်း၍ တခုသောတရားမျှမဖြစ်ဟုဆ၍ သိနိုင်ခြင်း၊ ဒုက္ခကိုမြင်သဖြင့် သုခကိုသိနိုင်ခြင်း၊ ဒုက္ခ သုခတို့ကို မြင်သဖြင့် ဒုက္ခအကြောင်း,သုခအကြောင်းတို့ကိုသိနိုင်ခြင်း၊အကြောင်းကိုသိသဖြင့် ဒုက္ခ၏အကြောင်းကိုပယ်၍ သုခ၏အကြောင်းကိုရွက်ဆောင်နိုင်ခြင်း၊ မဂ်ကိုမြင်သဖြင့် အမတကိုသိခြင်း၊ အမတကိုသိသဖြင့် အမတ၏ အကြောင်းဖြစ်သော အပ္ပမာဒတရား များမြတ်သော ကုသိုလ်ဝိဝဋ္ဋကိုပြုနိုင်ခြင်း၊ သူခပ်သိမ်းတို့၏ နှလုံးသွင်းခြင်းအလိုစရိုက်တို့ကိုဆ၍ အဟုတ်အမှန်သိနိုင်ခြင်း၊ ဗေဒင်သုံးပုံ စသော လောကီပညာတို့ဖြင့် မြင်ခြင်း၄ါ ထိုက်သော လောက၏ အဖြစ်အပျက်, နိမိတ်အကျိုး စသည်တို့ကို ဗေဒင်စသော လောကီအတတ်ပညာတို့ဖြင့် မြင်သိသောထက် သာလွန်၍ အနုမာနဉာဏ်ဖြင့် အမှန်ကို သိနိုင်ခြင်းစသော အကျိုးစီးပွါးတို့နှင့်သာ ပြည့်စုံရပါလို၏။

## ၆။ အနုတ္တရဂုဏ်တော်စွဲဆုတောင်း

အနုတ္တရောဟူသောဂုဏ်တော်၏ အနက် အဓိပ္ပါယ်ကို ထုတ်ဘော်၍ သရဏ္ဍာယ်ရွတ်အံ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့် ခပ်သိမ်းသောတရားတို့ထက် မြတ်သော အရဟတ္တဖိုလ်, နိဗ္ဗာန်ချမ်းသာမြတ်ကိုရပါလို၏၊ ယနေ့မှစ၍ နိဗ္ဗာန်ရောက်သည်တိုင်အောင်လည်း ခပ်သိမ်းသော အကုသိုလ်တရား ထက်မြတ်သော ကုသိုလ်ကမ္မပထတရားဆယ်ပါး, သဒ္ဓါ,ပညာ, ဝိရိယ, သမာဓိ, သတိတို့ဖြင့်ပြီးသော သီလဥပုသ်,သရဏာစသည်ဖြင့် ပြားသော တရားတို့ကို ဆောက်တည် နိုင်သည်သာဖြစ်၍ အတုမရှိသော ဈာယရိယသမ္ပတ္တိ, ဥပဘောဂသမ္ပတ္တိ,ကာလ-ဒေသ-ပယောဂ- ဥပဓိဟု ဆိုအပ်သော လေးပါးသော သမ္ပတ္တိ,စတုစက္ကသမ္ပတ္တိဘို့နှင့်သာ ပြည့်စုံရပါလို၏။

## ၇။ ပုရိသဒမ္မသာရထိဂုဏ်တော်စွဲဆုတောင်း

ပုရိသဒမ္မသာရထိ ဟူသော ဂုဏ်တော်၏ အနက် အဓိပ္ပါယ်ကိုထုဘ်ဘော်၍ သရဏ္ဍာယ်ရွတ်အံ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့် ဒိဋ္ဌိ,မာန, ဝိစိကိစ္ဆာစသည်တို့ဖြင့် ရိုင်းသော အကုသိုလ်စိတ်တို့ကို ပါရမီဉာဏ်, ဝိပဿနာဉာဏ်တို့ဖြင့် နှိပ်ကွပ်ဆုံးမ၍ အရဟတ္တမဂ်တည်းဟူသော ဆေးဖြင့် ယဉ်ကျေးခြင်းဟုဆိုအပ်သော နိဗ္ဗာန်ချမ်းသာမြတ်ကိုရပါလို၏၊ ယနေ့မှစ၍ နိဗ္ဗာန်သို့ရောက်သည် တိုင်အောင်လည်း နှလုံး၏ ယဉ်ကျေးခြင်း,ကိုယ်စိတ်၏ယဉ်ကျေးခြင်းနှင့် ပြည့်စုံသည်

သာဖြစ်၍ မယဉ်ကျေးသော သားသမီး,ကျေးကျွန်,အခြွေအရံ, အတူနေအဆွေခင်ပွန်း, အပေါင်း အဘော်စသော သူတပါးတို့အား ထိုထိုသို့သော အလိုစရိုက်နှင့် လျော်စွာ ယဉ်ကျေးစေကြောင်း ကောင်းမြတ်သော အဆုံးအမ အစီအရင်ဖြင့် မငြိုမငြင် မပင်မပန်း ဖြောင့်တန်းဟုတ်မှန် နာခံမှတ်ယူလျက် သူကောင်းသူမြတ်တို့၏ အလေ့ အကျင့်၌ တည်စေနိုင်သည်သာ ဖြစ်ရပါလို၏။

### ၈။ သတ္ထာဒေဝမနုဿာနံဂုဏ်တော်စွဲဆုတောင်း

သတ္ထာဒေဝမနုဿာနံ ဟူသော ဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကို ထုတ်ဘော်၍ သရဏ္ဍာယ်ရွတ်အံ ရှိပန်မြတ်နိုးကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့် ဇာတိကန္တာရစသော ခရီးခဲမှ ထွက်မြောက်သည်သာဖြစ်၍ဘေးလွတ်ရာနိဗ္ဗာန်အရပ်သို့ရောက်ရပါလို၏၊ယနေ့မှစ၍ နိဗ္ဗာန်သို့ ရောက်သည် တိုင်အောင်လည်း ကပ်သုံးပါး, ကန္တာရလေးပါး,ရန်သူမျိုးငါးပါး,ဝိဝါဒမူလခြောက်ပါး, အရပ်ပြစ်ရှစ်ပါး, ဒဏ်ဆယ်ပါး, ဘေးနှစ်ဆယ့်ငါးပါး, ဥပဒ် တဆယ့်ခြောက်ပါး, ကမ္မကရဏသုံးဆယ့်နှစ်ပါး, ရောဂါအမျိုး ကိုးဆယ့်ခြောက်ပါး, များစွာမရေတွက်နိုင်သော အန္တရာယ်, အနိဋ္ဌာရုံ အပေါင်းတို့မှ လွတ်မြောက်သည်သာဖြစ်၍ ထိုထိုသို့သော ဘေး,ဥပဒ်,ရောဂါ, အန္တရာယ်, ကန္တာရ, ကပ်, ရန်သူစသော အပြစ်တို့ဖြင့် နှိပ်စက်အပ်ကုန်သော ရန်သူအပေါင်းတို့ကို ဆင်းရဲအဖြစ် လွတ်ရာချမ်းသာသောအရပ်သို့ ကောင်းမြတ်သော အစီအရင်ဖြင့် ထုတ်ဆောင်ကယ်မနိုင်သည်သာ ဖြစ်ရပါလို၏။

## ၉။ ဗုဒ္ဓဂုဏ်တော်ခွဲဆုတောင်း

ဗုဒ္ဓေါဟူသော ဂုဏ်တော်၏အနက် အဓိပ္ပါယ်ကိုထုတ်ဆောင်၍ သရဏ္ဍာယ်ရွတ်အံ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုစေတနာ၏အစွမ်းအားဖြင့် သစ္စာလေးပါးတရားတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့်သိရပါလို၏၊ ယနေ့မှစ၍ သစ္စာလေးပါးတရားကို သိသည်တိုင်အောင် ပစ္စုပ္ပန်စီးပွါး, သံသရာစီးပွါးနှစ်ပါးတို့ကို မြင်ခမြော်နိုင်သောပညာ, သူ့ကျေးဇူးကိုသိတတ်သော-ခဏာခြင်းဖြင့်ထိုးထွင်း၍သိတတ်သော မေဓာပညာရှိသည်သာဖြစ်၍ မြတ်စွာဘုရားတို့ ပွင့်တော်မူသောကာလတို့၌ ပိဋကတ်သုံးပုံ အလုံးစုံအပြစ်မရှိသော အတတ်မျိုးတို့ကိုလည်းကောင်း၊ အမှတ်မဲ့သော ကာလတို့၌ ဗေဒင်သုံးပုံ, ဇုတိဟာသကျမ်း, နိယဏ္ဍုကျမ်း,ကေဋုဘကျမ်း, လက္ခဏာကျမ်း,ဆန်း, အလင်္ကာ, သဒ္ဒါ,နီတိ,ဝိတက်,ဗျာကရိုဏ်း စသော အပြစ် မရှိသော လောက အတတ်မျိုးတို့ကို ကြားကာမြင်ကာ ဆင်ခြင်ကာဖြင့် လျင်စွာ တတ်မြောက်သည်သာ ဖြစ်၍ ကိုယ့်စီးပွါး, သူ့စီးပွါးကိုပြီးစေနိုင်သော ခက်ခဲသောအထုံးအဖွဲ့ကို ဖြေနိုင်ခြင်းတည်းဟူသော နိဗ္ဗေဓိကပညာ၊ သူတပါးတို့၏မိစ္ဆာအယူကို နှိပ်နင်းနိုင်ခြင်းတည်းဟူသော ပရပ္ပဝါဒမဒ္ဒနပညာ၊ မြေကြီးအထုကဲ့သို့ တခဲနက်သောပုထုပညာ၊ ကောင်းကင်ကဲ့သို့ ကြီးကျယ်လှသော မဟာပညာ၊လျင်မြန်စွာ အနက်ကိုသိတတ်သောဇဝနပညာ၊ဝရဇိန်လက်နက်ကဲ့သို့ ထက်မြက်လှစွာသောတိက္ခပညာ၊ရွှင်လန်းသာယာ နာပျော်နှစ်လိုဘွယ်သောဟာသပညာ၊များစွာအကျယ်ဝေဘန်၍ အထူးထူးသောနည်းတို့ဖြင့် အနက်ကို ထုတ်ဆောင်နိုင်

သည်ဖြစ်၍ နက်နဲသောဂမ္ဘီရပညာ၊ ဤအင်္ဂါများစွာ အပြားရှိသော ပညာမျိုးတို့နှင့်ပြည့်စုံသည်သာဖြစ်ရပါလို၏။

၁၀။ ဘဂဝါဂုဏ်တော်ခွဲဆုတောင်း

ဘဂဝါဟူသောဂုဏ်တော်၏ အနက်အဓိပ္ပါယ်ကိုထုတ်ဘော်၍ သရဇ္ဈာယ်ရွတ်အံ့ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုစေတနာ၏အစွမ်းအားဖြင့် ကောင်းမြတ်သော ကျေးဇူးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော နိဗ္ဗာန်ချမ်းသာကို ရပါလို၏၊ ယနေ့မှစ၍ နိဗ္ဗာန်ရောက်သည်တိုင်အောင်လည်းရှိသေလောက်သောအကျင့်, သုတ, ပညာ, ဥစ္စာစည်းစိမ်နှင့်ပြည့်စုံသည်သာဖြစ်ပါ၍ ကိုယ်နှင့်စပ်သော သားသမီး,ကျေးကျွန်,အလုပ်အကျွေး,အခြွေအရံ စသော သူတို့သည်လည်းကောင်း၊ သူကပါးတို့သည်လည်းကောင်း တရိုတဆစ်မျှ ကိုယ်,စကား,နှလုံးဖြင့် မထီမဲ့မြင်မပြုမူ၍ ရှိသေလေးမြတ် ကြည်ညွတ်မြတ်နိုးလျက် ဘုန်းတန်ခိုး အာနဘော် အကျော်အစော ရှိသည်သာဖြစ်၍ အလိုရှိတိုင်းကြံတိုင်း အလုံးစုံသောအမှုကြီးငယ်တို့ကို အပြစ်ကင်းစွာ ပြီးစေနိုင်သဖြင့် ခပ်သိမ်းသော စည်းစိမ်တို့ကို တရားနှင့် လျော်စွာ အစိုးရသည်သာ ဖြစ်ရပါလို၏။

၁၁။ ဂုဏ်တော်ပေါင်းချုပ်ခွဲဆုတောင်း

အရဟံအစ,ဘဂဝါအဆုံးရှိသောအလုံးစုံသောမြတ်စွာဘုရားကျေးဇူးတော်ဂုဏ်တော်တို့ကိုအနက်အားဖြင့်များစွာ ထုတ်ဘော်၍ သရဇ္ဈာယ်ရွတ်အံ့ ရှိပန်မြတ်နိုး ကိုးကွယ်ရသော ကောင်းမှုစေတနာ၏ အစွမ်းအားဖြင့် ထိုထိုသို့ ဆိုအပ်သော တောင့်တအပ်ခဲ့ပြီးသော ကောင်းကျိုးချမ်းသာ

မင်္ဂလာအပေါင်းတို့သည် အဆုံးစွန်သော ဘဝတိုင်အောင် ဘဝတိုင်းဘဝတိုင်း ဝိပါကသတ္တိ, ဥပနိဿယသတ္တိ, ကမ္မသတ္တိတို့ဖြင့် ပေါင်းဆုံစုဝေးမိသည်သာဖြစ်၍ ပဋိသမ္ဘိဒါ, အဘိညာဏ်, သမာပတ်စသော ကျေးဇူးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သောမဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့်သစ္စာလေးပါးစသောတရားတို့ကို မျက်မှောက်ပြုရသည်သာဖြစ်လျက် ခပ်သိမ်းသော ဥပဒ္ဒဝတို့မှ ကင်းငြိမ်းရာ အမတ, အစ္စုတ, အသင်္ခတ, ခေဝ,နိစ္စ, ကေဝလသုခ, ပဒ,အဘယပုရ, ခေမဟုဆိုအပ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို ရပါလို၏။

## အမျှပေးဝေခြင်း

ဤကောင်းမှုအဘို့ကိုလည်း ဂုဏ်ကျေးဇူးဖြင့်အထူး တင်ပေသော မိခင်,ဘခင်,ဆရာ,ရေမြေသခင် ဘဝရှင်မင်းမှစ၍ အောက်အထက်မျက်နှာအဘို့အားဖြင့်အဝီစိ းရဲမှသည်နေဝသညာနာသညာယတနဘုံတိုင်အောင် အရပ်ရှစ်မျက်နှာ ဘီလာ အဘို့အားဖြင့် အဆုံးမရှိသော စကြဝဠာတိုက်တို့၌ အကြွင်းမရှိ မရေတွက် နိုင်ကုန်သော သတ္တဝါ အပေါင်းတို့အား အမျှဝေပါ၏၊ အထူးသဖြင့် ဤမြေကြီးကိုစောင့်သော ဝသုန္ဓရေနတ်မင်း, ယမမင်းတို့အား အမျှဝေပါ၏၊ ထိုခပ်သိမ်းသော သတ္တဝါ အပေါင်းတို့သည် ယခုကျွန်ုပ်ပြုအပ် ဝေငှအပ်သော ကောင်းမှုအဘို့ကို အမျှ ရကြသည်ဖြစ်စေသောဝ်။

## အာသီသ

ပါရာဇိကဏ် အဋ္ဌကထာ,သာရတ္ထဒီပနီ ဋီကာ
ကျမ်းတို့ကို အမှီပြုလျက် ဂုဏ်တော် အဘွင့်ကို

ထုတ်ရေး၍ ပေးသည်၊ ဆုတောင်း ရေစက်ချနှင့် တကွ ဤတွင်၍ ပြီးပြီ။

ဤစာကို သဒ္ဓါ,ပညာ ပြဋ္ဌာန်းသော သူတော်ကောင်းတို့သည် ကြိုးစား အားထုတ်၍ လေ့လာ ကျက်မှတ်သဖြင့် နှုတ်တက်အာဂုံပါအောင် ဆောင်ရွက် ကြပါစေသတည်း။

ရွတ်အံ ဆောင်ရွက် လေ့ကျက်တိုင်း ထိုသူတို့၏ကုသိုလ်ကို ငါလည်းအဘို့ရသည်ဖြစ်စေသတည်း။

ဩဘာသောတိနာမေန၊
ကဝိနာ ရစိတာ သော။
နဝဂုဏာ အတ္ထဝဏ္ဏနာ၊
မြမ္မဘာသာယ နိဋ္ဌိတာ။
ဉာတိသာလောဟိတာနံ ဒိန္နာ။

## တရား ဂုဏ်တော် ၆-ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော၊သန္ဒိဋ္ဌိကော၊ အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။

(၁) သွာက္ခာတ၊
(၂) သန္ဒိဋ္ဌိက၊
(၃) အကာလိက၊
(၄) ဧဟိပဿိက၊
(၅) ဩပနေယျိက၊
(၆) ပစ္စတ္တံဝေဒိတဗ္ဗ။

# တရားဂုဏ်တော်ဘွင့်အကျဉ်း

## ၁။ သွာက္ခာတဂုဏ်တော်

ဘဂဝတာ၊- သည်။ ဓမ္မော၊ ဆယ်ပါးသောတရားတော်မြတ်ကို။ သွာက္ခာတော၊ အာဒိကလျာဏ အစရှိသော ဂုဏ်တော်အလျှံ မဘောက်မပြန်မှန်သောအနက် နှစ်ချက်သော အယုတ်တရားသို့မကပ် အလတ်ဖြစ်သောပဋိပဒါကိလေသာငြိမ်းပြီး ယှဉ်မှီးပုန်းအောင်းရာ၏ အဖြစ်ဖြင့် ကောင်းစွာဟောတော်မူအပ်၏။

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

သန္ဒိဋ္ဌိကော၊မိမိသန္တာန်ဝယ်ပယ်အပ်သောကိလေသာကို ဆရာမပြဘဲ ခဏခြင်းမြင်သိ သမ္မာဒိဋ္ဌိ သန်လျက်ဖြင့် နှောင့်ရှက်သော ကိလေသာရန်ကို ပယ်လှန်ခုတ်ထွင် အောင်မြင်ရာအောင်မြင်ကြောင်း ကောင်းစွာထင်မြင်ခြင်းငှါလည်း ထိုက်တော်မူ၏။

## ၃။ အကာလိကဂုဏ်တော်

အကာလိကော၊ မဂ်လေးတန်ဘန်ခိုးသည် အကျိုးဖိုလ်ဖြစ်ရာ အခါမထား အခြားမဲ့၌သာ လျင်စွာဖိုလ်ဟူသော အကျိုးကိုလည်း ဖြစ်စေတော်မူတတ်၏။

## ၄။ ဧဟိပဿိကဂုဏ်တော်

ဧဟိပဿိကော၊ ပရမတ္ထအားဖြင့် ထင်ရှားရှိခြင်း, စင်ကြယ်ခြင်းဖြင့် အသင့်လျော်စွာ လာလှည့်ရှုလော့ဟုဆိုခြင်းငှါလည်း ထိုက်တော်မူ၏။

### ၅။ ဩပနေယျိကဂုဏ်တော်

ဩပနေယျိကော၊ အရိယာပုဂ္ဂိုလ်တို၏ စိတ်သန္တာန်၌ ကပ်၍မကွာ အာရုံ၏အဖြစ် ရှစ်ယောက်သော ပုဂ္ဂိုလ်ကို လိုရာနိဗ္ဗာန် အမှန်ဆောင်ပို့ နှစ်လို့စွာလည်း အရိယာတို့ သည် အခါမပြတ် ကပ်၍ဆောင်ခြင်းငှါ ထိုက်တော်မူ၏။

### ၆။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ပစ္စတ္တံ၊ မိမိသန္တာန်၌ရှိသော မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို လျှင်။ ဝိညူဟိ၊ အရိယာပုဂ္ဂိုလ်တို့သည်။ ဝေဒိတဗ္ဗော၊ သိ အပ်,ရအပ်, ခံစားတော်မူအပ်၏။

### ရှိခိုးခြင်း-ဝန္ဒနာ

ဣတိ-ဣမေဟိ ဆဟိ ဂုဏေဟိ၊ ဤသွာက္ခာတော အစ ရှိသော ခြောက်ပါးသော ဂုဏ်တော်တို့ဖြင့်။ သဒ္ဒေဝကံ၊ နတ်ပြည် ငါးထပ်နှင့် တကွသော။ သမာရကံ၊ ဝသဝတ္တီ နတ်ပြည်နှင့် တကွသော။ သဗြဟ္မကံ၊ ဗြဟ္မာနှစ်ဆယ်နှင့် တကွသော။ လောကံ၊ ဩကာသလောကကို။ သဿမဏ ဗြာဟ္မဏိံ၊ ရဟန်း,ပုဏ္ဏားနှင့် တကွသော။သဒေဝမနုဿံ၊ မင်းတည်းဟူသော သမ္မုတိနတ်ရှိသော လူနှင့်တကွသော။ ပဇံ၊ သတ္တဝါအပေါင်းကို။ အဘ္ဘုဂ္ဂတံ၊ နှံ၍ကျော်စော တော်မူထသော။ ရတနဂ္ဂံ၊လောကီရတနာအလုံးစုံတို့ထက် မြတ်သောရတနာလည်း ဖြစ်တော်မူထသော။ ရာဂါဒိပရိ ယုဋ္ဌဝူပသမံ၊ ရာဂအစရှိသည်တို့၏ ထိုးကျင့်ကိုက်ခဲခြင်းကို လည်းငြိမ်းစေတော်မူတတ်ထသော။ ဓမ္မရတနံ၊ ဆယ်ပါး သော တရားတော်ရတနာမြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။

ဥတ္တမင်္ဂေ၊ မြတ်သောအင်္ဂါဟု ဆိုအပ်သော ဦးခေါင်းထက်၌။ ထပေတွာန၊ ထား၍။ သင်္ဂါရဝံ၊ ရိုသေစွာ။ ကာယဝစီမနောဒွါရေဟိ၊ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတို့ဖြင့်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ နမာမိ၊ ရှိခိုးပါ၏။

ဆုတောင်း-ပတ္ထနာ

ဣမိနာ ပုညေန၊ ဤသို့ရှိခိုးပူဇော်ရသော ကောင်းမှုစေတနာ၏အစွမ်းအားဖြင့်။ ဣတော၊ ဤရှိခိုးခြင်းပဏာမစေတနာ၏ အခြားမဲ့မှ။ ပဋ္ဌာယ၊ စ၍။ ယာဝဘဝသန္တံ၊ နိဗ္ဗာန်ရသော ဘဝတိုင်အောင်။ဗာဟိရဇ္ဈတ္တဥပဒ္ဒဝါဒီဟိစ၊ ကိုယ်တွင်းကိုယ်ပ၌ ဖြစ်တတ်ကုန်သော ဥပဒ်အစရှိသော အန္တရာယ်,ရောဂါ, ဒုက္ခဝေဒနာ, ဘေး,ဒဏ်,ရန်,မာန်, အနိဋ္ဌာရုံအပေါင်းတို့မှလည်းကောင်း။ အပါယာဒိဒုက္ခေဟိစ၊ အပါယ်လေးပါးအစရှိသော ဆင်းရဲ, ကပ်သုံးပါး, အရပ်ပြစ်ရှစ်ပါး, ဝိပတ္တိလေးပါး,ရန်သူမျိုးငါးပါး အစရှိသည်တို့မှလည်းကောင်း။ ဂုပသမော၊ လွင့်ပျောက်သည်။ အပဂတော၊ ကင်းစင်သည်။ ဝိမုတ္တော၊ လွတ်ငြိမ်းသည်။ ဟုတွာ၊ ဖြစ်၍—

ရတနသမ္မတေန၊ ရတနာဟု သမုတ်အပ်သော။ ဥပဘောဂပရိဘောဂဣဿရိယဘောဂေနစ၊ အနီးထား၍ သုံးဆောင်ခံစားအပ်သော ဥစ္စာစည်းစိမ်, အလိုရှိတိုင်း သုံးဆောင်၍ မကုန်နိုင်သော ဥစ္စာစည်းစိမ်, တရားသဖြင့် အစိုးရကြောင်းဖြစ်သော ဘုန်းကြက်သရေ စည်းစိမ်နှင့်လည်းကောင်း။ ရတနသမ္မတေန၊ ရတနာဟု သမုတ်အပ်

သော၊ အာယုဝဏ္ဏသုခ ဗလကိတ္တိယသေန စ၊ အသက်ရှည်ခြင်း,အဆင်းလှခြင်း, ကိုယ်စိတ်ချမ်းသာခြင်း, ကာယဗလ- ဉာဏဗလ-ဉာတိဗလ- ဇာတိဗလ, ကျော်စောခြင်း, အခြံအရံအပေါင်းနှင့်လည်းကောင်း။ ရတနသမ္ဘတေန၊ရတနာဟုသမုတ်အပ်သော။ သတ္တဝိဓသဒ္ဓမ္မေနစ၊ ခုနစ်ပါးအပြားရှိသော သူတော်ကောင်းတရားနှင့်လည်းကောင်း။

ဒိဋ္ဌိဇုကမ္မဉာဏတိက္ခဇဝနာဒိဉာဏေန စ၊ အတ္တိဒိန္နံ, အတ္တိယိဋ္ဌံ အစရှိသည်ဖြင့် အယူကိုဖြောင့်မှန်စွာ ပြုတတ်သောပညာ, ထက်သောပညာ, လျင်သော ပညာ-အစရှိသော ဉာဏ်အပြားနှင့်လည်းကောင်း။ စတုစက္ကေနစ၊ သပ္ပုရိသူပနိဿယအစရှိသော စက်လေးပါးနှင့်လည်းကောင်း။ တိပိဋကာဒိဝိဇ္ဇာပဋိဝေဓဉာဏေနစ၊ ပိဋကတ် သုံးပုံအစရှိသောအတတ်, ဗေဒင်ကျမ်းအစရှိသော လောကီအတတ်တို့၌ ထိုးထွင်း၍ သိတတ်သော ဉာဏ်နှင့်လည်းကောင်း။ သမ္ပဒါ၊ အခါခပ်သိမ်း။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍—

ဇာတိဇာတိယံ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌၊ အရဟတ္တမဂ္ဂသမ္ဘာရာနိ၊အရဟတ္တမဂ်ဉာဏ်၏ အဆောက်အဦဖြစ်ကုန်သော ကုသိုလ်ပါရမီတို့ကို။ အာဝဟန္တော၊ပြင်းစွာ ရွက်ဆောင်လျက်။ မေတ္တေယျသမ္မာသမ္ဗုဒ္ဓကာလေ၊အရိမတေည်း မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌။ သာသနံ၊ အဆုံးအမတော်ကို။ ပဋိဇာနိတွာ၊ ဝန်ခံ၍။ ဗောဓိပါကံ၊ အရဟတ္တမဂ်ဉာဏ်၏ ရင့်ခြင်းကို။ လဘာမိ၊ ရပါလို၏။

## တရားဂုဏ်တော်ဘွင့်အကျယ်

### ပရိယတ္တိဓမ္မသွာက္ခာတအနက် ၄-ပါး

### ၁။ အစ,အလယ်,အဆုံး-ကောင်းခြင်း

ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒေသိတော၊ ဟော တော်မူအပ်သော။ ဓမ္မော၊ ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ္တိ တရားတော်သည်။သုဋ္ဌ[အက္ခာတတာယ၊ ဂါထာ တို့၌ ပဌမပါဒဖြင့် အစ၏ကောင်းခြင်း, ဒုတိယပါဒ-တ တိယပါဒတို့ဖြင့် အလယ်၏ ကောင်းခြင်း, စတုတ္ထပါဒဖြင့် အဆုံး၏ကောင်းခြင်း။

တခုသောအနုသန္ဓေသာရှိသော ပါဠိတော်၌ နိဒါန်း ဖြင့် အစ၏ကောင်းခြင်း, နိဂုံးဖြင့် အဆုံး၏ ကောင်းခြင်း, အလယ်ဖြစ်သော ဒေသနာအစဉ်ဖြင့် အလယ်၏ ကောင်း ခြင်း။

များသော အနုသန္ဓေရှိသော ပါဠိတော်၌ အစဖြစ် သော အနုသန္ဓေဖြင့် အစ၏ကောင်းခြင်း,အဆုံးဖြစ်သော အနုသန္ဓေဖြင့် အဆုံး၏ ကောင်းခြင်း, အလယ် ဖြစ်သော အနုသန္ဓေဖြင့် အလယ်၏ ကောင်းခြင်း။

မိမိ၏အနက်ဖြစ်၍ဖြစ်သော သီလဖြင့် အစ၏ ကောင်း ခြင်း,သမထ-ဝိပဿနာ-မဂ်-ဖိုလ်တို့ဖြင့်အလယ်၏ကောင်း ခြင်း,နိဗ္ဗာန်ဖြင့်အဆုံး၏ကောင်းခြင်း။

သီလ-သမာဓိတို့ဖြင့် အစ၏ကောင်းခြင်း, ဝိပဿနာ- မဂ်တို့ဖြင့် အလယ်၏ကောင်းခြင်း, ဖိုလ်-နိဗ္ဗာန်တို့ဖြင့် အ ဆုံး၏ကောင်းခြင်း။

မြတ်စွာဘုရားတို့၏ ကောင်းစွာ သိအပ်သည်၏ အဖြစ်ဖြင့် အစ၏ကောင်းခြင်း, တရားတော်တို့၏ ကောင်းသော တရားတို့၏အဖြစ်ဖြင့် အလယ်၏ကောင်းခြင်း,သံဃာတော်တို့၏ ကောင်းစွာ ကျင့်အပ်သည်၏အဖြစ်ဖြင့် အဆုံး၏ ကောင်းခြင်း။

ထိုတရားတော်ကိုကြားနာ၍ ထိုတရားတော်၏ အကျိုး ၄၊ ကျင့်တော်မူသဖြင့် ရအပ်သော မြတ်စွာဘုရားတို့၏ မဘောက်မပြန် သိအပ်သည်၏ အဖြစ်ဖြင့် အစ၏ကောင်း ခြင်း,ပစ္စေကဗုဒ္ဓါတို့၏ မဘောက်မပြန်သိအပ်သည်၏အဖြစ် ဖြင့် အလယ်၏ ကောင်းခြင်း, သာဝကတို့၏ မဘောက် မပြန်သိအပ်သည်၏ အဖြစ်ဖြင့် အဆုံး၏ကောင်းခြင်း။

ရှိသေစွာ နာအပ်သည် ရှိသော် နိဝရဏ တို့သည် ကွာကုန်သည်ဖြစ်၍ ကောင်းခြင်းမဂ်လာကိုသာ ဆောင် တတ်သည်၏ အဖြစ်ကြောင့် ကြားနာရခြင်းဖြင့် အစ၏ ကောင်းခြင်း, ရှိသေစွာကျင့်အပ်သည်ရှိသော် သမထ-ဝိ ပဿနာချမ်းသာကို ဆောင်တတ်သည်၏ အဖြစ်ကြောင့် အကျင့်ဖြင့်အလယ်၏ကောင်းခြင်း, ထိုသို့ ကျင့်သည်ဖြစ်၍ မဂ်ဟူသော အကျင့်ဖြင့်ဖိုလ်သို့ရောက်လတ်ပြီးသော် သည်း ခံခြင်းအစရှိသော ဂုဏ်ကို ဆောင်တတ်သည်၏ အဖြစ် ကြောင့် မဂ်,ဖိုလ်တို့ဖြင့်လည်း အဆုံး၏ကောင်းခြင်း။

ကိုးကွယ်ရာ အမွှန်၏အဖြစ်ကြောင့် အမွှန်၏ စင်ကြယ် ခြင်းဖြင့် အစ၏ကောင်းခြင်း, အကျိုး၏ စင်ကြယ်ခြင်းဖြင့် အလယ်၏ကောင်းခြင်း, ကိစ္စ၏စင်ကြယ်ခြင်းဖြင့် အဆုံး၏ ကောင်းခြင်း။

ဤသို့အားဖြင့်ပြားသော အစ၏ကောင်းခြင်း, အလယ်၏ကောင်းခြင်း,အဆုံး၏ကောင်းခြင်းတို့နှင့်လည်းကောင်း။

## ၂။ အနက်သဒ္ဒါကောင်းခြင်း

သာသနာတော်တည်းဟူသော သီတင်းသုံးခြင်း, မဂ်တည်းဟူသော သီတင်းသုံးခြင်းတို့ကို အထူးထူးသောနည်းတို့ဖြင့် ပြရာပြကြောင်းဖြစ်၍ တရားအားလျော်စွာ ကျင့်ကုန်သောသူတို့အား လောကီ,လောကုတ္တရာအကျိုး၏ပြည့်စုံခြင်းဟုဆိုအပ်သောအနက်၊ ထိုအနက်ကို ဟောကြောင်းဖြစ်သော ပုဒ်,ဝါကျအပေါင်းတို့၏ ဒေါသကင်းသည်ဖြစ်၍ သုတ်၏လက္ခဏာနှင့်ပြည့်စုံခြင်းဟုဆိုအပ်သော သဒ္ဒါ။

အကျဉ်းပြခြင်း, မကျဉ်းမကျယ်ပြခြင်း, အကျယ်ဖွင့်ခြင်း, ဝေဘန်ခြင်း, ထင်စွာပြုခြင်း, ပညတ်ပရမတ်သဘောတို့နှင့် ယှဉ်ခြင်းဟုဆိုအပ်သောအနက်၊ အကျဉ်းအားဖြင့်ပြတတ်သော အက္ခရာ, မကျဉ်းမကျယ်ပြတတ်သောပုဒ်, အကျယ်ဖွင့်သောဝါကျ, ဝေဘန်တတ်သော သဒ္ဒါပရိယာယ်, ထင်စွာပြုတတ်သော ဝိဂြိုဟ်, ပညတ်-ပရမတ်ကို ညွှန်တတ်သောနိဒ္ဒေသတို့နှင့် ပြည့်စုံခြင်းဟုဆိုအပ်သောသဒ္ဒါ။

မကျဉ်းမကျယ်ပြုတတ်သောပုဒ် အကျိုး၏ နက်နဲခြင်း, အသိဉာဏ်၏နက်နဲခြင်းဟုဆိုအပ်သောအနက်၊အကြောင်း၏နက်နဲခြင်း, ဒေသနာ၏နက်နဲခြင်းဟုဆိုအပ်သောသဒ္ဒါ။

အတ္ထပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ၏ အာရုံဖြစ်သောအနက်၊ ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ၏အာရုံဖြစ်သောသဒ္ဒါ။

ပညာရှိတို့သည် ခံစားအပ်သောအားဖြင့် ဉာဏ်ကိုကြည့်စေခြင်းဟုဆိုအပ်သော အနက်၊ ယုံကြည်အပ်သောအားဖြင့် တရားနာသူအပေါင်းတို့ကိုကြည်ညိုစေတတ်သောဒေသနာတော်အစဉ်ဟုဆိုအပ်သောသဒ္ဒါ။

သိမ်မွေ့နက်နဲသောအဓိပ္ပါယ်ဟုဆိုအပ်သော အနက်၊ မလျှိုမဝှက် ပြက်ပြက်ထင်ထင် သိမြင်သာသော ပုဒ်ဟုဆိုအပ်သောသဒ္ဒါ။

ပဋိပတ္တိကိုသိရခြင်းလျှင် လင်းသော သတ္တိဟု ဆိုအပ်သောအနက်၊ ပရိယတ္တိကိုရခြင်းလျှင် ထင်သော သတ္တိဟုဆိုသောသဒ္ဒါ။

ဤသို့အားဖြင့်ပြားသောအနက်၏ ကောင်းခြင်း, သဒ္ဒါ၏ ကောင်းခြင်းတို့နှင့် လည်းကောင်း။

### ၃။ ထက်ဝန်းကျင်ပြည့်စုံခြင်း-စင်ကြယ်ခြင်း

ဆောင်အပ်သော ပုဒ်အနက်တပါးမရှိသည်ဖြစ်၍ ထက်ဝန်းကျင်ပြည့်စုံခြင်း, ပယ်အပ်သောပုဒ်အနက်မရှိသည်ဖြစ်၍ အပြစ်ကင်းသောအားဖြင့် ထက်ဝန်းကျင်စင်ကြယ်ခြင်း။

သီလ,သမာဓိ, ပညာ,ဝိမုတ္တိ,ဉာဏဒဿနတည်းသောတရားငါးပါး,အစနှင့်ယှဉ်သည်ဖြစ်၍လည်း ထက်ဝန်းကျင်ပြည့်စုံခြင်း, ညစ်ညူးခြင်းကင်းသည်ဖြစ်၍ ဝဋ်ဆင်းရဲမှထုတ်ခြင်းငှါဖြစ်ခြင်းကြောင့် လောကီအာမိသကို ငဲ့ကွက်ခြင်းကင်းသဖြင့်လည်း ထက်ဝန်းကျင်စင်ကြယ်ခြင်း။

### ၄။ မဘောက်မပြန် မှန်ကန်ခြင်း

သိက္ခာသုံးပါးကို သိမ်းဆည်းသည်၏ အဖြစ်ကြောင့် ဗြဟ္မာ့သဘွယ်ဖြစ်၍ မြတ်ကုန်သော သူတော်ကောင်းတို့

သည် ကျင့်အပ်သည်ဖြစ်၍ မြတ်သော အကျင့်တို့နှင့်လည်းကောင်း,သာသနာတော်မှအပ တိတ္ထိတို့သည် အန္တရာယိကဖြစ်၏ဟု ဟောသော်လည်းနိယျာနိကဖြစ်သကဲ့သို့လည်းကောင်း, နိယျာနိကဖြစ်၏ဟု ဟောသော်လည်း အန္တရာယိက ဖြစ်သကဲ့သို့လည်းကောင်း, ထိုတိတ္ထိတို့၏တရားကဲ့သို့ အနက်ဘောက်ပြန်ခြင်းမရှိမူ၍ ဤတရားကား ရာဂ်,မဂ်, ဖိုလ်အစရှိတို့၏ အန္တရာယ်ကိုပြုတတ်၏၊ ဤတရားကားအပါယ်အစရှိသောဆင်းရဲ, ဇာတိအစရှိသော ဆင်းရဲတို့မှ ထုတ်ဆောင်တတ်၏ဟု ဟောတော်မူသည် ရှိသော် ဟောတော်မူတိုင်းသာလျှင် အနက်ဘောက်ပြန်ခြင်းမရှိမူ၍ မှန်သောသဘော အနက်တို့နှင့်လည်းကောင်း။

ဤသို့ဆိုအပ်ခဲ့ပြီးသော သုဂ္ဂုဏ်နှင့်ပြည့်စုံစွာ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။ [ဤကား ပရိယတ္တိသွာက္ခာတ။]

မဂ္ဂဓမ္မသွာက္ခာတ

ဘဂဝတာ၊-သည်။ ဒေသိတော၊ ဟောတော်မူအပ်သော။ ဓမ္မော၊ သောတာပတ္တိမဂ်,သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တ မဂ်ဟုဆိုအပ်သော မဂ်လေးပါး တရားတော်သည်။ သုဋ္ဌုအက္ခာတတာယ၊ နိဗ္ဗာန်အား လျော်စွာ ပဋိပဒါကို,ပဋိပဒါအားလျော်စွာ နိဗ္ဗာန်ကိုလည်းကောင်း၊ ကာမသုခလ္လိက- အတ္တကိလမထဟု ဆိုအပ်သော အယုတ်တရားနှစ်ပါး, သဿတဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိဟု ဆိုအပ်သော အယုတ်တရား နှစ်ပါးတို့သို့မကပ်မူ၍ သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, ပဋိပဒါ ဉာဏ

ဒဿနဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတို့ဖြင့် စင်ကြယ်သည်ဖြစ်၍ မြတ်သော အလတ်ဖြစ်သော အကျင့်ကိုသာလျှင် မဇ္ဈိမပဋိပဒါဟူ၍လည်းကောင်း ကောင်းစွာဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။သွာက္ခာတော၊သွာက္ခာတ မည်တော်မူ၏။ [ဤကား-မဂ်လေးပါး သွာက္ခာတ။]

ဖလဓမ္မသွာက္ခာတ

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ ဓမ္မော၊ ဖိုလ်လေးပါးတရားတော်သည်။ သုဋ္ဌုအက္ခာတတာယ၊ သောတာပတ္တိဖိုလ်သည် မိမိမဂ်ဖြင့် ပယ်သတ်ဖျက်ဆီးအပ်ပြီးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာ နှစ်ပါးမှ ငြိမ်းပြီးသောသဘော။

သကဒါဂါမိဖိုလ်သည် မိမိမဂ်ဖြင့် ခေါင်းပါးစေအပ်ပြီးသောကာမရာဂ,ဒေါသ၊ အောက်မဂ်ဖြင့် ပယ်ပြီးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကိလေသာတို့မှငြိမ်းပြီးသောသဘော။

အနာဂါမိဖိုလ်သည် မိမိမဂ်ဖြင့် အကြွင်းမဲ့ပယ်ဖျက်ဆီးအပ်ပြီးသော ကာမရာဂ, ဒေါသ၊ အောက်မဂ်ဖြင့် ပယ်အပ်ပြီးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၊ ဤကိလေသာတို့မှ ငြိမ်းပြီးသော သဘော။

အရဟတ္တဖိုလ်သည် မိမိမဂ်ဖြင့်ပယ်ဖျက်ဆီး အပ်သော ဘဝရာဂ, ဥဒ္ဓစ္စ, မောဟ၊ အောက်မဂ်တို့ဖြင့် ပယ်အပ်ပြီးသော ကာမရာဂ, ဒေါသ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ၊ ဤအလုံးစုံသမ္ပယုတ် တရားနှင့်တကွ တထောင့်ငါးရာ ကိလေသာအပေါင်းတို့မှ ငြိမ်းပြီးသောသဘောရှိ၏ဟု ကောင်းစွာဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။ [ဖိုလ်လေးပါးသွာက္ခာတ။]

## နိဗ္ဗာနစမ္မသွာက္ခာတ

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ ဓမ္မော၊ နိဗ္ဗာန်တရားတော်သည်။ သုဋ္ဌုအက္ခာတတာယ၊ သတ္တဝါတို့၏ ကိုးကွယ်မှီခိုပုန်းအောင်း ဆည်းကပ်ရာ ဟူသောသဘော, စင်စစ် ချမ်းသာခြင်းသဘော, မြဲခြင်းသဘော, စုတိဟူသော အဆုံးကိုလွန်မြောက်ခြင်း သဘောအစရှိသည်တို့၏ အစွမ်းအားဖြင့် ကောင်းစွာ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။ [နိဗ္ဗာန်သွာက္ခာတ။]

---

## သန္ဒိဋ္ဌိကဂုဏ်တော် အနက် ၃-ပါး

### ၁။ အလိုလိုသိအပ်သောအဖြစ်ရှိခြင်း

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ ဓမ္မော၊ မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာ တရားကိုးပါးသည်။ သယံဒဋ္ဌဗ္ဗတာယ၊ မိမိသန္တာန်၌ ရာဂအစရှိသည်တို့၏ မရှိခြင်းကို ပြုသဖြင့် အရိယာပုဂ္ဂိုလ်တို့သည် ငါ့အားရာဂအစရှိသော ကိလေသာတို့ကို ဤမည်သောမဂ်ဖြင့်ပယ်အပ်၏ဟု သုတဗုဒ္ဓပုထုဇဉ်တို့၏ အနုမာနသုတမယဉာဏ်ဖြင့် သိသကဲ့သို့ မဟုတ်မူ၍ အလိုလိုသာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ဖြင့် သိအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

### ၂။ အောင်အပ်သော အဖြစ်ရှိခြင်း

ပသဋ္ဌဒိဋ္ဌိယာဇိတတ္တာစ၊ ချီးမွမ်းအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ဖြင့် သမ္ပယုတ်ဖြစ်သော မဂ်ခလေးပါး၏ အကျိုးဖြစ်

သော ဖိုလ်လေးပါး, မဂ်-ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်တရားတို့သည် ကိလေသာတည်းဟူသော ရန်သူတို့ကို အောင်ကြောင်းအောင်ရာ သတ္တိရှိသည်ဖြစ်၍ အောင်မြင်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။

၃။ ကောင်းစွာထင်ထိုက်သောအဖြစ်ရှိခြင်း

သန္ဒိဋ္ဌိ အရဟတာယစ၊ ဘာဝနာ သုံးပါးကိုရခြင်း, မျက်မှောက်ပြုသည်ကိုရခြင်း၏ အစွမ်းအားဖြင့် ကောင်းစွာထင်ခြင်းကိုပြုခြင်းငှါ ထိုက်တော်မူသည်၏အဖြစ်ကြောင့်လည်းကောင်း။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိက မည်တော်မူ၏။ [ဤဂုဏ်တော်၌ ပရိယတ္တိဓမ္မကိုမှုချမရ၊]

---

## အကာလိကဂုဏ်တော်

### အခါမလင့်အကျိုးပေးခြင်း

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ ဓမ္မော၊မင်္ဂလေးတန်တရားတော်သည်။ ဖလဒါနေအာဂမေ တဗ္ဗကာလနတ္ထိတာယ၊အပရာပရိယဖြစ်သောမဟာကုသိုလ်အလယ်ဇောငါးချက် စေတနာကဲ့သို့ တတိယဘဝ အစရှိသော အကျိုးပေးရာကာလကို ငံ့ခြင်းမရှိမူ၍ ဥပပဇ္ဇဖြစ်သော မဟာကုသိုလ် သတ္တမဇောစေတနာ, မဟဂ္ဂုတ်ကုသိုလ်စေတနာတို့ကဲ့သို့ တတိယဘဝဟု ဆိုအပ်သော အကျိုးပေးရာ ကာလကို ငံ့ခြင်းမရှိမူ၍ ဒိဋ္ဌဓမ္မ ဝေဒနိယဖြစ်သော မဟာကုသိုလ်ဇောစေတနာကဲ့သို့ ဇော,တဒါရုံ,ဘဝင်အစရှိသည်အခြားမရှိမူ၍ မိမိအခြားမဲ့လျှင် ဖိုလ်ဟူသော အကျိုးကို ဖြစ်စေတတ်သည်၏ အဖြစ်ဖြင့် အကျိုးပေးခြင်း၌ ငံ့လင့်အပ်သော အခါရှိတော်မမူသည်၏အဖြစ်ကြောင့်။

အကာလိကော၊ အကာလိက မည်တော်မူ၏။ [ဤဂုဏ်တော်၌ ပရိယတ္တိ, ဖိုလ်တို့ကို မှုချမရ။]

## ဧဟိပဿိကဂုဏ်တော်

### လာလှည့်ရှုလော့ဟုဆိုခြင်းငှါ ထိုက်ခြင်း

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ဓမ္မော၊လောကုတ္တရာကိုးပါး တရားတော်သည်။ ဧဟိပဿမန္တိ ဝတ္တုံအရဟတာယ၊ အချည်းနှီးသော လက်ဆုပ်, ပခြုပ်,သေတ္တာ အစရှိသည်တို့၌ ရွှေငွေရတနာတို့ကို လာလှည့်ရှုလော့ဟု ဆိုခြင်းငှါ ရတနာထင်ရှားမရှိခြင်းကြောင့် နှစ်လိုခြင်းမပွါးသည်ဖြစ်၍ မထိုက်သကဲ့သို့လည်းကောင်း၊ ဝတ္ထုထင်ရှားရှိသော်လည်း ဂူထက,မုတ္တ,ကရီသ စသည်တို့ကို လာလှည့်ရှုလော့ဟု ဆိုခြင်းငှါ မစင်ကြယ်ခြင်းကြောင့် နှစ်လိုခြင်းမပွါးသည်ဖြစ်၍ မထိုက်သကဲ့သို့လည်းကောင်း၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောတရား,မစင်ကြယ်သောတရားမဟုတ်မူ၍ အခိုးမြူနှင့်တိမ်တိုက်ကင်းသော ကောင်းကင်ပြင်၌ လျှံထင်ထွန်းပသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း၊ ပဏ္ဍုကမ္ဗလာ ရတနာကျောက်ဖျာအပြင်၌ တင်ထားအပ်သော ပတ္တမြားမျက်ရှင်ကဲ့သို့လည်းကောင်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်,သန့်ရှင်း စင်ကြယ်သည်၏ အဖြစ်ဖြင့် နှစ်လိုခြင်းကို ပွားစေတတ်သည်ဖြစ်၍ လာလှည့်ရှုလော့ဟုဆိုခြင်းငှါ ထိုက်တော်မူသည်၏ အဖြစ်ကြောင့်။ ဧဟိပဿိကော၊ဧဟိပဿိက မည်တော်မူ၏။ ။

[ဤဂုဏ်တော်၌ ပရိယတ္တိဓမ္မလည်း ဥပစာရ အားဖြင့် ရထိုက်၏။]

## သြပနေယျိကဂုဏ်တော်
### ကပ်ဆောင်အပ်သော အဖြစ်ရှိခြင်း

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ ဓမ္မော၊လောကုတ္တရာကိုးပါး တရားတော်သည်။ ဥပနယေ အရဟတာသယ၊ဇာတိအစရှိသောဘဝမီးလျှံ၏အပိုင်းအခြား ဖြစ်သော အတ္တမှ ဆိတ်ခြင်းသဘော, သုခမှ ဆိတ်ခြင်း သဘော,နိစ္စမှဆိတ်ခြင်းသဘောကို လည်းကောင်း၊ သီလ ကို လည်းကောင်း ရှေးရှုအဖန်တလဲလဲရှု၍ ဝိပဿနာ ဘာဝနာကို ပွားစေသည်၏ အစွမ်းအားဖြင့်ဖြစ်သော ဝိပ ဿနာ ယောဂီ ပုဂ္ဂိုလ်တို့၏ စိတ်သန္တာန်၌ ကပ်၍ ဖြစ်ခြင်း ရှိသည်၏အဖြစ်ကြောင့် လည်းကောင်း၊ အာရုံ၏ အစွမ်း အားဖြင့်ဝိမောက္ခဖြစ်သော စိတ်သန္တာန်သို့ကပ်၍ ဆောင် ခြင်းငှါထိုက်တော်မူသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ အရိယာ ပုဂ္ဂိုလ်တို့ကို နိဗ္ဗာန်သို့ ဆောင်တတ်သည်၏ အ ဖြစ်,အရိယာပုဂ္ဂိုလ်တို့သည် မျက်မှောက်ပြုသောအားဖြင့် ကပ်၍ ဆောင်အပ်သည်၏အဖြစ်ကြောင့် လည်းကောင်း။ သြပနေယျိကော၊သြပနေယျိကမည်တော်မူ၏။

---

## ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်
### ပညာရှိတို့ အသီးသီး သိအပ်သော အဖြစ်ရှိခြင်း

ဘဂဝတာ၊-သည်။ဒေသိတော၊ဟောတော်မူအပ်သော။ ဓမ္မော၊ လောကုတ္တရာကိုးပါး တရားတော်သည်။ ပစ္စတ္တံ အတ္တနောစိတ္တေဝေဒဥပဇ္ဈမာနံ၊ သုတပါးတို့၏ နား, ဦး ခေါင်း စသည်တို့၌ ဆင်သော တန်ဆာကို မြင်သကဲ့သို့ ဥပဇ္ဈာယ် ဆရာ ပွားစေအပ်သော မင်ဖြင့် တပည့်၏

သန္တာန်၌ ရှိသော ကိလေသာကို ပယ်ခြင်းငှာ မစွမ်းနိုင်၊ ဆရာ၏ ဖလလမာပတ်၌ တပည့်ဝင်စားခြင်းငှါ မတတ်နိုင်၊ ဆရာ၏ မျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို တပည့် မျက်မှောက်ပြုခြင်းငှါ မထိုက်သည်သာဖြစ်၍ စင်စစ်လျှင် မိမိ သန္တာန်၌ ပွားစေအပ်သော မဂ်,ဝင်စားအပ်သော ဖိုလ်, မျက်မှောက်ပြုအပ်သောနိဗ္ဗာန်ကို။ ငါ့ညူဟိ၊ပညာ လွန်မြတ်သည်ဖြစ်၍ အကျဉ်း ဥဒ္ဒေသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ် သို့ ရောက်ကုန်သော ဥဃ္ဃာဋိတညူ၊ သဒ္ဓါလွန်မြတ်သည် ဖြစ်၍ မကျဉ်းမကျယ် နိဒ္ဒေသဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်သို့ ရောက်ကုန်သော ဝိပဉ္စိတညူ၊ ဝီရိယလွန်မြတ်သည်ဖြစ်၍ အကျယ် ပဋိနိဒ္ဒေသဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ရောက်ကုန်သော နေယျ,ဒုက္ခပဋိပဒါဒန္ဓာဘိညာ အစရှိကုန်သော အရိယာ ပညာရှိတို့သည်။ ဝေဒိတဗ္ဗတာယ၊ သိအပ်သည်၏ အဖြစ် ကြောင့်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ပစ္စတ္တံဝေဒိတဗ္ဗ မည်တော် မူ၏။

## သံဃာ့ဂုဏ်တော် ၉-ပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ဉာယ-ပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိ-ပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီ ယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ။

၁။ သုပ္ပဋိပန္နော၊
၂။ ဥဇုပ္ပဋိပန္နော၊
၃။ ဉာယပ္ပဋိပန္နော၊
၄။ သာမိစိပ္ပဋိပန္နော၊
၅။ အာဟုနေယျော၊
၆။ ပါဟုနေယျော၊
၇။ ဒက္ခိဏေယျော၊
၈။ အဉ္ဇလိကရဏီယော၊
၉။ အနုတ္တရံပုညက္ခေတ္တံ။

---

## ၁။ သုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊တပည့်သံဃာတော်သည်။ သုပ္ပဋိပန္နတ္တာ၊ အယုတ်တရားနှစ်ပါးတို့သို့မကပ်မူ၍ မဇ္ဈိမပဋိပဒါဖြင့်သာလျှင် သုတ္တန်,ဝိနည်း ပိဋကတ်တို့၌ ဆုံးမတော်မူတိုင်း ကောင်းစွာ ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့်။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္န မည်တော်မူ၏။

---

## ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊တပည့်သံဃာတော်သည်။ ဥဇုပ္ပဋိပန္နတ္တာ၊ထွန်ကိုင်း,လရေး ဂေါမုတ်ကွေးအပြား သုံးပါးသောအဖကောက်ကဲ့သို့ မနှစ်လိုအပ်သော ကိုယ်,စိတ်,စကား သုံးပါးသောကောက်ခြင်းကင်းသည်ဖြစ်၍ ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အတွင်းအပြင် အညီ

အညွတ် ဖြောင့်မတ်သောအကျင့် ရှိတော်မူသည်၏အဖြစ်ကြောင့်။ ဥဇုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္နမည်တော်မူ၏။

---

## ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သံဃာတော်သည်။ ဉာတဗ္ဗနိဗ္ဗာနတ္ထာယ ပဋိပန္နတ္တာ၊ အရိယမဂ်ဖြင့် မျက်မှောက်ပြုအပ်,သိအပ်သော နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ ဉာယေန ပဋိပန္နတ္တာစ၊ နိဗ္ဗာန်အားလျော်စွာဖြစ်သော အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာဖြင့် ကျင့်တော်မူတတ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ဉာယပ္ပဋိပန္နော၊ ဉာယပ္ပဋိပန္နမည်တော်မူ၏။

---

## ၄။ သာမိစိပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊တပည့်သံဃာတော်သည်။ ပစ္စုပဋ္ဌာနာဒိသာမိစိကမ္မာရဟေန ပဋိပန္နတ္တာ၊ သူတပါးတို့သည် ခရီးဦးကြိုဆိုခြင်း,နေရာပေးခြင်း အစရှိသည်ဖြင့် အရိုအသေပြုခြင်းငှါ ထိုက်တော်မူသော မကွဲ့ရဲ့အပ် မြတ်သောသီလ, သမာဓိအစရှိသောဂုဏ်ဖြင့် ကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့်။ သာမိစိပ္ပဋိပန္နော၊သာမိစိပ္ပဋိပန္နမည်တော်မူ၏။

## ၅။ အာဟုနေယျဂုဏ်တော်

ယုဂဝသေန၊ မဂ္ဂဋ္ဌာန်,ဖလဋ္ဌာန် အစုံအစုံတို့၏အစွမ်းအားဖြင့်။ ယဒိဒံ-ယာနိ စတ္တာရိပုရိသယုဂါနိ၊ အကြင်လေးပါးသော ပုဂ္ဂိုလ်မြတ်အစုံတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပုဂ္ဂလဝသေန၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ဖလဋ္ဌာန်ပုဂ္ဂိုလ် အသီးအသီးရေတွက်ခြင်းပုဂ္ဂိုလ်တို့၏အစွမ်းအားဖြင့်။အဋ္ဌပုရိသပုဂ္ဂလာ၊ ရှစ်ယောက်ကုန်သော ပုဂ္ဂိုလ်မြတ်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဘဂဝတော၊မြတ်စွာဘုရား၏။ သေ-သော၊ ဤသို့အစုံအားဖြင့်လေးပါး, ပုဂ္ဂိုလ်အားဖြင့်ရှစ်ယောက်အပြားရှိသော။ သာဝကသံဃော၊ တပည့်သံဃာတော်သည်။ အာနေတွာ အာဟုနိတဗ္ဗပဋိဂ္ဂဟဏာရဟ-တော၊ အဝေးမှဆောင်အပ်သော ပစ္စည်းလေးပါးအစရှိသော ဒါနဝတ္ထုတို့ကိုခံခြင်းငှါ များမြတ်သောအကျိုးကိုပြီးစေတတ်သောအားဖြင့် ထိုက်တော်မူသည်၏အဖြစ်ကြောင့်။ အာဟုနေယျော၊ အာဟုနေယျ မည်တော်မူ၏။

---

## ၆။ ပါဟုနေယျဂုဏ်တော်

သေ-သော သာဝကသံဃော၊ ဤရှစ်ယောက်သော အရိယာသံဃာတော်သည်။ ပါဟုနံ သက္ကာရေန ပဋိ-ယတ္တံ အာဂန္တုကဒါနံ ပဋိဂ္ဂဟဏာရဟတော၊အရပ်ငယ်အရပ်ကြီး,အနီးအဝေးတို့မှ နှစ်လိုအထူး ကျေးဇူးကိုဆောင်တော်မူသည်ဖြစ်၍ ချစ်ကျွမ်းဝင်သူ, အဆွေခင်ပွန်း,အဆွေအမျိုး, ဧည့်သည်တို့အား ရည်မှတ်သဖြင့် ကောင်းမြတ်စွာစီရင်၍ထားအပ်သော ပူဇော်သက္ကာ အထူးတို့ကို ထိုအ

ဆွေအမျိုး, အဆွေခင်ပွန်း, ညွှတ်သည့်တို့အား မတည်မ ကျွေးမပေးဦးဘဲ ညွှတ်သည်တကာတို့ထက် ပစ္စုပ္ပန်သံသရာ အကျိုးစီးပွါးကိုဆောင်ဘော်အဖြစ်အားဖြင့် မြတ်သည်ဖြစ် ၍ ရှေးဦးစွာ တည်ကျွေးပေးကမ်း လှူဒါန်းခြင်းအား လျောက်ပတ်သဖြင့် ထိုအလှူကိုခံခြင်းငှါ ထိုက်တော်မူသည် ၏အဖြစ်ကြောင့်။ ပါဟုနေယျော၊ ပါဟုနေယျ မည် တော်မူ၏။

---

## ၇။ ဒက္ခိဏေယျဂုဏ်တော်

သေ-သော၊ ဤသို့အစုံအားဖြင့် လေးပါး, ပုဂ္ဂိုလ် အားဖြင့် ရှစ်ယောက်အပြားရှိသော။ သာဝကသံဃော၊ တပည့်သံဃာတော်သည်။ဒက္ခိဏံပဋိဂ္ဂဟိတုံ အရဟတာယ၊ သတ္တဝါတို့၏ အလိုရှိတိုင်းသော-လောကီ, လောကုတ္တရာ သမ္ပတ္တိဖြင့် ပြန့်ပွါးကြောင်းဖြစ်သော သံသရာကိုယုံကြည်၍ လှူသောမြတ်သောအလှူကို ခံခြင်းငှါ ထိုက်တော်မူသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဒက္ခိဏာ ဝိသောဓေတာယ၊ မြတ်သောအကျိုးကို ပြုတတ်သောအားဖြင့် မြတ်သော အလှူကို သုတ်သင်တော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း ကောင်း။ ဒက္ခိဏေယျော၊ဒက္ခိဏေယျ မည်တော်မူ၏။

---

## ၈။ အဉ္ဇလိကရဏီယဂုဏ်တော်

သေ-သော သာဝကသံဃော၊ ဤရှစ်ယောက်သော တပည့် သံဃာတော်သည်။ အဉ္ဇလိကမ္မအရဟတာယ၊ ခပ်သိမ်းစုံသော လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့သည်

လက်စုံထိပ်ပြင် ဦးတင်မြတ်နိုး ရှိခိုးခြင်း၄၇ ထိုက်တော်မူသည်၏ အဖြစ်ကြောင့်။ အဥ္ဇလိကရဏီယော၊ အဥ္ဇလိကရဏီယမည်တော်မူ၏။

---

## ၉။ အနုတ္တရံပုညက္ခေတ္တဂုဏ်တော်

သေ-သော သာဝကသံဃော၊ ဤရှစ်ယောက်သော တပည့်သံဃာတော်သည်။ လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ ပုညက္ခေတ္တတာယ၊ အတုမရှိ ကောင်းမှုတည်း ဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်တာမြေကောင်းသဘွယ် ဖြစ်တော်မူသည်၏ အဖြစ်ကြောင့်။ အနုတ္တရံပုညက္ခေတ္တံ၊ အနုတ္တရံပုညက္ခေတ္တမည်တော်မူ၏။

---

## ရှိခိုးခြင်း—ဝန္ဒနာ

ဣတိ-ဣမေဟိနဝဟိဂုဏေဟိ၊ဤဂုဏ်တော်ကိုးပါးတို့ဖြင့်။ သဒေဝကံ၊ နတ်ပြည်ငါးထပ်နှင့်တကွသော။ သမာရကံ၊ ဝသဝတ္တီနတ်ပြည်နှင့်တကွသော။သဗြဟ္မကံ၊ ဗြဟ္မာနှစ်ဆယ်နှင့်တကွသော။လောကံ၊ ဩကာသ လောကကို။ သဿမဏ ဗြာဟ္မဏိံ၊ ရဟန်း,ပုဏ္ဏားနှင့်တကွသော။ သဒေဝမနုဿံ၊ မင်းတည်းဟူသော သမ္မုတိနတ်ရှိသော လူနှင့်တကွသော။ ပဇံ၊ သတ္တဝါအပေါင်းကို။ အဇ္ဈုဂ္ဂတံ၊ နှံ့၍ကျော်စော တော်မူထသော။ ရတနဂ္ဂံ၊ ခပ်သိမ်းသော လောကီရတနာ တို့ထက် မြတ်တော်မူထသော။ ရာဂါဒိပရိယုဋ္ဌဂူပသမံ၊ ရာဂစသည်တို့၏ထိုးကျင့်ကိုက်ခဲခြင်းကိုလည်း ငြိမ်းစေတော်

မှုတတ်ထသော။ သံဃရတနံ၊ သံဃာတော် ရတနာမြတ် သုံးလူ့ထွဋ်ကို။ ဥတ္တမင်္ဂ၊ မြတ်သောအင်္ဂါဟု သမိုက် အပ်သော ဦးခေါင်းထက်၌။ ထပေတွာန၊ ကိုးကွယ်သော အားဖြင့်ထား၍။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

**ဦးသြဘာသဂုဏ်တော်ဘွင့်ပြီး၏။**

# ဝိသုဒ္ဓါရုံဂုဏ်တော်ဘွင့်

## ဘုရားဂုဏ်တော် ၉-ပါး

[တနည်း ၁၀-ပါး]

၁။ သော ဘဂဝါ ဣတိပိ အရဟံ၊

၂။ သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

၄။ သော ဘဂဝါ ဣတိပိ သုဂတော၊

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊

*၆။ သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသဒမ္မသာရထိ၊

၇။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝမနုဿာနံ၊

၈။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ။

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတာ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ အာဒရံ။ ။

အပရိမေယျသော၊ ဤရွေ့ဤမျှ ဂဏန်းချ၍ နှိုင်းဆခြင်း ငှါ မတတ်ရာကုန်သော။ အပရိမေယျသော၊ ဤရွေ့ ဤမျှ ဂဏန်းချ၍ နှိုင်းဆချင့်ပေါင်း မတတ်ကောင်း ကုန်သော။ အပရိမေယျသော၊ ဤရွေ့ ဤမျှ ဂဏန်းချ၍ နှိုင်းဆပိုင်ပိုင် မတတ်နိုင်ကုန်သော။ အပရိမေယျသော၊ ဤရွေ့ ဤမျှ ဂဏန်းချ၍ နှိုင်းဆပိုင်းခြား မတတ်အား ကုန်သော။

---

* အနုတ္တရော တပါး, ပုရိသဒမ္မသာရထိတပါး၊ ၂-ပါးခွဲယူလျှင် ဘုရားဂုဏ်တော် ၁၀-ပါးဖြစ်၏။

အတ္တဘာဝေသု၊ကိုယ်တော်မြတ် အဖြစ်တော်တို့၌။ သမတ္တိံသပါရမိယော၊အမျှသုံးဆယ် မျှားကျယ်အညီ ပါရမီတော်တို့ကို။ ပူရေတွာ၊ မဆုတ်မနစ် သစ်သစ်ပွါးဆင့် ဖြည့်ကျင့်တော်မူပြီး၍။ သဗ္ဗကိလေသေ၊ ပဉ်သတ္တရီ နာမ်,လက်,နိကို သန်ကိမြှောက်ပွား ငါးရာ့တထောင် မြားမြောင်ပြောဟုန် အလုံးစုံသော ကိလေသာတို့ကို။ ဘဉ္ဇိတွာ၊ လေးတန်ညွန်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်ခုတ်ထွင် သုတ်သင် ရှင်းလင်းတော်မူပြီး၍။ ဒသ သဟဿိ လောကဓာတုံ၊ ဝန်းကျင်တိုက်ပေါင်း တသောင်းပညတ် လောကဓာတ်ကို။ ကမ္ပေန္တော၊ သံဟည်းရိုက်နှက် သိမ့်သိမ့်တက်အောင် အောက်ထက်ဇွန်ဝေ တုန်လှုပ်စေလျက်။ အနုတ္တရံ၊ မည်သည့်တရား မန္တန်းအား၍ မြတ်ဖျားခေါင်ထိ တုမရှိသော။ သမ္မာသမ္ဗောဓိံ၊မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော မဏ္ဍိုင်ဉာဏ်တော် မဂ်ဉာဏ်မြတ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ပစ္စဝေက္ခဏာ ဇောခြားကာဖြင့် မကြာခဏ ရတော်မူလေပြီ။ ဒေဝါနံ၊ သန္တုသိတ စသည်ထင်ရှား နတ်အများတို့ထက်၊ အတိဒေဝေါ၊ဒိဗ္ဗဝိဟာရ စသည်ရောင်မြူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးလွန်ကဲသောနတ်မြတ်ဖြစ်တော်မူထသော။သက္ကာနံ၊ စဆုံးမရှိ မျှားဘိလောကဓာတ် ဗိမာန်မြတ်ဝယ် ပျော်လတ်စံစား နတ်သိကြားတို့ထက်။အတိသက္ကော၊ အောင်တံခွန်ဖြင့်ကျော်ဇွန်ချိမ့်သဲ လွန်ကဲထူးမြတ်သောသိကြားမင်းဖြစ်တော်မူထသော။ ဗြဟ္မာနံ၊ဈာန်ဟုန်ရောင်ဖြင့် တောက်လောင်ဘနန်း ချီးမွမ်းကျော်သောင်း ဗြဟ္မာအပေါင်းတို့ထက်၊အတိဗြဟ္မာ၊ ရူပ,နာမ ဂုဏ်နှစ်ဝဖြင့် ဆဆလွန်ကျူးထူးမြတ်သော ဗြဟ္မာမင်း ဖြစ်တော်မူထသော။ လောက

နာထော၊ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ညွှတ်လျိုး ခိုကိုးရာဖြစ်တော်မူထသော။ သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ ကာမ,ရူပ အရူပဟု လောကသုံးတည် ဘုံသုံးမည်၌။ ပတ္တဋကိတ္တိသဒ္ဒေါ၊ ဘဂ်ျဝန္တ စသည်ချီးအံ့ နယ်မဆံ့အောင် ပျံ့နှံ့ကျော်စောသော အသံရှိတော်မူထသော။ ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ အတ္ထိ-ဝိဇ္ဇတိ၊ထင်ရှားရှိတော်မူ၏။

## ၁။ အရဟံဂုဏ်တော်

(က) သော ဘဂဝါ၊ ထိုသဗ္ဗညုမြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ပညာရှိယောင် လူမိုက်ခေါင်တို့ လူ့ဘောင်မလှ အရှက်ရမည်ကြောင့် ကွယ်ပ ညစ်ကျု မကောင်းမှုကို ပြုကြပမာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျု မကောင်းမှုကို မပြုကင်းလွတ် ကြောင်းသကတ်ကြောင့်လည်း။ အ-ရဟံ၊ အ-ရဟံ မည်တော်မူ၏။

(ခ) သောဘဂဝါ၊-သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ စီးပွါးနှစ်ဆူ ဖြည့်ကျင့်သူတို့ မယူဝေးရပ် စွန့်ပစ်အပ်သည့် မမြတ်ညစ်ပေ မျှားကိလေကို ညောင်ရွှေပင်မင်းအောင်မြေခင်း၌ အကြွင်းမချန် မဂ်လေးတန်ဖြင့် ပယ်လှန်တွန်းသတ် ၍သကတ်ကြောင့်လည်း။ အ-ရဟံ၊ အ-ရဟံ မည်တော်မူ၏။

(ဂ) သောဘဂဝါ၊-သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သေက္ခာသေက္ခ ကလျာဏပုထုဇန် သူမွန်ရောင်

---

(က) နတ္ထိ ရဟော တေသာတိ အ-ရဟံ။
(ခ) ရဟီယန္တေတိ ရဟာ၊နတ္ထိ ရဟာ တေသာတိ အ-ရဟံ။
(ဂ) န ရဟီယတေတိ အ-ရဟံ။

ဖိတ် လူပဏ္ဍိတ်တို့ ကိုယ်စိတ်ညွတ်လျော သဒ္ဓါစော၍ နေ့ ရောညဥ့်ပါ အခါမလတ် မစွန့်အပ်တောင်း ဤအကြောင်း ကြောင့်လည်း။ အ-ရဟံ၊ အ-ရဟံမည်တော်မူ၏။

(ဃ) သော ဘဂဝါ-သည်။ ဣတိပိ ဣမိနာစ ကာရ ဏေန၊ မြရိပ်ဝေဝေ ဗုဒ္ဓဟောဟု အောင်မြေသာချက် ပလ္လင် ထက်က ကမ္မက္ခယန် မဂ်လေးတန်ဖြင့် သ, သမ္ဘာရတ် ကမ္မဝဋ်ကို ပယ်ဖြတ်ဖျက်ဆီး အောင်မြင်ပြီး၍ သီးသီးဘုံ ဌာန် သွားလာပြန်ခြင်း အလျှင်းကင်းပြတ် ကြောင်းသ ကတ်ကြောင့်လည်း။ အ-ရဟံ၊ အ-ရဟံမည်တော်မူ၏။

(င) သော ဘဂဝါ-သည်။ ဣတိပိ ဣမိနာစ ကာရ ဏေန၊ လောဘ,ဒေါသ မောဟ,ကင်္ခါ မိစ္ဆာဒိဋ္ဌိ အဟိ ရိက နောတ္တပ္ပနှင့် ထိန,မာန ဥဒ္ဓစ္စ-ဟု ဒသကိလေ ရန်ညစ် တေကို လေးထွေမဂ်ပေါင်း လက်နက်ကောင်းဖြင့် ထောင်း ထောင်းဖျက်ဖြုန်း သတ်ဖြတ်မှုန်း၍ ပတ်ကုံးရန်သူ မပြုဝံ့ ရှောင်း ဤအကြောင်းကြောင့်လည်း။ အရ-ဟံ၊ အရ-ဟံ မည်တော်မူ၏။

(စ) သော ဘဂဝါ-သည်။ ဣတိပိ ဣမိနာစ ကာရ ဏေန၊ အဝိဇ္ဇာနှင့် တဏှာပုံတောင်း အပေါင်းသုံးတန့် အကန့်သင်္ခါရာ ဇရာ,မရဏ အကွပ်ပြသား အာသဝဝင် ရိုး လျှိုထိုးစပ်ယှဉ် သုံးအင်ဘဝ လောကသုံးပါး ဝဋ်ရထား ၌ ရှည်လျားပတ်ပတ် လှည့်လည်တတ်သည့် ရဟတ်သံသာ ယာဉ်စကြာ၏ ပုညာဒိက သင်္ခါရကို ဝိရိယခြေ သီလမြေ

(ဃ) န ဟာရတိ ဂစ္ဆတီတိ အ-ရဟံ။

(င) အရယော ဟနတီတိ အရ-ဟံ။

(စ) အရာယော ဟနတီတိ အရ-ဟံ။

ထက်သဒ္ဒါလက်ဖြင့် ကမ္မက္ခယိန် ဉာန်ပုဆိန်ကို ရွယ်ချိန်မိုးလျက် ပြုန်းပြုန်းပျက်အောင် ခုတ်ဖျက်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း၊ အရ-ဟံ၊ **အရ-ဟံ** မည်တော်မူ၏။

(ဆ) သောဘဂဝါ၊- သည်။ ဋ္ဌတိပိ ဋ္ဌမိနာ၁စ ကာရဏေန၊ပုံတောင်းအဝိဇ္ဇာ ဇရာ,မရဏံ အကွပ်ရံ၍ ဆယ်တန်မဏ္ဍ အကန့်ပြသား အလွှားလေးလွှာ ခွန့်သုံးဖြာနှင့် ခြင်းရာနှစ်ဆယ် သုံးသွယ်အစပ် သမုပ္ပါဒ်-ဟု ရဟတ်စက်ကန့် လယ်ဆယ်တန့်ကို ချိုးဟန့်မြစ်တား ဖျက်ငြား တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။အရ-ဟံ၊အရ-ဟံ မည်တော်မူ၏။

(ဇ) သောဘဂဝါ၊-သည်။ဋ္ဌတိပိဋ္ဌမိနာ၁စကာ၁ရဏေန၊ မဟေသက္ခ လူနတ်သ,သည့် ဝိသိဋ္ဌပူဇာ ကြီးကျယ်စွာကို သူငါမတန် အလျှုခံထူး ပုဂ္ဂိုလ်မျှူးဖြစ်၍ ဆွတ်ခူးသိမ်းပိုက် ခံယူထိုက်ရှောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ **အရဟံ** မည်တော်မူ၏။

(ဈ) သောဘဂဝါ၊-သည်။ဋ္ဌတိပိ ဋ္ဌမိနာ၁စကာ၁ရဏေန၊ သူတပါးထက် ထူးခြားကဲလွန် ဟုတ်မှန်ထင်ပေါ် ကျေးဇူးတော်ဖြင့် ကော်ရော်ကြွေးရိုက် ချိုးမွှမ်းထိုက်ရှောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ **အရဟံ** မည်တော်မူ၏။

(ဆ အရာဃော ဟနတိတိ အရ-ဟံ။
(ဇ) ပူဇာ၁ဝိသေသံ အရဟတီတိ အရဟံ။
(ဈ) ပသံသံ အရဟတီတိ အရဟံ။

(ဥ) သောဘဂ၀ါ၊-သည်။ဗုတိပိဗုမိနာစ ကာရဏော နှ၊ သ-ဝါသနာ ကိလေသာမှ လေးဖြာမြိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်မလူ ဝေးတော်မူတတ် ဤသကတ်ကြောင့်လည်း၊ အရဟံ၊ အရဟံ မည်တော်မူ၏။

(၄) သောဘဂ၀ါ၊-သည်။ ဗုတိပိ ဗုမိနာစ ကာရဏော နှ၊ ကိလေပြောထူ ညှန်နဲ့သူတို့မှ အတူပတ်ဝန်း သက်န်းစွန်း၍ ကိုင်၍လိုက်သော်လည်း သောင်းတိုက်စက္က၀ါ ပမာ မပြား ဝေးခြားတော်မူတတ် ဤသကတ် ကြောင့်လည်း။ အရဟံ၊ အရဟံ မည်တော်မူ၏။

(၅) သောဘဂ၀ါ၊-သည်။ဗုတိပိ ဗုမိနာစကာရဏော နှ၊ ဟုတ်မှန်သဖြင့် အကြီးသင့်၍ အကျင့်ပြောထူ ညှန်ရှိသူတို့နှင့် မတူတရာ ယူဇနာဝယ် ကာကွယ်ဝေးရပ် နီးမစပ်သော်လည်း ချဉ်းကပ်နီးနားတော်မူတတ် ဤသကတ်ကြောင့်လည်း။ အရဟံ၊ အရဟံမည်တော်မူ၏။

---

(ဥ) ကိလေသေဟိ အာရကာတိ အရဟံ။

(၄) မန္ဒဗုဒ္ဓိဟိ အာရကာတိ အရဟံ။

(၅) ဝိဇာနန္တေဟိ အာရကာတိ အရဟံ။

ဆောင်။ ပဉ်,စီး,သေက်,မြ၊ လော,အ,ပုံ,မ၊ သူ,သ,ကိ, ဟုတ်၊ (၁၂) ပုဒ်၊ ကျဉ်းချုပ် အရဟံ။

က ခ ဂ ဃ…၄ ပုဒ် အ-ရဟံ
င စ ဆ …၃ ပုဒ် အရ-ဟံ } ဟုဘာသ်။
ဇ ဈ ဉ ဋ ဌ ၅ ပုဒ် အရဟံ

### ၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

(က) သော ဘဂဝါ၊- သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိက-ဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် ဟိတ်ဖိုလ်နိုင်းထောက် မဖောက်မပြန် မှန်စွာသိရှောင်း ဤအကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

(ခ) သောဘဂဝါ၊- သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ဆအဇ္ဈတ္တ ဆဗာဟာယတနံ ဝိညာန်ဖဿာ ဝေဒနာ တည်း သညာ,စေတနာ တဏှာဝိတက္က ဝိစာရနှင့် ခန္ဓ,ကသိနဿတိ,အသုဘ ကောဋ္ဌာသ, အာ ဓာတ်,ဘဝါကိုး လေးမျိုးဈာန်ာ ပမညာ,အရူပ ပဋိစ္စ ဟု ကေကပုဒ် ထုတ်၍ဝေဖန် လေးသစ္စံကို မကျန်ကိုယ်တိုင် သိနိုင်ပေတတ် ဤသကတ်ကြောင့်လည်း။သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

### ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

သောဘဂဝါ၊- သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ သုံးပါးဝိဇ္ဇာပု,ဒိ,အာနှင့် ဝိဇ္ဇာအဋ္ဌ ဝိ,မ,စေ,ဒိ ပု,ဒိ,ဣဒ်,

---

၂-(ခ) ဆ-ဆအဇ္ဈတ္တာအရအဇ္ဈတ္တိကာယတန ၆-ပါး၊ ဆဗာဟာယတနံအရ-ဗာဟိယာယတန ၆-ပါး၊ ခန္ဓ-ခန္ဓာ ၅-ပါး၊ ကသိ-ကသိုဏ်း ၁၀-ပါး၊ နုဿတိ-အနုဿတိ ၁၀-ပါး၊ အသုဘ-အသုဘ ၁၀-ပါး၊ ကောဋ္ဌာသ-သုံးဆဲ့နှစ်ကောဋ္ဌာသ၊အာ-အာယတန ၁၂-ပါး၊ ဓာတ်-ဓာတ် ၁၈-ပါး၊ ဘဝါကိုး- ဘဝကြီး ၉-ပါး၊ လေးမျိုးဈာနာ-ဈာန် ၄-ပါး၊ ပမညာ-အပ္ပမညာ ၄-ပါး၊ အရူပ-အရူပ ၄-ပါး၊ ပဋိစ္စ-ပဋိစ္စသမုပ္ပါဒ်။

အာ ရောင်ဝါခြောက်ဖိန် သီ,ဇုန်, ဘော,ဇာ သဒ္ဒမ္မာခွန် ရူပ ရျာန်ဟု ငါးတန်စွန်းကယ် ဆယ်စရဏ မြတ်ဓမ္မနှင့် တကွ ဥဿုံ ပြည့်စုံတတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

## ၄။ သုဂတဂုဏ်တော်

(က) သော ဘဂဝါ၊-သည်။ ဇာတိပိ ဇာမိနာစ ကာရဏာန၊ ဒီပင်္ကရာ ထွတ်ချာသေဌ်နင်း ခြေတော်ရင်းမှ မှန်ကင်းသီရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်နိုင်ပါ ရမီ စုံဖြည့်ညီလျက် သုံးလီဘဝ များသတ္တ၏ သုခစီးပွါး ကျင့်သောအားဖြင့် မိုက်မှားအယုတ် သဿတုစ္ဆေဒ ကာမ သုခတ္တ ကိလမထ-ဟူ မိစ္ဆာယူကို ဆံမျှတစိ မကပ်ငြိဘဲ သတိ,သမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗဉ်ဉာန်တော် ရကြောင်း ရော်၍ လာတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူ၏။

---

၃-၌ ပု- ပုဗ္ဗေနိဝါသ၊ ဒိ-ဒိဗ္ဗစက္ခု၊ အာ-အာသဝက္ခယ၊ဝိဇ္ဇာ ၃-ပါး။ ဝိ-ဝိကုဗ္ဗန၊ မ-မနောမယ၊ စေ-စေတောပရိယ၊ ဒိ-ဒိဗ္ဗစက္ခု၊ ပု-ပုဗ္ဗေနိဝါသ၊ ဒိ-ဒိဗ္ဗသောတ၊ဣဒ်-ဣဒ္ဓိဝိဓ၊ အာ-အာသဝက္ခယ၊ဝိဇ္ဇာ ၈-ပါး။သီ-သီလသံဝရ၊ ဣန်-ဣန္ဒြိယသံဝရ၊ ဘော-ဘောဇနေမတ္တညုတာ၊ ဇာ- ဇာဂရိယာ နုယောဂ၊သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ,ဗာဟုသစ္စ, ဝီရိယ,သတိ, ပညာ- သူတော်တရား ၇-ပါး။(သူတော်ဥစ္စာ၇-ပါးကား ဤ၌ ဝီရိယ, သတိတို့ကိုနုတ်၍သီလ,စာဂတို့ကို ထည့်၍ဖြစ် ၏။) စတုက္ကနည်း ရူပါဝစရဈာန်၄-ပါး၊ ပေါင်း စရဏ ၁၅-ပါး။

၄။ (က)၌ သဿတုစ္ဆေဒ=သဿတ + ဥစ္ဆေဒ၊ကာမသုခတ္တ ကိလမထ= ကာမသုခလ္လိကာနုယောဂ + အတ္တကိလမထာ

(ခ) သောဘဂဝါ၊– သည်။ ဇာတိပိ ဇာမိနာ၁စ ကာရ-ဏောန၊ အေးမြငြိမ်းချမ်း ဘေးဘျမ်းမစပ် နိဗ္ဗာန်ရပ်သို့ ငြိကပ်မတွယ် တင့်တယ်သာညှင်း အရိယမဂ်ဟူသောသွား ခြင်းရှိလတ် ဤသကတ်ကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

(ဂ) သောဘဂဝါ၊-သည်။ ဇာတိပိ ဇာမိနာ၁စ ကာရ-ဏောန၊ ထိုထိုမဂ်ဖြင့် ပယ်ဖျက်တွန်းလှန် ကိလေရန်ကို မပြန်စေပဲ ခိုင်မြဲကောင်းမွန် လွဲသွန်ရှောင်ရှား ကြွသွား တော်မူတတ် ဤသကတ်ကြောင့်လည်း။ သုဂတော၊ သုဂတ မည်တော်မူ၏။

(ဃ) သောဘဂဝါ၊- သည်။ ဇာတိပိ ဇာမိနာ၁စ ကာရ-ဏောန၊ မကောင်းဒုက္ခ သင်္ခါရကင်း ကောင်းခြင်းအစွန် စင်စစ်မှန်သော နိဗ္ဗာဏ်ရပ်မြေ အောင်ချက်ဗွေသို့ မသွေ မဖောက် ကွန်းမထောက်ပဲ ကြွရောက်တတ်ရှောင်း ဤအ ကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူ၏။

(င) သောဘဂဝါ၊- သည်။ ဇာတိပိ ဇာမိနာ၁စ ကာရ-ဏောန၊ စကားခြောက်ခွန်း လှူ၁ထွန်းအဘိ ကျိုးရှိဟုတ်မှန် သူ နာခံလို မနာလိုအား နှစ်စကားကို ကြောင်းအားညီလျော်

---

နယောဂ။ သုဌု အာဂစ္ဆတီတိ သုဂတော။

(ခ) ဂမနံ ဂတံ၊ သောဘနံ ဂတံ ဧတဿာတိ သုဂတော။

(ဂ) သမ္မာ ဂစ္ဆတီတိ သုဂတော။

(ဃ) သုန္ဒရံ နိဗ္ဗာနံ ဂစ္ဆတီတိ သုဂတော။

(င) သမ္မာ ဂဒတီတိ သုဂတော။

ဆောင်။ (၁) မဟုတ်–ကျိုးမဲ့၊ (၂) ဟုတ်–ကျိုးမဲ့နှင့်၊ (၃) မမှဲ့ ဟုတ်ငြားဤသုံးပါး၊မြောက်ပွားကြိုက်,မကြိုက်။

ဓိန္နဆိုတော်မူတတ် ဤသကတ်ကြောင့်လည်း၊ သုဂတော၊ သုဂတမည်မတော်မူ၏။

### ၅။ လောကဝိဒူဂုဏ်တော်

သောဘဂ၀ါ၊- သည်။ ဗုဒ္ဓတိပိ ဗုဒ္ဓမိနာစ ကာရ-ဏောန်။ သတ္တောကာသ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာလျှင် **အာသယာနုသယစရိတ-ဓိမုတ်** မြတ်,ယုတ်နှစ်ခု မုဒု,တိက္ခ စသည်ထွေထွေ လေ,ရေ,မြေထု မေရုစက္ကဝါ သီဒါပတ်ခြီ တောင်ရံခုနစ် လှည့်ရစ်နေ,လ ဒီပလေးတန် ခြောက်တန်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သွယ်သွယ်များလှ ဝေဘန်ပြလျက် လက္ခဏာ, ရသ ကိစ္စစေ့ငှ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် ရုပ်နာမ်ဝေခြား ခပ်သိမ်းအားဖြင့် ထွေပြားကုန်စင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူ၏။

### ၆။ အနုတ္တရဂုဏ်တော်

သောဘဂဝါ၊- သည်။ ဗုဒ္ဓတိပိ ဗုဒ္ဓမိနာစ ကာရ-ဏောန်၊ သညာကေတ် နာနတ်ထွေလာ အဖြာဖြာလျှင်

---

**ဆောင်။ ဒီ,အေး,ထို,မ၊စကား-ဆ၊ သုဂတအနက်။**

၅-၌ အာသယ,အနုသယ,စရိယာ, အဓိမုတ္တိ,ဟီန,ပဏီတ,မုဒု, တိက္ခ-ဝေခွဲ၍ သိပုံကား သတ္တလောကကို၊ လေ, ရေ, မြေထု,မြင်းမိုရ်, စကြဝဠာ,သီဒါခုနစ်တန်, တောင်စဉ်ခုနစ်ထပ်,နေ,လ,ကျွန်းကြီး ၄-ပါး,နတ်ပြည်ခြောက်ထပ်,ဗြဟ္မာနှစ်ဆယ် ဝေခွဲ၍သိပုံကား၊-ဩကာသလောကကို၊လက္ခဏာ, ရသ, ကိစ္စ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ရုပ်နာမ်နှစ်ပါးစုံ ဝေခွဲ၍ သိပုံကား- သင်္ခါရလောကကိုသိပုံတည်း။

သဗ္ဗာဝါသ ဘုံကိုး၀ဌ်သီလခေါင်ထိ သမာဓိနှင့် ဘူမိမေဓာ ပညာဝိမုတ် ဝိမုတ္တိဒဿန ကြီးစွာများဟုန် ကျေးဇူးဂုဏ် ကြောင့် စံပုံနိုင်းထောက် တယောက်မမျှ အသမဟု မြတ် လှထွတ်ဖျား ဤကြောင်းလျှားကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရမည်တော်မူ၏။

## ၇။ ပုရိသဒမ္မသာရထိဂုဏ်တော်

သောဘဂဝါ၊-သည်။ ဇာတိပိ ဇာမိနာစကား ရဏောနှ၊ ဆိုးမခြင်း၄ါ လျောက်ပတ်စွာသည် အပလာလ ဓူမသိခေါ စူဠောဒရ မဟောဒရိ အဂ္ဂိသိခ အရဝါဠ သစ္စကက အမ္ဗဋ္ဌ တွင် လုလင်မာဏဝ ပေါက္ခရနှင့် သောဏဒဏ္ဍ ကူဋဒန္တာ အာဠဝက ခရလောမိ သူစိလောမာ ဗြဟ္မာဗက ဤသို့စ သည် ရိုင်းပြခက်မာ သတ္တဝါကို သုံးဖြာသရဏဂုမ် ငါးစုံသီ လာ တည်စေကာလျှင် ဖြူစွာတရား တည်သူအားလည်း ထက်ဖျားဈာန်မဂ် ဖိုလ်သို့တက်အောင် အချက်ကျကျ

---

၆-၌ သဗ္ဗာဝါသဘုံကိုး၀ဟူသည်ကား-သညာ + ကာယနှစ်ပါး ကို ဧကတ္တ + နာနတ္တနှင့်ရော၍-

၁။ ဧကတ္တကာယ နာနတ္တသညီ- ဒုတိယဈာန်သုံးဘုံ။

၂။ နာနတ္တကာယ ဧကတ္တသညီ- ပထမဈာန်သုံးဘုံ, အပါယ် ၄-ဘုံ၊ (ဋီကာဆရာများက ပြိတ္တာကို ၄-၌သွင်းကြ၏။)

၃။ ဧကတ္တကာယ ဧကတ္တသညီ-တတိယဈာန် ၃, စတုတ္ထဈာန် ၆-ဘုံ။

၄။ နာနတ္တကာယ နာနတ္တသညီ- ကာမသုဂတိ ၇-ဘုံ။

၅-၆--၇။ အရူပအောက်သုံးဘုံ, (ဝိညာနဋ္ဌိတိ၇-ဘုံ။)

၈။ အသညသတ်။

၉။ နေဝသညာနာသညာ၊ ပေါင်း ဘုံကိုး၀။ ဘဝကြီးကိုးပါးကား သီးခြားတည်း။

နည်းစုံပြလျက် ဆိုးမတတ်စွာ ဤကြောင်းခြာ ကြောင့်လည်း။ပုရိသဒမ္မသာရထိ၊ပုရိသဒမ္မသာရထိမည်တော်မူ၏။

### ၆။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်တော်

သောဘဂဝါ၊–သည်။ ဣတိပိ ဣမိနာ စကာရဏေန၊ တထက်ဝယ်ဖြင့် ရှစ်သွယ်အရပ် သမာပတ်သို့ ငြိကပ်မရှိ ပြေးစွမ်းဘိအောင် ကြဉ်းဆောင်နည်းပြ ဆုံးမတော်မူ အတူမဲ့ကင်း ဤကြောင်းခြင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

### ၇-၇။ သတ္ထာဒေဝ မနုဿာနံဂုဏ်တော်

(က) သောဘဂဝါ၊-သည်။ ဣတိပိ ဣမိနာစကာရ-ဏေန၊ သတ္တဝါဟော် ယာဉ်မှူးကျော်လျှင် ဖော်လှော်ငယ်သား နောက်ပါများကို ရေရှားဘေးခ ကန္တာရမှ ခေမမြေငူ ထုတ်ကယ်ယူသို့ ထို့တူတစိ ခဲယဉ်းဘိသည့် ဇာတိ, ဇရာ မရဏာ-ဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေငူ ပြည်နိဗ္ဗူသို့ နတ်လူပြဟွာ သတ္တဝါကို ဆောင်ကာယူတတ်ဤသကတ်ကြောင့်လည်း။ ဒေဝမနုဿာနံ၊ဥုးမည်း, ဥုးဖြူ နတ်နှင့်လူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူ၏။ဝါ၊ သတ္ထာဒေဝ နုဿာနံ၊သတ္ထာ ဒေဝမနုဿာနံမည်တော်မူ၏။

(ခ) သောဘဂဝါ၊-သည်။ ဣတိပိ ဣမိနာစ ကာရ-ဏေန၊ မျက်မှောက်တမလွန် နိဗ္ဗာဏ်ဟူထ ပရမတ္ထအကျိုး ဤသုံးမျိုးဖြင့် အကျိုးအမြိုက် ရယူထိုက်သည့် အလိုက်ညီ

---

၆–၌ ''ရှစ်သွယ်အရပ်သမာပတ်''ဟူသည် ရူပါဝစရဈာန်၄-ပါး, အရူပါဝစရဈာန် ၄-ပါး၊ ပေါင်း သမာပတ် ၈-ပါးတည်း။

စွာ သတ္တဝါအား မြစ်တားပဲ့ပြင် သွန်သင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာနံမည်တော်မူ၏။

## ၉—ဂ။ ဗုဒ္ဓဂုဏ်တော်

(က) သောဘဂဝါ။- သည်။ ဉာတိပိ ဉာမိနာစ ကာရ ဏောန၊ဝိမောက္ခန္တိက ဉာဏ်တောဇဖြင့် ဧဥ ယျငါးဖြာ မဟာ သမုဒ္ဒ ကြွင်းရမထင် ထဲလင်းစင်အောင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

(ခ) သောဘဂဝါ။- သည်။ ဉာတိပိ ဉာမိနာစ ကာရ ဏောန၊ သစ္စာလေးဆိုင် မြတ်ပန်းခိုင်ကို ကိုယ်တိုင်သိပေ များဝေနေကို သိစေတတ်ရှောင်း ဤအကြောင်းကြောင့် လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

## ၁၀—၉။ ဘဂဝါဂုဏ်တော်

(က) သောဘဂဝါ။- သည်။ ဉာတိပိ ဉာမိနာစ ကာရ ဏောန၊ ဣဿရိယ သိရီ, ကာမ ဓမ္မ, ယသ ပယတ္တ-ဟု ခြောက်ဝ ဘုန်းဂုဏ် အလုံးစုံနှင့် ကုံလုံပြည့်ဝ, (ခ) မဂ်, ဖိုလ် စသည့် ဓမ္မရတနာ အရိယာကို ထင်စွာ ပိုင်းခြား အဖို့ အားဖြင့် ဟောထား ဝေဖန်, (ဂ) တတန် ထပ် လောင်း ရွက်ဟောင်းကျွေ ရွက်သစ်ဝေသည် အောင် မြေရဂုံ တောရိပ်မြို့ကို နိတုံအမြဲ မှီဝဲတတ်ပေ, (ဃ) မရေ

---

သမ္မာသမ္ဗုဒ္ဓေါတိ ဉာမိနာ သခ်ေပတော ဝိတ္ထာရတော စ သတ္တ စတုသစ္စာဘိသမ္ဗောဓော ဝုတ္တော၊ ဗုဒ္ဓေါတိ ပန ဉာမိနာ တဒညဿာဒိ ဉေယျဿာဝဗောဓော၊ ပုရိမေန ဝါ သတ္တ ပတိဝေဓဉာဏာနုဘာဝေါ၊ ပစ္ဆိမေန ဒေသနာ ဉာဏာနု ဘာဝေါ။

တွက်နိုင် ဖြိုင်ဖြိုင်သွင်သွင် မြစ်ရေလျှဉ်သို့ လေးအင်ပစ္စယ ဖို့ဘာဂရှင်, (င) ထို့ပြင်အတူ ရသစသည် ထူးလည် သောင်းသောင်း တရားပေါင်းကို နည်းကောင်းပြည့်နှံ ခွဲဝေဖန်တတ်, (စ) မြဲဆည်းကပ်လျက်, (ဆ) လေး မြတ်ဗိုလ်လူ ကျောက်ထီးတူသည့်, (ဇ) နှစ်ဆူသံသာ ပစ္စုပ်မှာလည်း ချမ်းသာကြီးကြောင်း ကောင်းမှုပါရမီ ပြည့်စုံညီ၍, (ဈ) ထူးလည်ကွဲပြား နည်းအများဖြင့် ပိုင်း ခြားထပ်ထပ် ပွားစေအပ်ဘိ သဘောရှိထ, (ဉ) ဘဝ ဆုံးကမ်း နိဗ္ဗာန်နန်းသို့ စွဲလမ်းအာရုံ ရောက်ပြီးတုံသား ၍ကြောင်း လျားကြောင့်လည်း။ ဘဂဝါ၊ဘဂဝါမည်တော် မူ၏။

(ဍ) သောဘဂဝါ၊-သည်။ ဣတိပိ ဣမိနာစ ကာရ ဏေန၊ လောဘ,ဒေါသ မောဟ,ဝိပရိ အဟိရိက နောတ္တပ္ပ နှင့် ကောဓ,ဥပနာ မက္ခာ,ပဠာသ ဣဿာစသည် ရေ ဆတွက်ကိန်း အသိန်းမက များလှတုံစွာ ကိလေသာကို လေးဖြာမြိုက်မင် စိန်သန်လျက်ဖြင့် ချိုးဖျက်ပြီးထ,(ဎ)ဒိဗ္ဗ ဗြဟ္မာ အရိယာဟု ဝိဟာသုံးထွေ သုံးဝိဝေက ဝိမောက္ခ

ဘဂီ ဘဇီ ဘာဂီ ဝိဘတ္တဝါ ဣတိ
အကာသိ ဘဂ္ဂန္တိ ဂရူတိ ဘာဂျဝါ။
ဗဟူဟိ ဉာယေဟိ သုဘာဝိတတ္တနော၊
ဘဝန္တဂေါ သော ဘဂဝါ တိ ဝုစ္စတိ။ ။
ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။
ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။ ။
ဘာဂဝါ ဘတဝါ ဘးဂေ၊ ဘာဂေစ ဝနိ ဘတ္တဝါ။
ဘုဂေ ဝမိ တထာဘာဂေ၊ ဝမီတိ ဘဂဝါ ဇိနော။ ။

တြို ဉတ္တရိမနုဿ ဓမ္မ-ဟူအပ် တရားမြတ်ကို ဆည်းကပ် အားထား, (၃) ဘုံသုံးပါး၌ စီးသွားသွင်သွင် တဏှာ လျဉ်ကို မဂ်စဉ်ခံတွင်း ဖြင့်မချွင်းဘဲ ဆေးကျင်းထွေးအန် ပြည်နိဗ္ဗာန်သို့ ဖြောင့်မှန်သွားတတ် ဤသကတ်ကြောင့် လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

(ပ) သောဘဂဝါ၊—သည်၊ ဋ္ဌတိပိ ဋ္ဌမိနာစ ကာရ ဏေန၊ တပါးသူနှင့် မတူထူးချွန် ကဲလွန်သီလ ဉာဏ,သမာ ဓိ ဝိမုတ္တိနှင့် ဝိမုတ္တိဒသ် ဟိရောတ္တပ္ပါ သဒ္ဓါ,ဝီရိယ သတိ စသည် ရေဆချင့်နှိုင်း အတိုင်းမသိ ဆုံးမရှိသည့် နိရတိ သယ ဂုဏဘာဂါ ကြေငြာ ထင်ပေါ် ကျေးဇူးတော်နှင့် အဟော်ယှဉ်ထ, (ဏ) နိယတဗျာ ခံယူခါမှ စ၍အထူး စုဆည်းပူးအပ် ဆယ်ရပ်ပါရမီ ငါးလည်စာဂ သင်္ဂဟ ဝတ္တု၊ လေးခုအဓိဋ္ဌာ သုံးဖြာစရိယ စသည်အပြား ဘုရား ဖြစ်ကြောင်း တရားကောင်းတို့ စုပေါင်းညီလတ်,*(တ) မ ပြတ် နေ့ရေ ဝင်စားပေသည့် ကုဋေဂဏန်း နှစ်သန်း လေးသိန်း တွက်ကိန်းများမြတ် သမာပတ်အစု, (ထ) စက္ခုစဋ္ဌာ ဇရာ,မရဏ အဆုံးကျလေ ပရိဒေဝယျာ ပ ဟာ တဗ္ဗ သစ္စိကနှင့် မဂ္ဂဘာဝနာ လေးဖြာအဘို့ နှစ်မြို့ မပြတ် မှိဝဲတတ်ဟု, (ဒ) ဘယ်သို့ပြုက ဝိနေယျ၌ ဓမ္မ

---

အမှာ။ *ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ပါးကို အနုလုံ,ပတိလုံ အ ဆန်အစုန် ဆင်ခြင်တော် မူသည့်ခါ တပါ တပါး တို့၏ ရှေ့၌ ဖလသမာပတ္တိဝိထိပေါင်း ကုဋေတသိန်းစီ ဝင် စားသဖြင့် ကုဋေ နှစ်သန်းလေးသိန်းဖြစ်သည်၊ဤလည်း နိယတသမာပတ်သာတည်း၊ အနိယမအားဖြင့် ဗုဒ္ဓကိစ္စ ငါးပါးမှအားလပ်ခွင့်ရဘိုင်းမရေမတွက်နိုင်ဝင်စားသည်။

များစွာ တည်ပါမည်နည်း သနားသည်း၍ ထံနည်းခစား တပည့်များ၏ စည်ကားဖွံ့ဖြိုး မြတ်ကောင်းကျိုးကို မြော်ကိုး မပြတ် တောင့်တ တတ်ရှောင်း ၍အကြောင်း ကြောင့် လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဧဝံ နဝဟိဂုဏေဟိ၊ ဤသို့ဖော်ပြ အရဟတာ အစ လာသည့် ကိုးဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်။ လော ကမှိ၊ ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌၊ ကိတ္တိဗျာပိတံ၊ သိမ့်သိမ့်တုန်ခတ် ပဲ့တင်ထပ်မျှ နှံ့စပ်ကျော်စောခြင်းရှိတော် မူထသော။ အတုလံ၊ အသာဓာရဏ သီလစသည် အနန္တ ဟူ သတင်းဖြူ၍ ပြိုင်တူသူ ရှိတော် မမူထသော။ ဓမ္မရာ ဇာနံ၊ တရားသဖြင့် ထွတ်ဖျားစင်စစ် မင်းဆုံးဖြစ်တော်မူ သော မြတ်စွာဘုရားကို။ တီဟိ၊ ကာယညွှတ်ချီ ဝစီ,မန သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ဘယ,လာ ဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေး ရည်မြော် ကျေးဇူးတော်ကို ချီငေါ် မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

---

## ဘုရားဂုဏ်တော်ပွါးကျိုး

(၁)ကိလေမနှောင့်၊(၂)စိတ်စင်းဖြောင့်၏၊ (၃)ဘုန်း ခေါင့်ရှိသေ၊ (၄)သဒ္ဓါးစွ၍၊ (၅)နှစ်ထွေပီတိ၊ (၆)သည်း ခံချိ၏၊ (၇)စေတီပုံလား၊ (၈)ဘုရားနှင့်နေ၊ (၉)ထင် ပေဟိရောတ်၊ (၁၀)စိတ်ညွှတ်ချစ်ရှင်၊ (၁၁)မဂ်စဉ်မပွါး၊ နတ်ရွာလားသည်။ ။ဘုရားဂုဏ်တော် ပွားကျိုးတည်း။

## ဘုရားဂုဏ်တော်၉-ပါးအကျဉ်းချုပ်

၁။ သောဘဂဝါ ဣတိပိ အရဟံ၊လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ ဝတ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား မြတ်စွာဘုရား။

၂။ သော ဘဂဝါ ဣတိပိ သမ္မာ သမ္ဗုဒ္ဓေါ၊မဖောက်မပြန် ကိုယ်တော်တိုင် သစ္စာလေးပါးကို သိတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၃။ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာ ၃-ပါး, ဝိဇ္ဇာ ၈-ပါး,စရဏ ၁၅-ပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၄။ သော ဘဂဝါ ဣတိပိ သုဂတော၊ ရှေးဘုရားတို့အတူ ကောင်းစွာကြွလာတော်မူ၍ ကောင်းသောနိဗ္ဗာန်သို့ ကောင်းစွာ ရောက်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၅။ သော ဘဂဝါ ဣတိပိ လောကဝိဒူ၊ သတ္တ, ဩကာသ,သင်္ခါရဟူသောလောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၆။ သောဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မ သာရထိ၊ မယဉ်ကျေးသောသူတို့ကို လိမ္မာ ယဉ်ကျေးအောင် အတုမရှိဆုံးမတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၇။ သော ဘဂဝါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ၊ နတ်လူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၇။ သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ ဥဒေယျမိတရား ငါး ပါးကို ပိုင်းခြားသိပေ သိစေတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

၉။ သော ဘဂဝါ ဣတိပိ ဘဂဝါ၊ ဘုန်းတော်ခြောက် စုံနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

## တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော ဓမ္မော၊
၃။ အကာလိကော ဓမ္မော၊
၄။ ဧဟိပဿိကော ဓမ္မော၊
၅။ ဩပနေယျိကော ဓမ္မော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ဓမ္မော။
ဣစ္စေဝံ ဆဟိ ဂုဏေဟိ၊ ပါကဋံ ဇိနပူဇိတံ။
သမ္ပတ္တိဒါယကံ ဓမ္မံ၊ နမာမိ တီဟိ အာဒရံ။ ။

အပရိမေယျသု၊ ဤမွှေဉ်မျှ ဂဏာန်းချဲ၍ နိုင်းဆခြင်း ငှါ မဘတ်ရာကုန်သော။လ။ယေ,ာဘဂဝါ၊ အကြင်သဗ္ဗညု မြတ်စွာဘုရားသည်။ အတ္တိ-ဝိဇ္ဇတိ၊ထင်ရှား ရှိတော်မူ၏။ တေန ဘဂဝတာ၊ ဣဿရိယ စသည်ခြောက်ဖော် ရွှေ ဘုန်းတော်သခင် ထိုဘုရားရှင်သည်—

### ၁။ သွာက္ခာတဂုဏ်တော်

ဓမ္မော၊ ပရိယတ်နှင့်တကွ ဆယ်ပါးသော တရားတော် ကို။ သွာက္ခာတော၊ စ,လယ်, ဆုံးအား သုံးပါးကောင်း

လုံ ပြည့်စုံပုဒ်နက် လောင်းစွက်ပယ်ဖွယ် ဓိပ္ပါယ်နက်ကင်း သန့်ရှင်းပြည့်ဖြိုး ကြောင်းကျိုးဖြောင့်မှန် နိဗ္ဗာဏ်ပတိပဒ် စပ်ဟပ်သင့်ရှောင်း တည့်မစောင်းပေ မဇ္ဈေပတိပဒ် ပဿဒ်ကိလေသာ သဿဘာဝမတ ဟုတ်မှန်လှ၍ ရွေးမျှ သွေလှန် မဖောက်ပြန်ဘဲ ကောင်းမွန်စွာ ဟောတော် မူအပ်၏။

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

ဓမ္မော၊ လောကုတ္တရာ တရားကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ ရာဂါဒိကာ ကိလေသာကို ပယ်ခွါတွန်းလှန် မဂ္ဂဋ္ဌာန်နှင့် ရှစ်တန်အရိယာ ကိုယ်တိုင်သာလျှင် သဒ္ဓါယုံမှတ် ရှုမြင်အပ်၏၊ ရွှေရပ်သံပုဒ် ပသတ်ထုတ်၍သမ္မယုတ္တ ကာရဏာနှင့် ဝိသယဝါ ဉာဏ်ပညာဖြင့် ကိလေသာမာရ် ကိုယ်တွင်းရန်ကို တွန်းလှန်နှိမ်နင်း ပယ်ခွင်းအောင်မြင် ရှုမြင်မှုသာဝင့်နစ်ရာ၍ ဘာဝနာသစ္စိက ဘိသမယ-ဟု ဉာဏ်နှစ်ခုဖြင့် ရှုခြင်းငှာထိုက်ပေ၏။

## ၃။ အကာလိကဂုဏ်တော်

ဓမ္မော၊ မဂ်လေးပါးတရားသည်။ အကာလိကော၊ ငါးရက်, ခုနစ်ရက် စသည်တက်၍ ငံ့လျက်ရှည်ဝေး ကျိုးပေးမငံ့ အခြားမဲ့လျှင်း ယှဉ်စပ်ချဉ်း၍ အကျိုးပေးခြင်း ကာလရှိ၏။

## ၄။ ဧဟိပဿိကဂုဏ်တော်

ဓမ္မော၊ လောကုတ္တရာကရား ကိုးပါးသည်။ ဧဟိပဿိကော၊ ဝေဟာတက်ထွန်း ယုဂန်စွန်း၌ လဝန်းအလား ပတ္တမြားသဖွယ်ဖြစ်၍ စင်ကြယ်ထင်ရှား ဤတရားကို လာလာရှုလိုက် စီရင်ခြင်းကို ထိုက်ပေ၏။

## ၅။ သြပနေ့ယျိကဂုဏ်တော်

ဓမ္မော၊ လောကုတ္တရာတရား ကိုးပါးသည်။ သြပနေယျိကော၊ပုဆိုးဥသျှောင် မီးလောင်ရဲရဲ မသတ်ဘဲလည်း စိတ်ထဲဆောင်လင့် ဖြစ်စေသင့်၏ စိတ်ဖြင့်ဆောင်ထိုက် သိမ်းပိုက်ထိုက်သူ များဗိုလ်လူကို နိဗ္ဗူဆောင်တတ် သတ္တိကတ်သို့ ဆောင်အပ် ဆောင်သင့်ပေ၏။

## ၆။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ဓမ္မော၊] ကိုးပါးသော လောကုတ္တရာတရားကို။ ဝါ၊ ကိုးပါးသောလောကုတ္တရာ တရားသည်။ဝိညူဟိ၊ ဥဃ္ဃဋိတညူ ဝိပဉ္စိ,နေယျ လေးသစ္စကို ကျ-နုမြင်သိ ပညာရှိတို့သည်။ ပစ္စတ္တံ၊အသီးအသီး မိမိစိတ်၌။ ဝေဒိတဗ္ဗော၊ သိအပ် ရှုအပ် ခံစားအပ်၏။ ဝါ၊ ခံစားအပ်သော တရားပေတည်း။

ဣစ္စေဝံ၊ဤသို့။ ဆဟိဂုဏေဟိ၊သွာက္ခာတတာ အစလာသည့် ခြောက်ဖြာသော ဂုဏ်တော်အပေါင်းတို့ဖြင့်။ ပါကဋံ၊ နေလအလား လူသုံးပါး၌ ထင်ရှားပေါ်လွင်ထသော။ ဇိနပူဇိတံ၊ပဉ္စမာရဇိန် ငါးမာန်နှိမ်သည့် မုနိန်သကျာ စောမြတ်စွာသည် သေဝနာမြဲ နည်းနှစ်ကွဲဖြင့် မှီဝဲပူဇော်အပ်ထသော။သမ္ပတ္တိဒါယကံ၊လူ,နတ်,နိဗ္ဗာဏ်သုံးတန်ကြီးမားစည်းစိမ်အားကို ခြောက်စားလက်ရ ပေးတတ်ထသော။ ဓမ္မံ၊ မဂ်, ဖိုလ်, နိဗ္ဗာဏ် ဓမ္မက္ခန်အား ဆယ်တရားကို။ တီဟိ၊ ကာယညွတ်ချိ ဝစီမန သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ဘယလာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေးရည်မြော် ကျေးဇူးတော်ကို ချီငေါ်မြတ်နိုးလက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

## သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော .... ....
၃။ ဉာယပ္ပဋိပန္နော .... ....
၄။ သာမိစိပ္ပဋိပန္နော .... ....
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ
ဧသ ဘဂဝတော သာဝကသံဃော၊
၅။ အာဟုနေယျော .... ....
၆။ ပါဟုနေယျော .... ....
၇။ ဒက္ခိဏေယျော .... ....
၈။ အဉ္ဇလိကရဏီယော .... ....
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။
ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ဝိဿုတံ ဂဏံ။
အနေကဂုဏသမ္ပန္နံ၊ ဝန္ဒာမိ တီဟိ အာဒရံ။ ။

အပရိမေယျသု၊ ဤရွေ့ဤမျှ ဂဏန်းချ၍ နှိုင်းဆ ခြင်းငှါ မတတ်ရာကုန်သော ၊လ။ ယောဘဂဝါ၊ အကြင် သဗ္ဗညူ မြတ်စွာဘုရားသည်။ အတ္ထိ-ဝိဇ္ဇတိ၊ ထင်ရှားရှိတော် မူ၏။ တဿ ဘဂဝတော၊ ဣဿရိယ စသည်ခြောက်ဖော် ရွှေဘုန်းတော်သခင် ထိုဘုရားရှင်၏။ သာဝကသံဃော၊ဆုံးမ သံကို ကျိုးနွံတုပ်ဝပ် နာခံတတ်စွာ အရိယာ ရှစ်ယောက် တို့၏ အပေါင်းသည်—

### ၁။ သုပ္ပဋိပန္နဂုဏ်တော်

သုပ္ပဋိပန္နော၊မဖောက်မပြန် ဆုတ်လှန်မနစ် လျော်စွာ ဖြစ်သော စင်စစ်လျောက်ပတ် ဗျုပ္ပတ်အလာ သကတ္တာ

ကြောင့် သမ္မာသုဒ္ဓ ဥဇုညာယ သာမိစဖြစ်သင့် မင်္ဂအကျင့်ကို ကောင်းစွာကျင့်တော်မူတတ်ပေ၏။

### ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်

ဥဇုပ္ပဋိပန္နော၊ မာယာ သာဌေယျ စသည်အကောက်ပယ်ဖြတ်တောက်၍ မကောက်ဖြောင့်မတ် ကျင့်တော်မူတတ်ပေ၏။

### ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

ဉာယပ္ပဋိပန္နော၊မဆန့်သင့်တန် မြိုက်နိဗ္ဗာန်နှင့် လျော်ကန်စွာ ကျင့်တော်မူတတ်ပေ၏။

### ၄။ သာမိစိပ္ပဋိပန္နဂုဏ်တော်

သာမိစိပ္ပဋိပန္နော၊ လျောက်ပတ်စွာ ကျင့်တော်မူတတ်ပေ၏။ (နောက်သုံးပုဒ်သည် သုပ္ပဋိပန္န၏ အဖွင့်)

### တနည်း—:

၁။ သုပ္ပဋိပန္နော၊ ဆုံးမတိုင်းသာ ကောင်းစွာမချွတ်ကျင့်တော်မူတတ်ပေ၏။

၂။ ဥဇုပ္ပဋိပန္နော၊ အန္တဒွယ ပါပကသို့ မကျမကပ်ကောက်သုံးရပ်နှင့် မစပ်မတွယ် အလယ်အလတ် ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပေ၏။

၃။ ဉာယပ္ပဋိပန္နော၊ ပုဆိုးဥသျှောင် မီးလောင်ရဲရဲမသတ်ပဲလည်း ခဲထိုက်ကေန် ငြိမ်းရာမှန်သော နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူတတ်ပေ၏။

၄။ သာမိစိပ္ပတိပန္နော၊ ချီးမွမ်းသမှု သူတို့ပြုသည့် ပစ္စုပ္ပန္နဝ စသည်ပြားဘိ သာမိစိကံ လျော်ထိုက်တန်အောင် ကျင့်ဆောင်တော်မူတတ်ပေ၏။

## ၅။ အာဟုနေယျဂုဏ်တော်

စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ-ယာနိ ဣမာနိ ပုရိသယုဂါနိ၊ အကြင်ယောကျ်ားမြတ် ပုဂ္ဂိုလ်အစုံတို့သည်။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ယဒိဒံ-ယေဣမေ ပုရိသ ပုဂ္ဂလာ၊ အကြင်အသီးသီးသော ယောကျ်ားမြတ် ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ ဣဿရိယ စသည့် ခြောက်ဖော် ရွှေဘုန်းတော်သခင် ဘုရားရှင်၏။ သေ-သော သာဝကသံဃော၊ ဤအစုံအားဖြင့် လေးပါး, အသီးအားဖြင့် ရှစ်ပါးသော တပည့်သား သံဃာတော် မြတ်သည်–

အာဟု နေယျော၊ အဝေးမှယူ ဆောင်၍မူလည်း ကြည်ဖြူလေးမြတ် ပူဇော်အပ်သော ပစ္စည်းလေးရပ်ကို ခံတော်မူထိုက်ပေ၏။

## ၆။ ပါဟုနေယျဂုဏ်တော်

ပါဟု နေယျော၊ ဝေးရပ်ဒိသာ ဆိုက်ရောက်လာသည့် ဉာတကာဗန္ဓု အာဂန္တုအား ရည်၍ထားသော ထူးပြားကောင်းမြတ် ဒါနဝတ်ကို ပယ်လတ်ထိုသူ ပေးလှူသင့်ပေ ခံသင့်ပေ၏။

## ၇။ ဒက္ခိဏေယျဂုဏ်တော်

ဒက္ခိဏေယျော၊ သတ္တဝါတို့ ချမ်းသာပွားကြောင်း ကောင်းစွာကြည်ဖြူ ကပ်သောအလှူကိုခံတော်မူထိုက်ပေ၏။

## ၈။ အဋ္ဌလိကရဏီယဇာတ်တော်

အဋ္ဌလိကရဏီယော၊ ကောင်းကျိုးလိုလျက် လက်နှစ်ဖက်ကို ထိပ်ထက်ချီမိုး ရှိခိုးခြင်း၏ တည်ရာပေတည်း။

## ၉။ အနုတ္တရံပုညက္ခေတ္တဇာတ်တော်

လောကဿ၊ ဗြဟ္မာ,နတ်,လူ သုံးဘုံသူ၏။ အနုတ္တရံ၊ အတုမရှိ မြတ်ခေါင်ထိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုး၏ စိုက်ပျိုးပေါက်ပွါး ဖွံ့ထွားစည်ပင်ရာ လယ်တာမြေကောင်းအတူ ဖြစ်တော်မူ၏။

ဧဝံ၊ ဤသို့။ နဝဟိဂုဏေဟိ၊ သုပ္ပတိပန္န စသည်အပြားဂုဏ်ကိုးပါးတို့ဖြင့်။ လောကမှိ၊ ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌။ ဝိဿုတံ၊ ကြေငြာထင်ရှားထသော။ အနေကဂုဏာသမ္ပန္နံ၊ လေးရပ်သမ္ဘိ ခြောက်လီအဘိညာ ရှစ်ဖြာသမာပတ်စသော များမြတ်သော ကျေးဇူးနှင့် ပြည့်စုံထသော။ ဂဏံ၊ ရှစ်ပါးအရိယာ သံဃာတော်မြတ်အပေါင်းကို။ တီဟိ၊ ကာယဒွတ်ချီ ဝစီမန သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ဘယလာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေးရည်မြော် ကျေးဇူးတော်ကို ချီငေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

**၆ သုဒ္ဓါရုံဇာတ်တော်ဘွဲ့ပြီး၏။**

# အရှင်ဖိုရ် ဂုဏ်တော်ဘွင့်

## ဘုရားဂုဏ်တော် ၉-ပါး

၁။ သောဘဂ၀ါ ဣတိပိ အရဟံ၊

၂။ သောဘဂ၀ါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊

၃။ သောဘဂ၀ါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊

၄။ သောဘဂ၀ါ ဣတိပိ သုဂတော၊

၅။ သောဘဂ၀ါ ဣတိပိ လောကဝိဒူ၊

၆။ သောဘဂ၀ါ ဣတိပိ အနုတ္တရော ပုရိသ ဒမ္မသာ ရထိ၊

၇။ သောဘဂ၀ါ ဣတိပိ သတ္ထာ ဒေဝ မနုဿာနံ၊

၈။ သောဘဂ၀ါ ဣတိပိ ဗုဒ္ဓေါ၊

၉။ သောဘဂ၀ါ ဣတိပိ ဘဂ၀ါတိ-

နဝဂုဏေဟိ တိလောကေ၊ ဝန္ဒာမိ တံ သဒါတုလံ။

### ၁။ အရဟံ ဂုဏ်တော်

(၁) သောဘဂ၀ါ၊ ထိုမြတ်စွာ ဘုရားသည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ ဝါသနာဗျာကတမိုဟ် ဒုစရိုက်နှင့် တကွ သံကိလိဋ္ဌ ပါပ ညစ်ထေး ကင်းဝေးတော် မူခြင်း တည်းဟူသော ဂုဏ်။

(၂) တထောင့်ငါးရာ ကိလေသာဟူ ရန်သူအပေါင်း တို့ကို ကောင်းစွာမလပ် မင်္ဂလေးရပ် သန်လျက်ထားဖြင့် ခုတ်ဖြတ် ပယ်ရှားတော်မူခြင်း တည်းဟူသော ဂုဏ်။

(၃) နတ်၊လူ၊ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ညွတ်ပျောင်းကော်ရော် ပူဇော်ကြည်နူး ထူးသော အလှူကို ခံယူသိမ်းပိုက် ထိုက်တော်မူခြင်း တည်းဟူသော ဂုဏ်။

(၄) ဗာလအပေါင်း သူမကောင်းတို့ ပုန်းအောင်းကွယ်ကာ ဆိပ်ငြိမ်ရာ၌ ဆယ်ဖြာအမိုက် ဒုစရိုက်ကို နှစ်ခြိုက်မသွေ ပြုကျင့်လေသကဲ့သို့ ပရမေမြတ်စွာ သမ္ဗုဒ္ဓါကား ဆိပ်ရာကွယ်အောင်း မကောင်းမှုကို ပြုကျင့်နှစ်ခြိုက်ထိုက်တော်မမူခြင်း တည်းဟူသော ဂုဏ်။

(၅) ခန္ဓာ၊အာယတန ဓာတ်မှမဆိတ် ပဋိစ္စသမုပ္ပါဒ်ရဟတ်အလား ရထားပမာ သံသရာစက်၏ အဝိဇ္ဇာတည်းဟူသောချက်၊ ဇရာ-မရဏ တည်းဟူသောအကွပ်၊ကုသိုလ်ကံ-အကုသိုလ်ကံ တည်းဟူသော သင်္ခါရမှ စသည်ပိုင်းခြားဆယ်ပါးကုန်သော အကန့်တို့ကို ပယ်သန့်ယှဉ်မှီး ဖျက်ဆီးတော်မူခြင်း တည်းဟူသော ဂုဏ်။

ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ အရဟံ၊အရဟမည်တော်မူ၏။

## ၂။ သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်

(၁) သောဘဂဝါ၊-သည်။ဉာတိပိဋ္ဋမိနာစ ကာရဏေန၊ လူ၊နတ်၊ဗြဟ္မာ သတ္တဝါတို့၌ လွန်စွာပြန့်ပွား သနားကြင်နာတော်မူခြင်းတည်းဟူသော မဟာကရုဏာတော်မြတ်ကဲ့သို့ သင်္ခါရ၊ဝိကာရ၊လက္ခဏ၊နိဗ္ဗာန်၊ပညတ် အားဖြင့်ငါးရပ်အမှန် ဉေယျဓံကို သမန္တစက္ခု၊ သဗ္ဗညုတ မည်ရကျော်လှိုင်း ဉာဏ်ကရိုဏ်းဖြင့် အလိုရှိတိုင်းပင် သိမြင်တော်မူခြင်းတည်းဟူသော ဂုဏ်။

(၂) ရှည်လျားလှစွာ သံသရာ၌ ဝါသနာနှင့် တကွ မောဟ နှိပ်နင်း ပြင်းစွာသော အိပ်ပျော်ခြင်းမှ သန့်ရှင်း ထူးမြတ်သော အရဟတ္တမဂ်ဉာဏ်သို့ မဘောက်မပြန် အ မှန်ရောက်သဖြင့် ထောက်ပင့်မကူ သယမ္ဘူစင်စစ် ဖြစ်လာ မြဲခိုင် ကိုယ်တိုင်ရှင်ဖြိုး နိုးတော်မူခြင်း တည်းဟူသော ဂုဏ်။

(၃) နေအရုဏ်လင့် အချိန်သင့်၍ ပွင့်ခြင်းယှက်စုံ ကြာပဒုံကဲ့သို့ မွေးထုံထူးမြတ် အရဟတ္တ မဂ်ဉာဏ် ဂုဏ် မာန်လိုက်ဆူ ဥဏ္ဏာရုနှင့် ပကတူအကြောင်း ပေါင်းရသဖြင့် သဗ္ဗညုတ ဉာဏပဒုံ ဝတ်မှုန်ပျံ့သင်း ပွင့်ခြင်းသို့ ရောက်တော် မူခြင်း တည်းဟူသော ဂုဏ်။

ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

(၁) သောဘဂ၀ါ-သည်။ ဣတိပိ ဣမိနာစ ကာရဏေ န၊ ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး၊ ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတ ဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသ ဉာဏ်, အာသဝက္ခယ ဉာဏ်, ဝိပဿနာ ဉာဏ်, မနောမယိဒ္ဓိ ဉာဏ် တည်းဟူသော ဝိဇ္ဇာရှစ်ပါး ဉာဏ်တရားတို့နှင့် မချို့ ကုံလုံ ပြည့်စုံတော်မူခြင်း တည်းဟူသော ဂုဏ်။

(၂) ရူပါဝစရ စတုတ္ထဈာန် ဤလေးတန်နှင့် သီလ သံဝရ ဣန္ဒြိယဂုတ္တ ဘောဇနမတ္တညု ဇာဂရိယာနုယောဂ သဒ္ဓမ္မ တရား ခုနစ်ပါးလုံး ပေါင်းရုံး တကွ စရဏ တရား

ဆယ့်ငါးပါးနှင့် ပွားများကိုလို့ ပြည့်စုံတော်မူခြင်းတည်း
ဟူသော ဂုဏ်။

ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဝိဇ္ဇာ စရဏ
သမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သုဂတ ဂုဏ်တော်

(၁) သောဘဂဝါ၊-သည်။ဇာတိပိဋကမိန်ာစ ကာရဏော
န၊ လူတို့ဆိုညွှန်း ခြောက်ခွန်းစကား ထိုအပြားတွင် တရား
ကေန် ဟုတ်မှန်ကျိုးကြောင်း အပေါင်းလူဗိုလ် မနာလို
သောစကား၊ တရားကေန် ဟုတ်မှန်ကျိုးကြောင်း အပေါင်း
လူဗိုလ် နာလိုသောစကား ထင်ရှားကောင်းမွန် ဤနှစ်တန်
ကို အင်္ဂါရှစ်စုံ သံတော်ဂုဏ်နှင့် မွေးထုံပျံ့သင်း ရွှေခံတွင်း
တော်မြတ်ဖြင့် ကျူးရင့်တော်မူခြင်း တည်းဟူသောဂုဏ်။

(၂)ရွှေဘုံအမတ အောင်ဌာနသို့ ကြွတော်မူခြင်းတည်း
ဟူသော ဂုဏ်။

(၃) ဒီပင်္ကရာမြတ်စွာကျူးနိပ် ဗျာဒိတ်တော်အရနှင့်
လုံ့လမသွေ့ သင်္ချေလေးထပ် ကပ်တသိန်းလုံး ဖြည့်သုံး
ပါရမီ စုံညီကောင်းစွာ သမ္မာပဋိပတ် အကျင့်မြတ်ဖြင့် လူ
နတ်ဗြဟ္မာ သတ္တဝါတို့အား ချမ်းသာစေမှု ပြုတော်မူလျက်
သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော အယူနှစ်ပါး အတ္တ
ကိလ မထာနုယောဂ,ကာမသုခလ္လိကာနုယောဂ တည်း
ဟူသော အယုတ်တရားနှစ်ပါး ဤလေးပါးသို့ မလား
မကပ် မဇ္ဈိမပဋိပတ် အကျင့်မြတ် ဖြင့်သာလျှင် ကောင်း
မြတ်လှစွာ ကြွလာတော်မူခြင်းတည်းဟူသော ဂုဏ်။

ဤသို့ ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သုဂတော၊
သုဂတ မည်တော်မူ၏

## ၅။ လောကဝိဒူ ဂုဏ်တော်

သောဘဂဝါ၊-သည်။ ဣတိပိ ဣမိနာစ ကာရဏေန၊ဤသို့ သတ္တလောက, သင်္ခါရလောက,ဩကာသလောက, ကိလေသာလောက, ဘဝလောက,ဣန္ဒြိယလောက တည်းဟူသော လောက ခြောက်ပါးတို့ကို ပိုင်းခြားတိတိ သိမြင်တော်မူခြင်း တည်းဟူသော ဂုဏ်သကတ်ကြောင့်။ လောကဝိဒူ၊လောကဝိဒူ မည်တော်မူ၏။

## ၆။ အနုတ္တရောပုရိသ ဒမ္မသာရထိ ဂုဏ်တော်

သောဘဂဝါ၊-သည်။ဣတိပိဣမိနာစ ကာရဏေန၊ဤသို့ လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ထက် ဆထက်လွန်ကြူး အထူးသဖြင့် မြင့်မြတ်တော်မူ သဃ္ဘာအစစ် ဖြစ်တော်မူ၍ အယူသော့သွမ်း ကြမ်းတန်းလှစွာ မိစ္ဆာမှောင်တိုက် အမိုက်မိုက်ကုန်သော လူယောကျ်ား, နတ်ယောကျ်ား,တိရစ္ဆာန်ယောကျ်ားတို့ကို တရားအမြိုက် တိုက်ကျွေးဆုံးမ ဩဝါဒပေးသဖြင့် ယဉ်ကျေးစေတော်မူခြင်းတည်းဟူသော ဂုဏ်သကတ်ကြောင့်။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

## ၇။ သတ္ထာဒေဝမနုဿာန ဂုဏ်တော်

(၁) သောဘဂဝါ၊-သည်။ဣတိပိဣမိနာစ ကာရဏေန၊ လူ,နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို မကောင်းမြစ်ထား ကောင်းရာတိုက်တွန်း ပြဩွန်းဆုံးမတော်မူခြင်းတည်းဟူသောဂုဏ်။

(၂) ငတ်မွတ်ခိုးသူ ရေမူခန်းပြတ် ကိုက်သတ်သားရဲ ခရီးခဲမှန် ဤလေးတန်မှ မဟာလွှကဟူ လူခပင်းတို့ကို အ

ကြွင်းမဲ့အောင် ထုတ်ဆောင်ကြည်နူး ကုန်သည်မျိုးကဲ့သို့ ထူးကဲလှစွာ ဇာတိ,ဇရာ ဗျာဓိ,မရဏာ စသည်ခပဲ ခရီး ခဲမှ ညြလဲမသာ သတ္တဝါအလုံးကို သိမ်းရုံးလွယ်ကူ ပြည် နိဗ္ဗူသို့ ထုတ်ယူဆောင်ပို့တော်မူခြင်းတည်းဟူသောဂုဏ်။

ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ သတ္တာဒေဝ မနုဿာနံ။ သတ္တာဒေဝမနုဿာန မည်တော်မူ၏။

## ၈။ ဗုဒ္ဓဂုဏ်တော်

(၁) သောဘဂဝါ၊-သည်။ ဉာတိပိဉာမိနာ၁စကာရဏော နာ၊ သမုဒယ, ဒုက္ခ, နိရောဓ, မဂ္ဂသစ္စာအားဖြင့် လေးပါး ကုန်သောသစ္စာတရားတို့ကို လေးပါးမဂ်ဉာဏ် ချိန်မာန ဘဏ်ဖြင့် ဖောက်ပြန်မရှိ သိနိုင်တော်မူခြင်း တည်းဟူသော ဂုဏ်။

(၂) နတ်,လူ,ဗြဟ္မာ သတ္တဝါတို့ ဖြစ်လာပုံယဉ် ခန္ဓာ အစဉ်၌ ကပ်ယှဉ်တဏှာ အဝိဇ္ဇာဟု နှစ်ဖြာဝဋ်မြစ် တရား ညစ်ကို နုတ်ပစ်ပယ်ရှားတော်မူခြင်းတည်းဟူသောဂုဏ်။

ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

## ၉။ ဘဂဝါဂုဏ်တော်

(၁) သောဘဂဝါ၊-သည်။ဉာတိပိ ဉာမိနာ၁စ ကာရဏော နာ၊ ဒါန, သီလ စသည်မလပ် တရားမြတ်တို့၏ အထွဋ်အ ထိပ်သို့ စိတ်တော်လွန်မြောက် ရောက်တော်မူခြင်း တည်း ဟူသောဘုန်းတော်ဂုဏ်။

(၂) ရာဂ, ဒေါသ မောဟဟူပြီး သူလျှောင်ကြီးတို့ကို ဖျက်ဆီးတော်မူခြင်း တည်းဟူသောဂုဏ်။

(၃) ကိုယ်တော်ကိုတမူ အကျမြူခန့်မယွင်း ဖန်ဆင်းနိုင်ခြင်းစသည်တို့၌ အစိုးရတော်မူခြင်းရှစ်ပါးဟုဆိုအပ်သော ဣဿရိယတန်ခိုးတော်၊ မဂ်, ဖိုလ် ရှစ်သွယ် လေးဆယ်ဝိမုတ် လောကုတ္တရာ တရားတည်းဟူသော ဓမ္မတန်ခိုးတော်၊ လောကသုံးပါး၌ ထင်ရှား ကြော်ငြာတော်မူခြင်းတည်းဟူသော ယသ တန်ခိုးတော်၊ သုံးဆယ့်နှစ်ဖြာ လက္ခဏာတော်ကြီးတသွယ် ရှစ်ဆယ်ကုန်သော လက္ခဏာတော်ငယ်တို့ဖြင့် သပ္ပါယ်တော်မူခြင်း အသရေတော်တည်းဟူသော သိရီတန်ခိုးတော်၊ အတ္တ,ပရ ဟိတ နှစ်ပါး ပွားများမောက်မို အလိုရှိတိုင်း အလှိုင်းတကြီး ပြီးစေနိုင်ခြင်းတည်းဟူသော ကာမတန်ခိုးတော်၊ လူသုံးပါးတို့၏ ညွတ်တွားရှိသေရာ ဆရာအဖြစ်ကို စင်စစ်မသွေ ပြီးစေနိုင်ခြင်း သမ္မာဝါယာမတည်းဟူသော ပယတ္တတန်ခိုးတော် ထင်ပေါ်ကျော်ဟိုး တန်ခိုးခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူခြင်းတည်းဟူသောဂုဏ်။

(၄) ပရမတ်, ပညတ် နှစ်ရပ်သော တရားအစွမ်းကို ခွဲခြမ်းဝေဘန်တော်မူခြင်းတည်းဟူသောဂုဏ်။

(၅) လောကီ, လောကုတ် ဥတ္တရိမနုဿဓမ္မကို လုံ့လမစဲ မှီဝဲတော်မူခြင်း တည်းဟူသောဂုဏ်။

(၆) သံသရာခရီး ယှဉ်မှီးသွားကြောင်း မကောင်းမက်မော တဏှာဇောကို နှစ်နောဖန်ဖန် ပျို့အန်သွန်ထွေး ဘေးမရှိမှန် နိဗ္ဗာန်ပြည်နန်းသို့ ကြွမြန်းတော်မူခြင်းတည်းဟူသောဂုဏ်။

ဤသို့ပေါင်းအပ် ဂုဏ်သကတ်ကြောင့်။ ဘဂဝါ၊ဘဂဝါမည်တော်မူ၏။

ဝှတိ-ဝှမေဟိ နဝဂုဏောဟိ၊ ဤသို့ပိုင်းခြား ကိုးပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊ လူ,နတ်,ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ ချိန်တပဲမှန် မာနဘဏ် နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းယှဉ်တုဘက်အပ်သော သူလည်းမဟုတ်၊ နှိုင်းယှဉ်တုဘက်အပ်သော သူလည်း ရှိတော်မမူသော။ တံဗုဒ္ဓံ၊ ထိုမြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

---

## တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဟေိပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ–
ဆဟိဂုဏေဟိ တိလောကေ၊ ဝန္ဒာမိ တံ သဒါတုလံ။

### ၁။ သွာက္ခာတဂုဏ်တော်

(၁) ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ယောဓမ္မော၊ အကြင်ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ်တရားတော်ကို။ သွာက္ခာတော၊ အတ္ထပဒခြောက်ပါး,ဗျဉ္ဇနပဒခြောက်ပါး, အာဒိကလျာဏ-မဇ္ဈေကလျာဏ-ပရိယောသာနကလျာဏတည်းဟူသော ကလျာဏသုံးပါးနှင့်တကွ ငါးပါး

သောလက္ခဏာဂုဏ် ပြည့်စုံသည်ဖြစ်၍ ဖြူနှစ်ရောင်လင်း ခရုသင်းသဘွယ် စင်ကြယ်သောအကျင့်မြတ်ကို ပြအပ်ထူး ဆန်း ဂုဏ်အစွမ်းဖြင့် ရှင်လန်းသာမော ဟောတော်မူ အပ်၏။ သောဓမ္မော၊ ထို ပရိယတ္တိတရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတ မည်တော်မူ၏။

(၂) ဘဂဝတာ၊-သည်။ ယောဓမ္မော၊ အကြင်မဂ်လေးပါးတရားတော်ကို။ သွာက္ခာတော၊ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ ပါပသမုတ် အယုတ်တရား ဤနှစ်ပါးသို့ မလားမကပ် မဇ္ဈိမပဋိပတ် ကျင့်မြတ်ထူးဆန်း ဂုဏ်အစွမ်းဖြင့် ခွဲခြမ်းနှစ်နော ဟောတော်မူအပ်၏။ သောဓမ္မော၊ ထိုမဂ်လေးပါး တရားတော်သည်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။

(၃) ဘဂဝတာ၊-သည်။ ယောဓမ္မော၊ အကြင်ဖိုလ်လေးပါး တရားတော်ကို။ သွာက္ခာတော၊ ကိလေသာဟူရန်သူခပ်သိမ်း ငြိမ်းလေပြီဟု ကျူးချီသာမော ဟောတော်မူအပ်၏။ သောဓမ္မော၊ ထိုဖိုလ်လေးပါး တရားတော်သည်။သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။

(၄) ဘဂဝတာ၊-သည်။ယောဓမ္မော၊ အကြင်နိဗ္ဗာန်ထင်ရှားမြတ်တရားကို။ သွာက္ခာတော၊အမြဲမသေ မသေမပြောင်း ပုန်းအောင်းခိုမှီးရာအစစ် ဂုဏ်အနှစ်ဖြင့် ဖွင့်လှစ်သာမော ဟောတော်မူအပ်၏။ သောဓမ္မော၊ထိုနိဗ္ဗာန်ထင်ရှား မြတ်တရားသည်။ သွာက္ခာတော၊ သွာက္ခာတမည်တော်မူ၏။

## ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

ယောဓမ္မော၊ အကြင်မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ထင်ရှား ကိုးပါးသောတရားတော်ကို။သန္ဒိဋ္ဌိကော၊ ဖလဋ္ဌာန်မည်ဆို ဖိုလ်ပုဂ္ဂိုလ်တို့သည် ဤသို့ ဘော်ထုတ် လောကုတ်တရား ထိုကိုးပါးမှ တပါးယုံကြည် ဆောက် တည်စရာ မရှိပါဟု ပစ္စဝေက္ခဏာမှန်း ဉာဏ်အစွမ်းဖြင့် စွဲလမ်းမြဲခိုင် ကိုယ်တိုင်နှစ်နော သဘောမလပ် ရှုမြင်အပ် ၏။ ယောဓမ္မော၊ ထိုလောကုတ်တရား မြတ်ကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ သန္ဒိဋ္ဌိကမည်တော်မူ၏။

## ၃။ အကာလိကဂုဏ်တော်

ယောဓမ္မော၊ အကြင် မဂ်လေးပါး တရားတော်သည်။ အကာလိကော၊ မိမိ၏အနန္တရ၌ နိသံသမျိုး ဖိုလ်အကျိုးကို ကွန့်ဖြိုးမနှေး ပေးပေတတ်၏။သောဓမ္မော၊ထိုမဂ်လေးပါး တရားတော်သည်။ အကာလိကော၊ အကာလိက မည်တော် မူ၏။

## ၄။ ဧဟိပဿိကဂုဏ်တော်

ယောဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရား သည်။ ဧဟိပဿိကော၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ကောင်းစွာတင်ထား ပတ္တမြားကဲ့သို့၎င်း၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး မှောင်မျိုးမသွန်း လပြည့်ဝန်းကဲ့သို့၎င်း၊ ညစ် ကြေးမတင် ဖြူစင်သန့်ရှင်း၍ ခပင်းများစွာ လူဗိုလ်ပါကို လာလှည့်ရှုလှည့် ဟူသော အစီရင်ကို လျင်စွာအမှန် ခံတော်မူထိုက်၏။ သောဓမ္မော၊ ထိုကိုးပါးသရုပ် လော ကုတ်ထင်ရှား မြတ်တရားသည်။ ဧဟိပဿိကော၊ ဧဟိ ပဿိက မည်တော်မူ၏။

## ၅။ သြပနေယျိက ဂုဏ်တော်

ယောဓမ္မော၊ အကြင် လောကုတ်ကိုးပါး မြတ်တရားသည်၊ သြပါနေယျိကော၊ ဘာဝနာခဏ်း ဉာဏ်အစွမ်းဖြင့် စီးဖြန်းမဆိတ် စိတ်၌မလပ် ကပ်၍မကင်း ယူဆောင်ခြင်းကို အပ်နှင်းသိမ်းပိုက် ထိုက်တော်မူ၏။ သောဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။သြပနေယျိကော၊ သြပနေယျိက မည်တော်မူ၏။

## ၆။ ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ယောဓမ္မော၊ အကြင်လောကုတ်ကိုးပါး မြတ်တရားကို။ ဝိညူဟိ၊ ဥဂ္ဃဋိတညူပုဂ္ဂိုလ်,ဝိဘဉ္စိတညူပုဂ္ဂိုလ်,နေယျပုဂ္ဂိုလ်တို့သည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ စိတ်နှလုံး၌ ယူကျုံးပိုက်ဖြားကောင်းစွာထား၍ ခံစားမလပ် ရှုမှတ်အပ်၏။သောဓမ္မော၊ ထိုကိုးပါးသရုပ် လောကုတ်ထင်ရှား မြတ်တရားသည်။ ပစ္စတ္တံဝေဒိတဗ္ဗော၊ ပစ္စတ္တံဝေဒိတဗ္ဗမည်တော်မူ၏။

ဣတိ-ဣမေဟိဆဟိဂုဏေဟိ၊ ဤသို့ပိုင်းခြား ခြောက်ပါးသရုပ် ဂုဏ်တော်ပုဒ်တို့ကြောင့်။ တိလောကေ၊လူ,နတ်,ဗြဟ္မာ သုံးဖြာသောလောက၌။ အတုလံ၊ အချိန်တပဲမှန် မာနဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းယှဉ်တုဘက်အပ်သောတရားလည်းမဟုတ်၊ နှိုင်းယှဉ်ဟုဘက်အပ်သောတရားလည်းရှိတော်မမူသော။ တံဓမ္မံ၊ ထိုတရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

## သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၃၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၅။ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟု နေယျော၊
၆။ ဧသ ဘဂဝတောသာဝကသံဃော ပါဟုနေယျော၊
၇။ ဧသ ဘဂဝတောသာဝကသံဃော ဒက္ခိဏေယျော၊
၈။ ဧသ ဘဂဝတော သာဝကသံဃောအဉ္ဇလိကရဏီ ယော၊
၉။ ဧသ ဘဂဝတော သာဝကသံဃော အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ–
နဝဂုဏေဟိ တိလောကေ၊ဝန္ဒာမိ တံ သဒါတုလံ။

### ၁။ သုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ ယော သာဝကသံဃော၊ အကြင်တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ မဂ်,ဖိုလ်,နိဗ္ဗာန် ကိုးတန်မြွက်ဖော် တရားတော်အား သင့်လျော်မှီကပ် အကျင့်မြတ်ကို မလပ်ဩလဲ ကျင့်ယူဆဲလည်း ဖြစ်တော်မူ၏။ ဖြူစင်ကွန့်ဖြိုး ဖိုလ်အကျိုးလည်းရှိတော်မူ၏။သော-သောသာဝကသံဃော၊ထိုတပည့်သံဃာ အရိယာ ပုဂ္ဂိုလ်ရှစ်ယောက်သည်။ သုပ္ပဋိပန္နော၊ သုပ္ပဋိပန္နမည်တော်မူ၏။

## ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊-၏။ ယော သာဝကသံဃော၊အကြင်တပည့် သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဥဇုပ္ပဋိပန္နော၊ သုံးဖြာဒွါရ ရင်းမူလ၌ ပါပညစ်ကျုံ ကာယကံနှင့် ဝစီကံ မနော ကံသဘောကို ဆေးကြောပယ်လှပ်၍ ဖြောင့်မတ် သောအကျင့်ကိုလည်း ကျင့်တော်မူတတ်၏။ သေ-သော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ် ယောက်သည်။ ဥဇုပ္ပဋိပန္နော၊ ဥဇုပ္ပဋိပန္နမည်တော်မူ၏။

## ၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊-၏။ ယော သာဝက သံဃော၊ အကြင် တပည့် သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဉာယပ္ပဋိ ပန္နော၊ နိဗ္ဗာန်အကျိုး ကွန့်ဖြိုးစေကြောင်း ကောင်းမြတ် လှစွာ ဝိပဿနာဘူတ အနုဓမ္မကို တစမလပ် ကျင့်တော် မူတတ်၏။ သေ-သော သာဝက သံဃော၊ထိုတပည့်သံဃာ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဉာယပ္ပဋိပန္နော၊ ဉာယပ္ပဋိပန္န မည်တော်မူ၏။

## ၄။ သာမိစိပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊-၏။ ယော သာဝက သံဃော၊ အကြင် တပည့်သံဃာ အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည်။ သာမိစိပ္ပဋိ ပန္နော၊ နတ်,လူ,ဗြဟ္မာ သတ္တဝါတို့၏ ကောင်းစွာနှစ်ခြိုက် ရှိသေထိုက်အောင် ကျင့်ဆောင်တော် မူတတ်၏။ သေ-သော သာဝကသံဃော၊ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ သာမိစိပ္ပဋိပန္နော၊ သာမိစိပ္ပဋိပန္န မည် တော်မူ၏။

## ၅။ အာဟုနေယျဂုဏ်တော်

ဘဂဝတော၊-၏။ ယဒိဒံ-ယာနိစတ္တာရိ ပုရိသယုဂါနိ၊ အကြင်လေးယောက်ကုန်သော ယောကျ်ား အစုံတို့သည်။ အဋ္ဌပုရိသ ပုဂ္ဂလာ၊ယောကျ်ားပုဂ္ဂိုလ် ရှစ်ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သေ-သော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။အာဟုနေယျော၊ အဝေးမှ ဆောင်ယူ၍ ပူဇော်လှူအပ် ပစ္စည်းရပ်ကို မလပ်သိမ်းပိုက် ခံယူထိုက်သည် အဖြစ်ကြောင့်။ အာဟု နေယျော၊ အာဟု နေယျ မည်တော်မူ၏။

## ၆။ ပါဟုနေယျဂုဏ်တော်

ဘဂဝတော၊-၏။ သေ-သော သာဝကသံဃော၊ ထိုတပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ပါဟုနေယျော၊ စတုဒိသာ ရပ်မျက်နှာမှ ရောက်လာ ရောရှ အာဂန္တုအား ရည်မှတ်သား၍ ထားအပ်ကြည်ဖြူ များအလှူကို ခံယူထိုက်သည်၏ အဖြစ်ကြောင့်။ ပါဟုနေယျော၊ ပါဟုနေယျမည်တော်မူ၏။

## ၇။ ဒက္ခိဏေယျဂုဏ်တော်

ဘဂဝတော၊-၏။ သေ-သော သာဝက သံဃော၊ ထိုတပည့် သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ ဒက္ခိဏေယျော၊ ရည်မှတ်ကြည်ဖြူ ပေးအလှူကို ခံယူသိမ်းပိုက်ထိုက်တော်မူသည်၏အဖြစ်ကြောင့်။ ဒက္ခိဏေယျော၊ ဒက္ခိဏေယျ မည်တော်မူ၏။

## ၈။ အဋ္ဌလိကရဏီယ ဂုဏ်တော်

ဘဂဝတော၊-၏။ ယေ-ယော သာဝကသံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ အဉ္ဇလိကရဏီယော၊ လက်အုပ်စုံမြှီး ရှိခိုးဝပ်စင်း ရှိသေ ခြင်းကို မကင်းစေန် ခံတော်မူထိုက်သည်၏အဖြစ်ကြောင့်။ အဉ္ဇလိကရဏီယော၊ အဉ္ဇလိကရဏီယ မည်တော်မူ၏။

## ၉။ အနုတ္တရံပုညက္ခေတ္တဂုဏ်တော်

ဘဂဝတော၊-၏။ ယေ-ယော သာဝကသံဃော၊ ထို တပည့်သံဃာ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည်။ လောကဿ၊ လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်း၏။ အနုတ္တရံပုညက္ခေတ္တံ၊ သဒ္ဓါစေ့မျိုး စိုက်ပျိုးပစ်ချရာ လယ်တာမြေကောင်း သဘွယ် အကယ်စင်စစ် ဖြစ်တော်မူသည်၏အဖြစ်ကြောင့်။ အနုတ္တရံ ပုညက္ခေတ္တံ၊အနုတ္တရံပုညက္ခေတ္တ မည်တော်မူ၏။

ဣတိ-ဣမေဟိ နဝဂုဏေဟိ၊ ဤသို့ ပိုင်းခြား ကိုးပါး သရုပ် ဂုဏ်တော် ပုဒ်တို့ကြောင့်။ တိလောကေ၊ လူ,နတ် ဗြဟ္မာ သုံးဖြာသော လောက၌။ အတုလံ၊ချိန်တပဲမှန် မာန ဘဏ်နှင့် ပုံစံတမူ တူသောပညာဖြင့် နှိုင်းယှဉ်တုဘက်အပ် သော သူလည်းမဟုတ်၊ နှိုင်းယှဉ်တုဘက် အပ်သော သူ လည်း ရှိတော်မမူသော၊ တံအရိယသံဃံ၊ ထိုအရိယာ သံ ဃာတော်ကို။ အဟံ၊ အကျွန်ုပ်သည်။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ဒွါရသုံးလီ စုံညီမြတ်နိုး ရှိခိုးပါ၏။

**အဋ္ဌမိုရ်ရိ ဂုဏ်တော်ဖွင့် ပြီး၏။**

# လယ်တီဂုဏ်တော်ဘွင့်

## နမောတဿ ပါဠိ,အနက်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ဗြဟ္မာ,နတ်,လူ သုံးဘုံသူတို့၏ ကြည်ဖြူ ကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်း ဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ် တို့နှင့် ပြည့်စုံတော် မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာဥေ ယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူပေထသော။ တဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။နမော-နမာမိ၊ ရှိခိုးပါ၏။

[ဤနမောတဿ—ကို မဟာနမက္ကာရကြီးဟူ၍သဒ္ဒနီတိကျမ်း၌ ဆို၏၊ဘုရားလက်ထက်တော်မှ အစဉ်အဆက် လာသော မဟာပဏာမကြီးပေတည်း။ ။ကြေကြေမွမွရစေ။]

---

## သရဏဂုံ ပါဠိ,အနက်

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ။
၃။ သံဃံ သရဏံ ဂစ္ဆာမိ။

၁။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။သရဏံ-သရဏံဣတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဘို့ ထောက်ရာ,တည်ရာ, ကိုးကွယ်ရာ-ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

၂။ ဓမ္မံ၊မဂ်လေးတန်,ဖိုလ်လေးတန်,နိဗ္ဗာန်, ပရိယတ် အမြတ်ဆယ်ဘော် တရားတော်ကို။ သရဏံ-သရဏံဂစ္ဆာမိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဘို့ ထောက်ရာ,တည်ရာ, ကိုးကွယ်ရာ-ဟူ၍။ ဂစ္ဆာမိ၊ဆည်းကပ်ပါ၏။

၃။ သံဃံ၊ သီလဝန်, ဂုဏဝန်, ပညဝန်, ကလျာဏ ပုထုဇ္ဇန်, အရှင်မွန်,အရှင်မြတ် တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာပုဂ္ဂိုလ် အပေါင်းကို။ သရဏံ-သရဏံဂစ္ဆာမိ၊ ဒုက္ခ ကင်းပျောက် ချမ်းသာရောက်ဘို့ ထောက်ရာ,တည်ရာ,ကိုး ကွယ်ရာ-ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

[ကြေကြေမွမွရစေ။]

---

## ၅-ပါးသီလ ပါဠိ,အနက်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁။ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို၊ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင် မပေးသော သူ၏ဥစ္စာကို ယူခြင်းမှ—

၃။ ကာမေသု၊ ကာမမှုတို့၌။ မိစ္ဆာစာရာ၊ မှောက် မှောက်မှားမှား ပြုကျင့်ခြင်းမှ—

၄။ မုသာဝါဒါ၊ မဟုတ်မမှန်သည်ကို အမှန်အဟုတ် ပြုလုပ်ပြောဆိုခြင်းမှ—

၅။ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ၊ သေရည် ငါးထွေ သေရက် ငါးပါး ယစ်မျိုးများနှင့် အစားအ လောင်း မေ့လျော့ကြောင်းမှ။ ဝေရမဏီ သိက္ခာ ပဒံ၊ လွတ်ကင်းလေအောင် ဝေးစွာ ရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှု ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူဆောက်တည် ပါ၏။

---

## ဘုရားဂုဏ်တော် ၉-ပါး

ဣတိပိ သော ဘဂဝါ-

၁။ အရဟံ၊
၂။ သမ္မာသမ္ဗုဒ္ဓေါ၊
၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊
၄။ သုဂတော၊
၅။ လောကဝိဒူ၊
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
၇။ သတ္ထာ ဒေဝမနုဿာနံ၊
၈။ ဗုဒ္ဓေါ၊
၉။ ဘဂဝါ။

## ၁။ အရဟံဂုဏ်တော်

သော ဘဂဝါ၊ ထိုအကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။ ဣတိပိ၊ ဤသို့လျှင် ဖြဟ္မာ,နတ်,လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံထိုက်ကြောင်းဖြစ်သော သီလဂုဏ်, သမာဓိဂုဏ်,ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိ ဉာဏဒဿနဂုဏ် တို့နှင့် ပြည့်စုံတော်မူပေသောကြောင့်လည်း။ အရဟံ၊ အရဟမည်တော်မူပေ၏။

## ၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

ဣတိပိ၊ ဤသို့လျှင် သစ္စာဉေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူပေသောကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူပေ၏။

## ၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဣတိပိ၊ ဤသို့လျှင် စရဏ အပြား တဆယ့်ငါးတည့် သုံးပါး,ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာတို့နှင့် ကောင်းစွာပြည့်စုံတော်မူပေသောကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူပေ၏။

## ၄။ သုဂတဂုဏ်တော်

ဣတိပိ၊ ဤသို့လျှင် သဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ မကပ်ငြိဘဲ မဇ္ဈိမပဋိပတ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် ရွှေနန်းပုရီ ဘေးမဲ့ပြည်သို့ ကြွချီဆိုက်ရောက်တော် မူပေသောကြောင့်လည်း။ သုဂတော၊ သုဂတမည်တော်မူပေ၏။

### ၅။ လောကဝိဒူဂုဏ်တော်

ဋ္ဌတိပိ၊ ဤသို့လျှင် ကာမ,ရူပ အရူပ-ဟု လောကအပြင် ဘုံတခွင်ကို ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေသောကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူမည်တော်မူပေ၏။

### ၆။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

ဋ္ဌတိပိ၊ ဤသို့လျှင် ဇာတိမာန်, ပုညမာန်, ဂုဏာမာန်, ဗလမာန်, ဋ္ဌဒ္ဓိမာန်, ပညာမာန်တို့ဖြင့် မိုးစွန်ကြွားကြွား ငါတကားဟု ကြီးဝါးခက်ထန် အဆိပ်လျှံသည့် နန္ဒောပနန္ဒ, အင်္ဂုလိမာလ, သစ္စကနှင့် ဗကဗြဟ္မာ သတ္တဝါတို့ကို ဒေသနာသံ ဆိပ်အန်ငြိမ်းဆေး အမြန်ပေး၍ ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်ကဲဘိသောကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရောပုရိသဒမ္မသာရထိမည်တော်မူပေ၏။

### ၇။ သတ္ထာဒေဝမနုဿာနဂုဏ်တော်

ဋ္ဌတိပိ၊ ဤသို့လျှင် လူ,နတ်,ဗြဟ္မာ သတ္တဝါအများ သောင်းတိုက်သားတို့၏ ဝပ်တွားရှိပျောင်း ညွတ်ညောင်းခယ ဆုံးမခံရာ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်ပေသောကြောင့်လည်း။သတ္ထာဒေဝမနုဿာနံ၊သတ္ထာဒေဝမနုဿာနမည်တော်မူပေ၏။

### ၈။ ဗုဒ္ဓဂုဏ်တော်

ဋ္ဌတိပိ၊ ဤသို့လျှင် သစ္စာလေးရပ် တရားမြတ်ကို လူ, နတ်အများ သိထင်ရှားအောင် ဟောကြားထုတ်ဘော် သိစေတော်မူပေသောကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူပေ၏။

### ၉။ ဘဂဝါဂုဏ်တော်

ဣတိပိ၊ ဤသို့လျှင် ဘုန်းတော်အနန္တ, ကံတော်အနန္တ, ဉာဏ်တော်အနန္တ, တန်ခိုးတော်အနန္တ ကြီးမြတ်လှ၍ လောကသုံးပါး လူအများတို့ လေးစားဂရု ချီးပမ့်ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါမည်တော်မူပေ၏။

တံ၊ထိုအရဟံ အစ ဘဂဝါ အဆုံး ဘဝဂ်ချွန်းမျှ ဘုန်းတော်ကြီးမား ဂုဏ် ၉-ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

---

## တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတော ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဧဟိပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

### ၁။ သွာက္ခာတဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မော၊တရားတော်မြတ်သည်။ သွာက္ခာတော၊ အစ,အလယ်,အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံစွာဟောကြားတော်မူအပ်၏။

### ၂။ သန္ဒိဋ္ဌိကဂုဏ်တော်

သန္ဒိဋ္ဌိကော၊ကျင့်ဆောင်သူတို့အား ယခုဘဝ ပစ္စက္ခဉ်ပင် ဒိဋ္ဌကိုယ်တွင် တွေ့မြင်ခံစားရသော ဂုဏ်ကျေးဇူးအထူးနှင့်လည်း ပြည့်စုံတော်မူပေ၏။

### ၃။ အကာလိကဂုဏ်တော်

အကာလိကော၊ ကာလမရွေ့ ကျင့်သည့်နေ့ပင် တွေ့မြင်ယုံကြည်ရသော ကောင်းကျိုးချမ်းသာနှင့်လည်း ပြည့်စုံတော်မူပေ၏။

### ၄။ ဧဟိပဿိက ဂုဏ်တော်

ဧဟိပဿိကော၊ လာရောက်ရှုမြင် ကျေးဇူးတင်မြဲဖြစ်၍ လာပါ,ရှုပါ ကျင့်ကြံပါ-ဟု မပါပါအောင် ခေါ်ဆောင်သွတ်သွင်း တိုက်တွန်းခြင်းငှါ ထိုက်တန်စွာသော ဂုဏ်ထူးဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

### ၅။ ဩပနေယျိက ဂုဏ်တော်

ဩပနေယျိကော၊ မိမိကာယ အဇ္ဈတ္တတွင် ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ဆောင်ထိုက်သော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော် မူပေ၏။

### ၆။ ပစ္စတ္တံဝေဒိတဗ္ဗ ဂုဏ်တော်

ဝိညူဟိ၊ ပညာရှိသူ ရှင်,လူအပေါင်း သူတော်ကောင်းတို့သည်။ ပစ္စတ္တံ၊အသီးအသီးသော မိမိတို့သန္တာန်၌။ ဝေဒိတဗ္ဗော၊ ချမ်းသာလေစွ, ကောင်းလေစွ ဟု ကာယ, စိတ္တသုခနှစ်ပြင် ထင်ထင်ရှားရှား ခံစား သိမြင်ရသော ဂုဏ်ထူး ဝိသေသနှင့်လည်း ပြည့်စုံတော်မူပေ၏။

တံ၊ ထိုသွာက္ခာတ အစ ဝေဒိတဗ္ဗော အဆုံး ဘဝဂ်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၆-ပါးနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

## သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော—

၅။ အာဟုနေယျော၊
၆။ ပါဟုနေယျော၊
၇။ ဒက္ခိဏေယျော၊
၈။ အဉ္ဇလိ ကရဏီယော၊
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

### ၁။ သုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်,ဂုဏဝန်,ပညဝန်,ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သုပ္ပဋိပန္နော၊ အဓိသီလ,အဓိစိတ္တ,အဓိပညာ သိက္ခာသုံးရပ် လွန်ကောင်းမြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

### ၂။ ဥဇုပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊သီလဝန်,ဂုဏဝန်,ပညဝန်,ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော၊

အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၃။ ဉာယပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ သီလဝန်,ဂုဏဝန်,ပညဝန်,ကလျာဏပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ ဉာယပ္ပဋိပန္နော၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာသုံးရပ် လွန်သင့်မြတ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

၄။ သာမိစိပ္ပဋိပန္နဂုဏ်တော်

ဘဂဝတော၊မြတ်စွာဘုရား၏။ သာဝကသံဃော၊သီလဝန်,ဂုဏဝန်,ပညဝန်,ကလျာဏ ပုထုဇ္ဇန် အရှင်မွန် အရှင်မြတ်တို့နှင့်တကွ ပရမတ္ထသံဃာ အရိယာ ၈-ပါး တပည့်သား သံဃာတော်မြတ် အပေါင်းသည်။ သာမိစိပ္ပဋိပန္နော၊ အဓိသီလ,အဓိစိတ္တ,အဓိပညာ သိက္ခာသုံးရပ် ရိုသေအပ်သော ပဋိပတ်ဂုဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။

ယဒိဒံ-ယာနိ ဣမာနိ စတ္တာရိပုရိသယုဂါနိ၊အကြင် ၄-ပါးသောယောကျ်ားမြတ်အစုံတို့သည်။သန္တိ၊ရှိကုန်၏။ယဒိဒံ-ယေဣမေ အဋ္ဌပုရိသ ပုဂ္ဂလာ၊ အကြင် ၈-ပါး သောယောကျ်ားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

၅။ အာဟုနေယျဂုဏ်တော်

ဘဂဝတော၊ မြတ်စွာဘုရား၏။ သေ-သော သာဝကသံဃော၊ ဤ ၄-စုံ ၈-ပါး တပည့်သားသံဃာတော်မြတ်

အပေါင်းသည်။ အာဟုနေယျော၊ အာဂန္တုအား ရည်၍ ထားအပ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှါထိုက် တန်စွာသော သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်နှင့်လည်း ပြည့်စုံတော် မူပေ၏။

### ၆။ ပါဟုနေယျဂုဏ်တော်

ပါဟုနေယျော၊ လက်ဆောင် အလို့ငှါ ယူ၍လာသော အလှူဝတ္ထု မျိုးကိုလည်း ခံယူခြင်းငှါ ·ထိုက်တန် စွာသော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော် မူပေ၏။

### ၇။ ဒက္ခိဏေယျဂုဏ်တော်

ဒက္ခိဏေယျော၊နောက်နောက်ဘဝ အကျိုးရဘို့ ပျိုးချ တုံလတ် မြတ်သော အလှူဝတ္ထုမျိုးကိုလည်း ခံယူခြင်းငှါ ထိုက်တန်စွာသော သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်နှင့် လည်း ပြည့်စုံတော်မူပေ၏။

### ၈။ အဉ္ဇလိကရဏီယ ဂုဏ်တော်

အဉ္ဇလိကရဏီယော၊ လူမင်း,နတ်မင်း,ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်,သမာဓိဂုဏ်, ပညာဂုဏ်နှင့်လည်း ပြည့်စုံတော် မူပေ၏။

### ၉။ အနုတ္တရံ ပုညက္ခေတ္တ ဂုဏ်တော်

လောကဿ၊ လူအပေါင်း၏။ အနုတ္တရံ၊ အတုမရှိမြင့် မြတ်သော။ ပုညက္ခေတ္တံ၊ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ် တာ မြေကောင်းသဘွယ်လည်း ဖြစ်တော် မူပေ၏။

တံ၊ ထိုသုပ္ပဋိပန္နအစ ပုညက္ခေတ္တအဆုံး ဘဝဂ်ချုန်းမျှ ဘုန်းရှိန်ကြီးမား ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော် မူပေသော သံဃာတော်မြတ် အပေါင်းကို။ အဟံ၊ တပည့်တော်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

[ဤဘုရားဂုဏ် ၉-ပါး,တရားဂုဏ် ၆-ပါး,သံဃာ့ဂုဏ် ၉-ပါး ကို အဓိပ္ပါယ်နှင့်တကွ ရေလည်စွာမသိသောသူသည် ဘုရား,တရား, သံဃာကို ဉာဏ်နှင့်ကြည်ညိုတတ်သော သူမဟုတ်၊ထိုသူ၌ တိဟိတ် ကုသိုလ်မဖြစ် ဒွိဟိတ်ကုသိုလ်သာဖြစ်၏၊ထို့ကြောင့် မုဒ္ဓဘာသာ လူ မျိုးမှန်လျှင် ဤဂုဏ်တော် ၃-ပါး အနက်ကို နှုတ်တက် ကြေမွ တကယ်ရမှ သင့်မြတ် သတည်း။

ဤဂုဏ်တော် ၃-ပါး ဘုရားရှိခိုးသည် သုတ္တန်ပိဋကတ်၌ မြတ်စွာ ဘုရားကိုယ်တော်တိုင် အဘန်ဘန် ဟောတော်မူ၏၊ ရဟန္တာကြီး များသည်း အဘန်ဘန်ဟောတော်မူ၏၊ဤဘုရားရှိခိုးကြီးထက် ကြီး မြတ်သော ဘုရားရှိခိုးမရှိပြီ၊ နမောတဿ ပါဠိ, အနက်-သရဏဂုံ ၃-ပါး ပါဠိ,အနက်တို့နှင့် ရှိခိုးပြီးနောက် ဤဂုဏ်တော် ၃-ပါး အနက်တို့နှင့် ရှိခိုးလေ။]

---

## အာဝေဏိကဂုဏ်တော်ဘွင့်

### အနန္တရာယိကဒ္ဒာန ၄-ပါး

၁။ ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၃။ ဗုဒ္ဓါနံ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

၄။ ဗုဒ္ဓါနံ အသီတိယာနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။
ဣမေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။

အာဒေဏိကဂုဏ်တော် ၁၈-ပါး

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—
၄။ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော—
၇။ နတ္ထိ ဆန္ဒဿ ဟာနိ။
၈။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
၉။ နတ္ထိ ဝီရိယဿ ဟာနိ။
၁၀။ နတ္ထိ သမာဓိဿ ဟာနိ။
၁၁။ နတ္ထိ ပညာယ ဟာနိ။
၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော–

၁၃။ နတ္ထိ ဒဝါ။

၁၄။ နတ္ထိ ရဝါ။

၁၅။ နတ္ထိ အပ္ဖုဋံ။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ။

၁၇။ နတ္ထိ အဗျာဝဋမနော။

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တာနံ သမ္မာသမ္ဗုဒ္ဓါနံ။

သသဒ္ဓမ္မဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သဉာတိဂဏံ ရက္ခတု မံ စိရံ သဒါ၊ သဗ္ဗကာမဒဒေါ ဟေားတု မယှမေဝ စိရံ သဒါ။

---

## အာဝေဏိကဂုဏ်တော်ဘွင့်အနက်

### အနန္တရာယိကဋ္ဌာန ၄-ပါး

၁။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။ ဇီဝိတဿ၊ ပွင့်ရာတမ်းမှတ် အားယုကပ်ကို ငါးရပ်ပုံစု လေးခုသုံးတိုင် ရှည်ခိုင် တည်နေမြဲဖြစ်သောအသက်တော်၏။အန္တရာယော၊ လေးစုံလုံးလုံး မဆုံးမီခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ၊ ဒေဝဒတ်နှင့် မာရ်နတ်စစ်မှူး, ဘီလူးအာဠဝက စသည်အပုံ တစုံ တယောက်သော သူမျှပင်။ ကားတုံ၊ ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ။နသက္ကာ၊မတတ်နိုင်။

၂။ ဗုဒ္ဓါနံ၊ သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။ သဗ္ဗညုဘာညာဏသ်၊ အပရိယန္တ ခြေဥယျအထု တရားစုဝယ် တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကို အကုန်အစင် ထင်ထင်မြင်နိုင်သော သဗ္ဗညုတရွှေညာဏ်တော်မြတ်၏။ အန္တရာယော၊ ညာဏ်ကြီးသဗ္ဗဉ် မထင်သာအောင် ကွယ်ကာဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ၊ မဟောသရ, ဗကဗြဟ္မာ, အသုရာနှင့် များစွာလူတွင် တယောက်ပင်မျှ။ကာတုံ၊မမြင်သာအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။

၃။ ဗုဒ္ဓါနံ၊ သဗ္ဗညု မြတ်စွာဘုရားရှင်တို့၏။ အဘိဟဋ္ဌာနံ၊ ရှေးရှုဆောင်အပ်ကုန်ပြီးသော၊ စတုန္နံ၊ လေးပါးကုန်သော။ ပစ္စယာနံ၊ သင်္ကန်း, ဆွမ်း,ဆေး ကျောင်းပစ္စေးတို့၏။ အန္တရာယော၊ ပျက်စီးချိန်သင့် ခါမလင့်ခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီး တတ်သော အန္တရာယ်ကို။ ကေနစိ၊ မိုက်ကန်းယုတ်မာ ဗြဟ္မာ,နတ်, လူ အဆူဆူတွင် တယောက်ပင်မျှ၊ကာတုံ၊ ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ် စီရင်ခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

၄။ ဗုဒ္ဓါနံ၊သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။အသီတိယာ၊ ရှစ်ဆယ်သော။ အနုဗျဉ္ဇနာနံဝါ၊ လက္ခဏာတော်ငယ်တို့၏ ၎င်း။ဗျာမပ္ပဘာယဝါ၊ တဆယ့်ရှစ်တောင် ဝန်းကျင်ဆောင်သော် အတောင်ရှစ်ဆယ်ပမာဏ နိစ္စလဋ္ဌိတိ ရောင်ခြည်တော်၏၎င်း။ အန္တရာယော၊ ပျက်စီးချိန်သင့် ခါမလင့်ခင် အလယ်တွင်၌ ဝင်၍ လတ်လတ် ဖျက်ဆီးတတ်သော

အန္တရာယ်ကို။ ကေနစိ၊ မိုက်ကန်းယုတ်မာ ဖြဟ္မာ,နတ်,လူ အဆူဆူတွင် တယောက်ပင်မျှ။ ကာတုံ၊ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ၊ နသက္ကာ၊ မတတ်နိုင်။

ဣမေသံစတုန္နံ၊သက်တော်,ဉာဏ်တော်,ပစ္စည်းတော်နှင့် ကိုယ်တော်ရောင်ခြည် ဤလေးမည်တို့၏။ အန္တရာယော၊ ပျက်စီးချိန်သင့် ခါမလင့်ခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော အန္တရာယ်ကို။ ကေနစိ၊ မိုက်ကန်း ယုတ်မာ ဗြဟ္မာ,နတ်,လူ အဆူဆူတွင် တယောက်ပင်မျှ။ ကာတုံ၊ ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ် စီရင်ခြင်းငှါ။ နက္ကာ၊ မတတ်နိုင်။ တထာ၊ ထိုနည်းမခြား အလားတူစွာ။ မေ၊ဘုရားအာရုံ ကိုယ်လုံးထုံလျက် ကြည် ယုံကော်ရော် တပည့်တော်အား။ ဟောတု၊ ဖြစ်ပါစေ သတည်း။

[ဤအနန္တရာယိကဋ္ဌာန ၄-ပါးသည် ပါရာဇိကာဏ်အဋ္ဌကထာ၌ လာသည်၊ သို့ရာတွင် ခေါင်းစဉ်မတွေ့ကြ။]

### အာဝေဏိကဂုဏ်တော် ၁၈-ပါး

၁။ ဘဂဝတော၊ မြောက်ပါး ရှစ်သွယ် ဘုန်းတော် ကြွယ်သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတ ရွှေဉာဏ်တော်သည်။အတီတံသေ၊ အတိတ်သံသရာ ကမ္ဘာ ဘာလျှင် စ-ရာမထင်ရှေ့တပြင်က လွန်ကုန်ကြသော ခေ ယျ သစ္စာ များးစွာဒေႉထု တရားစု၌။ အပ္ပဋိဟတံ၊ ပရမာမှုဏ တခုခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့် ပိတ်ပင်နိုင်သော ပဋိပက္ခ တရားမှကင်းတော်မူပေ၏။

၂။ ဘဂဝတော၊ ခြောက်ပါးရှစ်မျိုး ဘုန်းတော်ဖြိုး သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတ ရွှေဉာဏ်တော်သည်။ အနာဂတံသေ၊ အနာဂတ်သံသရာ ကမ္ဘာဘာလျှင် ဆုံးရာမထင် နယ်တပြင်၌ အစဉ်ရှည်ဝေး လာအံ့သေးသော ဥေယျ-သစ္စာ များစွာအထု တရားစု၌။ အပ္ပဋိဟတံ၊ ပရမာမြူဏာ တခုခုမျှပင် မြင်ခွင့်မပေး အရေး ကန့်လန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူပေ၏။

၃။ ဘဂဝတော၊ ရှစ်ပါး ခြောက်မြောက် ဝင်းဝင်း တောက်သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုဘ ရွှေဉာဏ်တော်သည်။ ပစ္စုပ္ပန္နံသေ၊ ကေတ္တိ သ ဘုံဘဝနှင့် အနန္တစကြဝဠာ ရပ်ရွာဝန်းကျင် နယ်တပြင်၌ မျက်မြင် မစဲ ဖြစ်ဆဲ,ပျက်မှု ယခုတည်လစ် လောလောဖြစ်သော ဥေယျ-သစ္စာ များစွာအထု တရားစု၌။ အပ္ပဋိဟတံ၊ ပရမာမြူဏာ တခုခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့် ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော် မူပေ၏။

ဣမေဟိ တီဟိ ဓမ္မေဟိ၊ ဤ ၃-ပါးသော အသာ ဓာရဏ ဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာ ဂတဿ၊ လောက်လွှေ့ကုံ ပြည့်စုံလှသော။ ဘဂဝတော၊ ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ၊ မြတ်စွာ ဘုရား၏—

၄။ သဗ္ဗံ၊ တခုမကြွင်း ခပင်းဉဿုံ အလုံးစုံသော။ ကာယကမ္မံ၊ သွား,ရပ်,ထိုင်,လျောင်း ရှေ့,နောင်း, တက်, ဆုတ် ဆန့်, ရုပ်,ချီကြွ စသည်များပြား လှုပ်ရှားပြုပြင်သမျှ

သော ကိုယ်အမူအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတ္တက သမ္ပဇဉ်,သပ္ပါယသမ္ပဇဉ်, ဂေါစရ သမ္ပဇဉ်, အသမ္မောဟ သမ္ပဇဉ် ပညာ ၄-ပါး ရှေ့သွားရှေ့ဆောင်ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ၊ သမ္ပဇဉ်ဉာဏ် စီမံတိုင်းပင် အစဉ်တစိုက် လိုက်ခါ ဖြစ်တော်မူပေ၏။

၅။ သဗ္ဗံ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ ဝစီကမ္မံ၊နှုတ်လျှာအိမ့်၍ မိန့်တော်ကျူးရင့် လှစ်ဘွင့်သမျှသော နှုတ်အမူအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတ္တက သမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ပညာ ၄-ပါး ရှေ့သွားရှေ့ဆောင် ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ၊သမ္ပဇဉ်ဉာဏ် စီမံတိုင်းပင် အစဉ်တစိုက်လိုက်ခါ ဖြစ်တော်မူပေ၏။

၆။ သဗ္ဗံ၊ တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ မနောကမ္မံ၊ ကြံကြံသမျှသော စိတ်အမူအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ သတ္တကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရ သမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ပညာ ၄-ပါး ရှေ့သွား ရှေ့ဆောင် ရှိတော်မူပေ၏။ဉာဏာနုပရိဝတ္တံ၊သမ္ပဇဉ်ဉာဏ် စီမံတိုင်းပင် အစဉ်တစိုက် လိုက်ခါ ဖြစ်တော်မူပေ၏။

ဣမေဟိ ဆဟိ ဓမ္မေဟိ၊ဤ၆-ပါးသော အသာဓာရဏ ဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ လောကလွှေ့ကုံ ပြည့်စုံလှသော။ ဘဂဝတော၊ ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား အား—

၇။ ဆန္ဒဿ၊ စကြဝဠာပေါင်း တသောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါကို ခေမာသောင်သို့ ငါဆော်ပို့

မည် ရည်သန်တောင့်တသော ဘုရားလောင်းလျာ သုမေဓာ သူမြတ်၏ သန္တာန်၌ဖြစ်သော အာဂမဆန္ဒတော်, ဘုန်း ခြောက်ဖြာတွင် ကာမာမည်သီး လိုတိုင်းပြီးသော အဓိဂမ ဆန္ဒတော် နှစ်ပါး၏။ ဟာနိ၊ ရည်သန် သလောက် မပြောက်မပြီး ပျက်စီးချို့ငဲ့ခြင်းမည်သည်။ နတ္ထိ၊ အကျုမြူမျှ ရှိတော်မမူ။

၈။ မမ္ဗဒေသနာယ၊ ဝဋ္ဋသုံးဖြာ သံသရာမှ နိယျာနိက နိဿရဏာစစ် ဖြစ်စေခြင်းငှါ စိတ်ဖြာဝေဘန် ခွဲပြည့်သန်သား အမွန်ထွေလာ ဒေသနာတော်မြတ်၏။ ဟာနိ၊ နိယျာနိက နိဿရဏ ဖလကျိုးကြီး မပြီးစီးဘဲ ချွတ်လွဲယုတ်လျော့ ခြင်းမည်သည်။ နတ္ထိ၊ အကျုမြူမျှရှိတော်မမူ။

၉။ ဝီရိယဿ၊ ယူဇနာဝန်းညီ သုံးလီသန်းပေါင်း ခြောက်သိန်းလောင်းလျက် တသောင်းသုံးရာ ငါးဆယ်သာ သည် စကြဝဠာတွင်း ဝင်းခင်းထိန်ညီး မီးကျိုးလှံသွား အ ပြည့်ထားလျက် တဘက်ကမ်းတိုင် ရောက်ပေနိုင်မူ အကြင် သူကား ဘုရားဖြစ်မည် စင်စစ်ဟူက ဆံမြူမတွန့် ဝံ့ဝံ့စား စား ကူးသွားနိုင်မျှ ရဲရင့်လှသား ပယတ္တမည်သောအာဂမ ဝီရိယတော်, အသာခာရဏ ကိစ္စလေးတန် ကုံလောက်ငံ၍ သမ္ပဒါန်ကိစ္စ တတ်စွမ်းလှသော အာဂမဝီရိယတော်, နေ့တိုင်းစတေ ငါးထွေကိစ္စ မလပ်ရအောင် ထာဝရအား သစ် ပြုမြဲဖြစ်သော အဓိဂမဝီရိယတော်သုံးပါး၏။ ဟာနိ၊ ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ အကျုမြူမျှရှိတော်မမူ။

၁၀။ သမာဓိဿ၊ အဋ္ဌဒိသာ ရှစ်မျက်နှာမှ လာလာ သရွေ့ မုန်တိုင်းဖွေ့လည်း မရွေ့မယိုင် မြင်းမိုရ်ခိုင်သို့

နက်သား ရှစ်ပါးလောကဓာတ် ဝန်းရံပတ်ဆို တွေ့ခိုက်ကြ လည်း တုန်မလှုပ်ဘဲ တည်တံ့သော ပကတိသမာဓိတော်, ဝသီငါးရပ် ကမ်းဆုံးခတ်လျက်ထူးမြတ်လွန်ကဲသောဣဒ္ဓိဝိဓ အဘိညာဏ်, ဒိဗ္ဗစက္ခုအဘိညာဏ်, ဒိဗ္ဗသောတအဘိ ညာဏ်,စေတောပရိယ အဘိညာဏ်,ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်, ယထာကမ္မူပဂအဘိညာဏ်, အနာဂတံသ အဘိညာဏ်မျိုး တန်ခိုးဣဒ္ဓိပါဒ်တော်တို့၌ အခြေဖြစ်သော အပ္ပနာသမာဓိတော်နှစ်ပါး၏။ ဟာနိ၊ ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ၊ အကျမြူမျှရှိတော်မမူ။

၁၁။ ပညာယ၊ စကြဝဠာပေါင်း သောင်းတိုက်အပြင် သုံးဘုံခွင်ဝယ် သင်္ခါရဓမ္မ ဟူသမျှကို တစမကြွင်း လင်းလင်း ထင်ထင် အကုန်မြင်လျက် နှေးစဉ်မစဲ ရှုမြဲအစဉ်ဖြစ်သော နှစ်ကုဋေ့ လေးသန်းမျှလောက်သော မဟာဝဇိရ ဉာဏ် တော်မြတ်၏။ ဟာနိ၊ ယုတ်လျော့ခြင်း မည်သည်။ နတ္ထိ၊ အကျမြူမျှရှိတော်မမူ။

၁၂။ ဝိမုတ္တိယာ၊ ကုဋေတသိန်း ပျက်ကိန်းတူစွာ စကြ ဝဠာဝယ် ဗြဟ္မာ,လူ,နတ် လေးရပ်ပါယ်ဘုံ အကုန်မကြွင်း ခပင်းရုံးပေါင်း လွှမ်းမွမ်းညှောင်းအောင် သွန်းလောင်း ဖြန့်ဖြူးတော် မူအပ်သော မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မဝိဟာရ စေတောဝိမုတ္တိ တရားလေးပါး၊ဗြဟ္မာ,လူ,နတ် ပရိသတ်အား တရားဟော စဉ် အနိုက်တွင်မျှ မလပ်ရအောင် နေ့,ညမစဲ ဝင်စားမြဲ အစဉ်ဖြစ်သော နှစ်ကုဋေ့ လေးသန်း မျှလောက်သော အရဟတ္တဖလ စတုတ္ထဈာန် အမွန်ရတနာ ချမ်းသာသုခ

ထူးမြတ်လှသော ဝိမုတ္တိတရား ဤငါးပါး၏။ ဟာနိ၊ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ၊ အာဏာမြူမျှရှိတော်မမူ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ၊ ဤ ၁၂-ပါးသော အသာဓာရဏ ဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ၊ လောကလွှဲ့ကိုး ပြည့်စုံလှသော။ ဘဂဝတော၊ ခြောက်ပါးရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား—

၁၃။ ဒဝါ၊ သတိသမ္ပဇဉ် မယှဉ်မဘက် အပျက်အချော်သရော်ဖျင်းပေါ့ အသော့အသွမ်း ရွှင်လန်းမြူးရယ် ကြည်ဆယ်သမှု ပြုအပ်,ဆိုအပ် ကြံစည်အပ်သော ကိုယ်အမူအရာ,နှုတ်အမူအရာ,စိတ်အမူအရာတော် များသည်။နတ္ထိ၊ အာဏာမြူမျှရှိတော်မမူ။

၁၄။ ရဝါ၊ သတိသမ္ပဇဉ် မတင်မဆေး အရေးတကြီး ကမြီးကပြီး ကရိုးကရင်း မစဉ်းမစား ပြုမိငြားရှ် ယွင်းမှားလျော့မေ့ မစေ့မစပ် လစ်လပ်ဟာဟင်း ကျန်ကြွင်းရှိသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေတတ်သော ကိုယ်အမူအရာ,နှုတ်အမူအရာ, စိတ်အမူအရာတော်များသည်။ နတ္ထိ၊ အာဏာမြူမျှရှိတော်မမူ။

၁၅။ အပ္ဖုဋံ၊ စဉ်းစဉ်းစားစား ပြုပါငြားလည်း ဉာဏ်အားသေး၍ အရေးအခွင့် မြင်သင့်သမျှ တကွလုံးစုံ ကုန်အောင်မပြန့် မနှံ့မစပ် လစ်လပ်ဟာဟင်းကျန်ကြွင်းရှိသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေတတ်သော ကိုယ်အမူအရာ,နှုတ်အမူအရာ, စိတ်အမူအရာတော်များသည်။ နတ္ထိ၊ အာဏာမြူမျှရှိတော်မမူ။

၁၆။ ဝေဂါယိတတ္တံ၊ စိတ်မာန်အလျှောက် ကြောက်လန့်တကြား ကစားရှင်မြူး အလွန်ကြူး၍ ကိုယ်ကျူးနှုတ်ကျူး လွန်လွန်ကဲကဲ လွဲလွဲချော်ချော် မတော်မှားယွင်းသည်-ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုပြစ်တင်ရန်ကို ဖြစ်စေတတ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတော်များ သည်။ နတ္ထိ၊ အလျှုံမျှရှိတော်မမူ။

၁၇။ အဗျာဝဋမနော၊ ကိုယ်တော်မြတ်၏ အတ္တဟိတ ကြီးလှစီးပွါး, တသောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တ ဝါတို့၏ ချမ်းသာစီးပွါး နှစ်ပါးအကျိုး ဖြိုးဖြိုးမယုတ် အားထုတ်ကျင့်ဆောင်တော်မူမည် ရွယ်ရည်ရှေးရှု အား ထုတ်ချီးပင့်ကာတည်နေသော မဟာဥဿာဟ ဗျာပါရအ မူအရာတော်မှ ရံခါကင်း၍ဖြစ်သော ဇောစိတ္တုပ္ပါဒ်မည် သည်။ နတ္ထိ၊ အလျှုံမျှရှိတော်မမူ။

၁၈။ အပ္ပဋိသင်္ခါနုပေက္ခာ၊ စက္ခု, သောတ ဃာန, ဇိဝှါ ကာယာ,မန ခြောက်ဒွါရတွင် ထင်ထင်သမျှ ရူပ, သဒ္ဒ ဂန္ဓ,ရသာ ဖောဋ္ဌဗ္ဗာနှင့် ဓမ္မာဟူသည် ခြောက်မည် အာရုံ အလုံးစုံကို မစုံမစမ်း ကြောင်းလမ်းပြုက်ပြုက် သက်သက်မသိ သတိမမူ လျစ်လျူရှုခြင်းမည်သည်။ နတ္ထိ၊ အလျှုံမျှရှိတော်မမူ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤ ၁၈-ပါးသော အသာဓာရဏဓမ္မပြန့်ဖြူး ဂုဏ်ကျေးဇူးတော်တို့နှင့်။သမန္နာ ဂတဿ၊ လောကလွေ့ကုံ ပြည့်စုံလှသော။ ဘဂဝတော၊ ဣဿရိယ,ဓမ္မ,ယသ,သိရီ,ကာမ,ပယတ္တ- တည်းဟူသော

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်ဘို့နှင့် ပြည့်စုံတော်မူထသော။ ဗုဒ္ဓဿ၊ သကျမုနိ အမည်တော်ရှိသော ငါတို့မြတ်စွာဘုရားအားဧင်း။ သဗ္ဗညုနော၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနဉ္စ၊ ဝိပဿီ,သိခီ,ဝေဿဘူ,ကကုသန်,ကောဏာဂုံ,ကဿပ,ဂေါတမ- အမည်တော်ရှိကုန်သော မြတ်စွာဘုရားတို့အားဧင်း။နမော၊ စိတ်ညွတ်ရိုကျိုး ရှိခိုးပါ၏အရှင်ဘုရား။

သသဒ္ဓမ္မဂဏုတ္တမော၊ သဒ္ဓမ္မသုံးပါး, မြတ်သောအရိယာ ဂိုဏ်းရှစ်ပါးတို့နှင့်လည်း တကွ ဖြစ်တော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာဥေ ယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမှန်ထိုးထွင်း အလင်းသိမြင်တော်မူပေသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်။ သပရိဝါရံ၊ ခြွေရံသင်းပင်းနှင့်တကွသော။ သဉာတိဂဏံ၊ ဆွေမျိုးအပေါင်းနှင့်တကွသော။ မံ၊တပည့်တော်ကို။ စိရံ၊ကြာမြင့်စွာ။ သဒါ၊အခါခပ်သိမ်း။ ရက္ခတု၊စောင့်ရှောက်တော်မူပါစေသတည်း။ မယှမေဝ၊ တပည့်တော်အားသာလျှင်။ သဒါ၊ အခါခပ်သိမ်း။ စိရံ၊ကြာမြင့်စွာ။သဗ္ဗကာမဒဒေါ၊ ခပ်သိမ်းလိုအင် စုံလင်စေမှု အောင်ဆုပေးတော်မူသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

[ဤအတီတဉာဏာဒိအဋ္ဌာရသကကား-ဝိဘင်းအဋ္ဌကထာကျမ်းဦးပဏ္ဏာမဌ်ရင်း၊ စရိသာပိဋကအဋ္ဌကထာဌ်ရင်း၊ အဋ္ဌာရသဗုဒ္ဓဓမ္မဟု သချ်ာလာသည်ကို အဖွင့်ဋီကာတို့၌ သချ်ေယျနှင့်တကွ သံဝဏ္ဏနာမူလေသည်။]

## ယောက်ျားကလေးများ ဆုတောင်း

ဗုဒ္ဓမိနာပုညေနု၊ ယခုအကျွန်ုပ် ရတနာ ၃-ပါးအားရှိခိုးရသော ဤကောင်းမှု၊ ဤကုသိုလ်ကြောင့်။ ဒိဋ္ဌဓမ္မေ၊ ယခုဘဝပစ္စက္ခ၌။ ဒီဃာယုကော၊ အသက်ရှည်ခြင်းနှင့်ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အရောဂေါ၊ အနာခပ်သိမ်းတို့မှ ကင်းလွတ်ရသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အဝေရော၊ ရန်သူခပ်သိမ်းတို့မှ ကင်းလွတ်ရသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

အနဝဇ္ဇေသု၊ အပြစ်မရှိကုန်သော။ ဌာနေသု၊ လောက,ဓမ္မနှစ်ဌာနတို့၌။ စိန္တာသိဒ္ဓေါ၊ ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်းမြောက် အဆုံးရောက်အောင် ထမြောက် ပြီးစီးနိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သမ္ဘရာယေ၊ နောက်တမလွန်ဘဝ၌။ ဥစ္စကုလေသု၊ မြင့်မြတ်သော လူမျိုး, မြင့်မြတ်သော နတ်မျိုးတို့၌။ တိဟေတုကော၊ တိဟိတ်ပဋိသန္ဓေ ဆက်တိုင်းနေ၍ ပညိန္ဒြေ အခြေကြီးမား ပညာအားနှင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

မဟဒ္ဓနော၊ ကြီးမြတ်သော ဥစ္စာဓနဂုဏ်နှင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

မဟိဒ္ဓိကော၊ ကြီးမြတ်သော တန်ခိုးတေဇာ အရှိန်အဝါနှင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သဒ္ဓါသမ္ပန္နော၊ ထက်သန်သောသဒ္ဓါတရားဖြင့် ပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

သုက္ကမဗ္ဗော၊ မကောင်းမှုဒုစ္စရိုက်တို့မှ ရှက်တတ်ခြင်း, ကြောက်တတ်ခြင်း ဟူသော ဖြူစင်သော တရား ၂-ပါးနှင့် အခါခပ်သိမ်းပြည့်စုံသည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဗဟုသုတော၊ အတတ်ပညာ ဝိဇ္ဇာသိပ္ပ ဟူသမျှတို့၌ ကြားကာ,မြင်ကာ ကြံစည်ကာနှင့် လိမ်မာတတ်မြောက် ပေါက်ရောက် နိုင်ငြား အလွန်များသော ဗဟုသုတဂုဏ် နှင့် ပြည့်စုံသည်။ဘဝါမိ၊ဖြစ်ရပါလို၏။

ဒါနာဘိရတော၊ပေးကမ်းလှူဒါန်းမှု၌ အလွန်မွေ့လျော် နိုင်သည်။ ဘဝါမိ၊ဖြစ်ရပါလို၏။

သီလာဘိရတော၊ သီတင်းသီလ ကျင့်သုံးမှု၌ အလွန် မွေ့လျော်နိုင်သည်။ ဘဝါမိ၊ ဖြစ်ရပါလို၏။

ဘာဝနာဘိရတော၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများမှု၌ အလွန်မွေ့လျော်နိုင်သည်။ ဘဝါမိ၊ဖြစ်ရပါလို၏။

အန္တိမဘဝေ၊ အဆုံးဘဝ၌၊ ဂုဏဂဏပရိဝါရံ၊ ပဋိသမ္ဘိဒါ အဘိညာ,ဈာန် ဂုဏ်ပေါင်းရံအပ်သော၊ အရဟတ္တံ၊ အရဟတ္တမဂ်ဉာဏ်, အရဟတ္တဖိုလ်ဉာဏ်ကို။ လဘာမိ၊ ရ-ရပါလို၏။

---

## မိန်းကလေးများဆုတောင်း

၁။ သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊ ရတနာကို၊ သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍၊ ရှိခိုးပါရ၊ ဤပုည ကြောင့်၊ ဒိဋ္ဌမျက်မြင်၊ ဘဝတွင်လည်း၊ ကင်းစင်အန္တရာယ်၊ ကောင်းကျိုးကြွယ်လျက်၊ ဆယ်ဖြာအညီ၊ ပါရမီနှင့်၊ ဆယ်

လီပုည၊မြတ်ဓမ္မလည်း၊နိစ္စရှင်ဖြိုး၊နေ့စဉ်တိုးသည်....၊သက်
ငိုဝိုးကျွန်းမ-ရှည်စေသော်။

၂။ ဘဝတဘန်၊ ဖြစ်တုံပြန်လည်း၊ လေးတန်အပါယ်၊
ရှစ်သွယ်ရပ်ပြစ်၊ ကင်းတုံလစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသ
နာလျှင်၊ ရောင်ဝါထွန်းဝင်း၊ လင်းရာတမူ၊ လူကောင်း, နတ်
ကောင်း၊ ဘဝကောင်း၌၊ ညွှတ်ညောင်းသန္ဓေ၊ တိဟိတ်နေ၍၊
ဆွေလယ်မျိုးလယ်၊ တန်ခိုးကြွယ်သည်....၊လနှယ်ကျွန်မ-
ထွန်းစေသော်။

၃။ အသိအလိမ်မာ၊ ဉာဏ်ပညာနှင့်၊ သဒ္ဓါ,သီလ၊
သုတပြည့်ဖြိုး၊ ဂုဏ်တန်ခိုးလည်း၊ အမျိုးလေးဘော်၊
သတင်းကျော်လျက်၊သူတော်တို့ထုံး၊ ကျင့်သုံးတရား၊ အမှား
မလိုက်၊ စရိုက်စင်ဖြူ၊ အလှူရေစက်၊ လက်နှင့်မကွာ၊ ရှစ်
ဖြာဥပုသ်၊ မယုတ်ကြိုးစား၊ လေးပါးဗြဟ္မစိုရ်၊ ရွှန်းရွှန်းစို
သည်....၊ကုသိုလ်ကိုယ်လုံး ထုံစေသော်။

၄။ ပတ္တမြားပလ္လင်၊ ကံ့ကော်ပင်ဝယ်၊ ငါးအင်မာရ်
စစ်၊ အောင်ပွဲလှစ်၍၊ ခေတ်ဇာတိလုံး၊ သိမ့်သိမ့်ချုန်းလျှင်၊
ရွှေဘုန်းစိုက်ထူ၊ ပွင့်တော်မူသား၊ သုံးလူသခင်၊ မိတေး
ရှင်ကို၊ မျက်မြင်ဖူး၍၊ အထူးကြည်ညို၊ ဘုန်းရိပ်ခိုသည်....၊
မဂ်,ဖိုလ်ကျွန်မ ရောက်လိုသော်။

၅။ သုံးလူထွတ်ထား၊ မြတ်တရားနှင့်၊ ရှစ်ပါးသံဃာ၊
အရိယာအား၊ ရတနာမိုဃ်း၊ ရွာသွန်ဖြိုးသို့၊ ကိုးပါး
ခြောက်စုံ၊ ကိုးရပ်ဂုဏ်ကို၊ အကုန်ချီးကျူး၊ နှုတ်လျှာမြူး၍၊
ကြည်နူးဆွဆွ၊ ရှိခိုးရသား၊ ကျွန်မကုသိုလ်၊ အဘိုကိုလျှင်၊

မွေးမိခင်နှင့်၊ ဘခင်,ဆရာ၊ ဉာတကာက၊ သတ္တဝါအများ၊ နတ်အများအား၊ ရပြားပါစေ၊ကျွန်မဝေသည်····၊ကောင်း ထွေသာရခေါ်စေသော်။

[ဤတွင်ရွှေ့ကား- "မကောင်းမြစ်ထာ၊ ကောင်းရာသွင်းထား"ဟူသောစကား၌ ဗုဒ္ဓဘာသာလူမျိုး မှန်ခဲ့လျှင် ငယ်ရွယ်စဉ်ကပင် ကြေကြေမွမွ ရထိုက်,သိထိုက်လှသော ရတနာသုံးပါး ဂုဏ်တော်ဘွင့် ပြဆိုခဲ့ပြီး၏။]

**လယ်တီဂုဏ်တော်ဘွင့်ပြီး၏။**

# ရွှေဟင်္သာတောဘုရဂုဏ်တော်ဘွင့်

## ဘုရားဂုဏ်တော် ၉-ပါး

ဣတိပိ သော ဘဂဝါ–

၁။ အရဟံ၊

၂။ သမ္မာသမ္ဗုဒ္ဓေါ၊

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊

၄။ သုဂတော၊

၅။ လောကဝိဒူ၊

၆။ အနုတ္တရော ပုရိသဒမ္မသာရထိ၊

၆။ သတ္ထာဒေဝမနုဿာနံ၊

၈။ ဗုဒ္ဓေါ၊

၉။ ဘဂဝါ။

## ဘုရားဂုဏ်တော်၉-ပါးလင်္ကာ

၁။ တို့ဘုရားမှု၊ နတ်လူတို့က၊ ပူဇော်ရ၏။

၂။ ဓမ္မဥဿုံ၊ အလုံးစုံကို၊ ကိုယ်တိုင်မှန်စွာ၊ သိတတ်ပါ၏၊-

၃။ ဝိဇ္ဇာစရဏ၊ ပြည့်စုံလှပြား၊-

၄။ စကားကောင်းကို၊ ကိုယ်တော်ဆို၏၊-

၅။ ထိုထိုလောက၊ သိတတ်လှ၏၊-

၆။ ဆုံးမထိုက်သူ၊ အတုကင်းလတ်၊ ဆုံးမတတ်၏၊-

၇။ နတ်လူဆရာ၊-

၈။ သစ္စာသိမြင်၊-

၉။ ဘုန်းအရှင်သည်…. ၊ကိုးအင် ဘုရားဂုဏ်တော်တည်း။

## တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော၊
၂။ သန္ဒိဋ္ဌိကော၊
၃။ အကာလိကော၊
၄။ ဧဟိပဿိကော၊
၅။ ဩပနေယျိကော၊
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## တရားဂုဏ်တော် ၆-ပါးလင်္ကာ

၁။ တို့တရားကို၊ ကိုယ်တော်ကျန၊ စ, လယ်, အဆုံး၊
အားလုံးကောင်းစွာ၊ ဟောအပ်ပါ၍၊-
၂။ တဖြာပိုင်ပိုင်၊ကိုယ်တိုင် ကိုယ်ကြုံ၊ ရှုအပ်လှစွာ၊-
၃။ အခါမလင့်၊ ဖြစ်သင့်အကျိုး၊ ပွားတိုးစေတတ်၊-
၄။ လက်ယပ်ခေါ်ခါ၊ လာရှုပါဟု၊ မှန်စွာဆိုထိုက်၊-
၅။ ကိုယ့်ကိုယ်၌လျှင်၊ ဆောင်ထိုက်ကေန်၊ နိဗ္ဗာန်
ဆောင်တတ်၊-
၆။ တရပ်တိတိ၊ ပညာရှိတို့၊ မိမိကိုယ်မှာ၊ သိအပ်စွာ
သည်….၊ခြောက်ဖြာတရား ဂုဏ်တော်တည်း။

---

## သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊

၄။ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ သေ ဘဂဝတော သာဝကသံဃော–

၅။ အာဟုနေယျော၊

၆။ ပါဟုနေယျော၊

၇။ ဒက္ခိဏေယျော၊

၈။ အဉ္ဇလိကရဏီယော၊

၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သံဃာ့ဂုဏ်တော် ၉-ပါးလင်္ကာ

၁။ တို့သံဃာကား၊ ကောင်းစွာကျင့်တတ်၊-

၂။ ဖြောင့်ကျင့်တတ်စွ၊

၃။ နိဗ္ဗာနသို့၊ ရောက်ဘို့ကျင့်ပေ၊-

၄။ ရှိသေလှစွာ၊ ကျင့်တတ်ပါ၏၊-

၅။ ဝေးစွာရပ်မှ၊ ဆောင်ထအလှူ၊ ခံမှုထိုက်ဘိ၊-

၆။ ဧည့်သည်လို့ငှါ၊ လှူဘွယ်ရာကို၊ ခံငှါထိုက်စွ၊-

၇။ ဘဝနောင်ဘို့၊ အလှူတို့ကို၊ ထို့တူခံထိုက်၊-

၈။ နှစ်ခြိုက်မြတ်နိုး၊ လက်အုပ်မိုးရန်၊ ထိုက်တန်စွာတောင်း၊-

၉။ ကောင်းမှုမျိုးမျိုး၊ စိုက်ပျိုးဘို့ရာ၊ လယ်ယာ မြတ်သွင်၊ ဤကိုးအင်ကား····၊မှတ်စဉ် သံဃာ့ ဂုဏ်တော်တည်း။

**ရွှေဟသ်ာတောရ ဂုဏ်တော်ဘွင့်ပြီး၏။**

# ညောင်လေးပင်ဂုဏ်တော်ဘွင့်

## ဘုရား ဂုဏ်တော် ၉-ပါး

၁။ အရဟံ၊ ကိလေသာ ရန်သူကို သတ်တော် မူတတ်သော မြတ်စွာဘုရားပါတကား။

၂။ သမ္မာ သမ္ဗုဒ္ဓေါ၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန်ကိုယ်တော်တိုင် သိတော်မူပြီးသော မြတ်စွာဘုရားပါတကား။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားပါတကား။

၄။ သုဂတော၊ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၅။ လောကဝိဒူ၊ လောကသုံးပါးကို သိတော်မူတတ်သော မြတ်စွာဘုရားပါတကား။

၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ အတုမရှိ မြတ်တော် မူသည်ဖြစ်၍ မယဉ်ကျေး သေးသော လူယောကျ်ား,နတ်ယောကျ်ား,တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော် မူတတ်သော မြတ်စွာဘုရားပါတကား။

၇။ သတ္ထာ+ဒေဝမနုဿာနံ၊နတ်,လူတို့၏+ဆရာဖြစ်တော်မူသော မြတ်စွာဘုရားပါတကား။

၈။ ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော် မူတတ်သော မြတ်စွာဘုရား ပါတကား။

၉။ ဘဂဝါ၊ ဘုန်းတော်အလွန်ကြီးတော်မူသော မြတ်စွာဘုရား ပါတကား။

ဤသို့ ကိုးပါးအစ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဘုရားတပည့်တော် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

---

## တရားဂုဏ်တော် ၆-ပါး

၁။ သွာက္ခာတော၊ မြတ်စွာ ဘုရားသည် ကောင်းစွာ ဟောကြားအပ်သော ပရိယတ်, မဂ်,ဖိုလ်,နိဗ္ဗာန် တရား ဆယ်ပါးပါတကား။

၂။ သန္ဒိဋ္ဌိကော၊ အရိယာ ပုဂ္ဂိုလ်တို့သည် ကိုယ်တိုင် ရှုမြင်အပ်ပြီးသော မဂ်,ဖိုလ်,နိဗ္ဗာန်တရား ကိုးပါး ပါတကား။

၃။ အကာလိကော၊ အခါမလင့် အခြားမဲ့၌ ဖိုလ် အကျိုးကို ဖြစ်စေတတ်သော မဂ်တရား လေးပါး ပါတကား။

၄။ ဧဟိပဿိကော၊ လာလှည့်,ရှုလှည့်ဟု တိုက်တွန်း အပ်သော အစီအရင်ကိုခံထိုက်သော မဂ်, ဖိုလ်, နိဗ္ဗာန်တရား ကိုးပါးပါတကား။

၅။ ဩပနေယျိကော၊ ကပ်၍ ဆောင်ယူခြင်းငှါ ထိုက်သော မဂ်,ဖိုလ်,နိဗ္ဗာန်တရား ကိုးပါးပါတကား။

၆။ ပစ္စတ္တံ+ဝေဒိတဗ္ဗော+ဝိညူဟိ၊ ဥဃ္ဃဋိတညူ စသော အရိယာပုဂ္ဂိုလ်တို့သည်+မိမိ,မိမိစိတ်၌+ သိအပ် ခံစားအပ်သော မဂ်,ဖိုလ်, နိဗ္ဗာန်တရား ကိုးပါးပါတကား။

ဤသို့ ခြောက်ပါးအစ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော တရား ဆယ်ပါးကို ဘုရား တပည့်တော် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

---

## သံဃာ့ဂုဏ်တော် ၉-ပါး

၁၊ သုပ္ပဋိပန္နော၊ ကောင်းသောအကျင့်ကို ကျင့်ဆဲ, ကျင့်ပြီးဖြစ်သော အရိယာသံဃာ ရှစ်ပါးအပေါင်း ပါတကား။

၂။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်သော အကျင့်ကိုကျင့်ဆဲ, ကျင့်ပြီးဖြစ်သော အရိယာသံဃာ ရှစ်ပါးအပေါင်း ပါတကား။

၃။ ဉာယပ္ပဋိပန္နော၊နိဗ္ဗာန်အကျိုးငှါ ကျင့်ဆဲ,ကျင့်ပြီး ဖြစ်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါ တကား။

၄။ သာမိစိပ္ပဋိပန္နော၊ ရှိသေသမှု ပြုထိုက်အောင် ကျင့်ဆဲ,ကျင့်ပြီးဖြစ်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။

၅။ အာဟုနေယျော၊ အဝေးမှဆောင်၍ လှူအပ်သော ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော အရိယာ သံဃာ ရှစ်ပါးအပေါင်းပါတကား။

၆။ ပါဟုနေယျော၊ ဩဇ္ဇသည်ကောင်းတို့ အလို့ငှါ အထူးစီရင်အပ်သော အာဂန္တုကဒါနကို ခံတော်မူထိုက်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

၇။ ဒက္ခိဏေယျော၊ မြတ်သောအလှူအားလျော်သော အရိယာသံဃာ ရှစ်ပါးအပေါင်းပါတကား။

၈။ အဉ္ဇလိကရဏီယော၊ လက်အုပ်ချီခြင်းကို ခံသိုက်သော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။

၉။ အနုတ္တရံ+ ပုညက္ခေတ္တံ+ လောကဿ၊ လူအပေါင်း၏+ကောင်းမှုမျိုးစေ့၏ ပေါက်ရောက်ကြီးပွါးရာ+ အတုမရှိ လယ်တာမြေကောင်းသဘွယ် ဖြစ်တော်မူသော အရိယာသံဃာ ရှစ်ပါး အပေါင်းပါတကား။

ဤသို့ ကြောင်းလေး+ကျိုးငါး+ကိုးပါးအစ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော အရိယာသံဃာ ရှစ်ပါး အပေါင်းကို ဘုရားတပည့်တော် ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ညောင်လေးပင်ဂုဏ်တော်ဘွင့် ပြီး၏။

# ဂုဏ်တော်ဘွင့် ပေါင်းချုပ်
# ဤတွင်ပြီးပြီ။